ပုဏ္ဏမသိရှိမထေရ်ရှင်ရင်ချယ်ယားနဲ့သော
ကပ္ပါလင်္ကာမှဖြည့်သော—စ,မ,ကျမ်းကြီး၏
အဖွင့်ဖြစ်သော

ကပ္ပါလင်္ကာရဝဏ္ဏနာ ။

၏

စ-မ-အဖွင့်ကျမ်းကြီး ။

နှင့်

ခေတ်လေးပါးစမ်းအင်းတို့
ထွက်ပုံကျမ်း ။
ပဌမတွဲ ။

ပြုစုရေးသားသူ—ဂိုဏ်းရပ်-ဦးဘချို ။

၅ ။

[illegible]စာပုံနှိပ်တိုက် ။

ဥက္ကံသီရိမထေရ်စီရင်၍ထားခဲ့သော
ကပ္ပါလက်ာရမည်သော-စ,မ,ကျမ်းကြီး၏
အဖွင့်ဖြစ်သော

ကပ္ပါလက်ာရဝဏ္ဏနာကျမ်း

နှင့်

ဝိဇ္ဇာမယိဒ္ဓိနှင့်အဋ္ဌရသ

ဓါတ်ဆေးပါး-စ,မ, အင်းတို့
တွက်ပုံကျမ်း၊
ပဌမတွဲ၊

စီရင်ရေးသားသူ-ဒိုးဒုတ်ဦးဘချို၊

ကပ္ပိလက်ာရေဂုဏ်တော်ကျော်နှာ။

ဖော်

စ-ဖ-အဖွင့်ကျမ်းကြီး။

နမောတဿ။ ဘဂဝတော။ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ။အာသိသနှင့်ပဋိညာဉ်။
က-ပ္ပဝိန္န ဒိပုဏ္ဏမဓိ၊
ပွါ-ယတ္တံ ဒုဒ္ဒသံ ဝရံ။
လံ-ကာရဏ္ဍ ပဒံ ဇာနိ။
ကာ-ရ ဘိ ဝိဇယုဿဝေါ။
ရ-မေတု သောာ မနသိ-မေ၊
ဝ-ဏ္ဏာယိဿာမိ ပုဗ္ဗဝ
ဏ္ဏာ-နာသု နယမောလမ္ဗ၊
နာ-တိသံခေပ ဝဏ္ဏနံ။ ။

(အာဒိသင်္ကေတ၊ အာသိသပုဗ္ဗက။ ဂန္ထာရမ္ဘဂါထာ။)

ကံ့ပ္ပဝိန္န။သံ,ပိ,အံစ။ဝန္နလေးလီ။ဗြာယီစဉ်ရေး။ လေး
အသင်္ချေ၊မိး,ရေ,လေ,ဓါတ်၊ အာဘာဿရာ။ ဗြဟ္မာသုဘ
ကိဏ်။ ဆုံးချိန်ဦးကြွ။ ဝေဟပ္ပိုလ်ဟု။ ပျက်လိုသုံးပါး။
ပိုင်းခြားသုံးတန်။ဘုမ္မတ္ထရ။ ထိုပြီးမှကား။ တည်ထတိုက်

ဌာန်း။ ပေါ် မြိုင်ထွန်းသား။ ကျွန်းကြီးကျွန်းငယ်။ သွယ်
သွယ်ရံပတ်။တောင်မြတ်ဗဟိုရ်။မြင်းမိုရ်ရနစ်ရစ်။ မြစ်နှင့်
တောင်ထပ်။ချပ်ကာချပ်ကာ။ သီဒါရစ်ခွေ။ သမုဒ်ရေနှင့်။
ပတ်လေစကြာ။ဝဋ္ဋာတောင်ရံ။ ထက်ဝန်းခြံ၍။ ကြယ်ပျံ
ကြိုပ်စဉ်။ ဘုံယာဉ်ညီးညီး။ ခရီးဝိထိ။ ဒက္ခိဏာရွတ္တရော။
ဗိလာကန့်လန့်။ ၂တောင်မြန့်မြောက်လည်၊စက်ဝန်းတည်
လျက်။လှည့်လည်ယဉ်သွား။ ပတ္တမြားဂူလိုဏ်။ အိုင်ကြီး
သတ္တ၊ကပ္ပရုက္ခာ။ပေါဝန္တံ့ာနှင့်။ လူရွာနတ်ရွာ။ ဗြဟ္မာ
နှစ်ဆယ်။အပါယ်လေးရပ်။ထပ်ထင်စပ်လျက်။ ပတ်ရှက်
ဝန်းလျား။ တိုက်အများကို။ ပိုင်းခြားဝေဘန်။ ဇကန်သိ
တော်မူပြီးထသော။ ဝါ-ကပ္ပါတည်ခမ်း။ အင်္ဂလမ်းကို။
ခွဲခြမ်းကြည်ကြူသိတော်မူထသော။ ကာရဏ်၊ လူ-နတ်-
ဗြဟ္မာ၊သတ္တဝါအား။ ရင်ဝယ်သားကဲ့သို့။ သနားတော်မူ
ထသော။ယောဝိဇယုသသဝေါ။ဒေဝပုတ္တ။ ကိလေသနှင့်။
ခန္ဓသင် ါ။မဋ္ဌုဖြာသား။ ဝိဇ္ဇာဟန့်တား။ မာရ်ငါးပါးကို။
ထွားထွားကြေညက်။ ဉာဏ်သံလျက်ဖြင့်။ ချေဖျက်
အောင်မှု။ အောင်ဟိတ် ရကြောင့်၊ အောင်သူ့ဘုရင်။
အောင်ပွဲ ယင်ပြီးတော်မူသော အကြင် မြတ်စွာ ဘုရား
သည်၊ နိပုဏ မဓိပ္ပါယတ္ထံ (နိပုဏ်-အဓိပ္ပါယ-အတ္ထံ)
နိပုဏ်၊နက်နဲသိမ်မွေ့။ဉာဏ်နှင့်တွေ့နိုင်ခဲသော အဓိပ္ပါယ
အတ္ထံ၊ဓိပ္ပါယ်မပျက်။ အနက်ရှိသော။ ဒုဗ္ဗိသံ့။ ဉာဏ်ရှာ
မစွံ၊ မြင်နိုင်ခဲသော၊ ဝရ၊လူနတ်မဟူ။ ခ်သိမ်းသူတို့။
ကြည်ပုံနှင့်ရ်။ အလိုရှိအပ်။ တောင့်တအပ်သော။ အလုံ
ကာရဏ္ဍပဒ်၊ နည်းမျိုးများစွာ။ တန်ဆာ ဆင်အပ်သော

အကျိုးအကြောင်းကို။ဇာနီ၊အကြွင်းမရှိ။ကုန်စင်သိတော်
မူပြီ။သောပိဇယသသဝေါ။ထိုငါးမာရ်အောင်မြင်။ ဘုရား
ရှင်သည်၊ မေ၊အကျွန်ုပ်၏။ မနသိ။ စိတ်အစဉ်ဟူသော
ပိဉာဏဓါတ်၌။ရမေတု။ အာရုံပြု၍ မွေ့လျော်တော်မူစေ
သတည်း။ ။အဟံ၊ခဏ္ဍာနာမ်ရုပ်။ အကျွန်ုပ်သည်။ ဝါ၊
ဒွိဒုတ်နာမ်။ဘွဲ့ရည်ခံသား။ နိုင်ငံလင်းဖြာ။သတင်းစာ၏
ဆရာတိုက်ရှင် မည်တွင် ခေါ်ဆို။ မောင်ဘချိုသည်။
ပုဗ္ဗဝဏ္ဏနာသူ။ကာပိဟူသာ။ရှေးဆရာတို့။ပညာတင့်လျှမ်း
အဖွင့်ကျမ်းတို့၌။အာဂတံ(ထည့်)လာသော။ နယ်၊ပညာရှိ
များ။ပေါင်းထားစုစည်း။ ဖွင့်ပုံနည်းကို။ ဩလမ္ဗ၊ ပညာ
တကဲ။ လက်ကိုင်စွဲ၍။ ကပ္ပါလင်္ကာရသ (ထည့်) ရှေး
အခါက။လွန်စွာကျော်ကြား။ဉာဏ်သွားပူးရှ။ ဥဒ္ဒမသိရိ။
မည်ရှိထင်စွာ။ ထေရ်မဟာသည်။ ဖွက်ကာရေးလတ်။
ကပ္ပါလင်္ကာရ၊ ကျမ်းမြတ်၏။ နာတိသံခေပ ဝဏ္ဏနံ။
မကျဉ်းမကျယ်။မှတ်သားလွယ်အောင်။ အလယ်အလတ်၊
ကောင်းမြတ်ပြည့်လျှမ်း။အဖွင့်ကျမ်းကို။ ဝဏ္ဏယိဿာမိ။
ယထာသတ္တိ။ဉာဏ်စွမ်းရှိသလောက်။နှုတ်ကောက်စီစစ်။
ခက်ဆစ်ပေါ်ထား။ရေးသားဖွင့်ပြပေတော့အံ့။ ။

၂။ ။ကပ္ပါလင်္ကာရကျမ်းပေါ်ထွက်ခြင်း၏ အကြောင်း။

ဂုဝံ့ဘော့။ ရုဘော့။ သိကြားနဂါး၊ ဂဠုန်။စန္ဒီ၊ ပရမေ
သူရဲ့တည်းဟူသော သူတော်ခုနစ်ပါးဘည့်ထောင် ဖန်

ဆင်းသည့်သရေခေတ္တရာမြို့ကြီးကို။လက်ပွန်မထွ။ ပထမ စိုးချုပ်။ မင်းလုပ်တော်မူသော ဒွတ္တဘောင်မင်းမှ ၂၅ ဆက်မြောက် ဖြစ်သော သုမုဒ္ဒရာ နဂရဆိန္နဲ့ မင်းသည်။ သာသနာသက္ကရာဇ် ၆၂၇-ခုနှစ်။ အတိုသက္ကရာဇ် ၅-ခု တွင်၊နန်းတက်တော်မူ၏။ ။ထိုမင်း၏ ရာဇာသိင်္ခမည် သောအမတ်သည်။ သရေခေတ္တရာမြို့ကြီး၏ အရှေ့မျက်နှာ။ နှစ်ယူဇနာ ကွာဝေးသော အရပ်၌ရှိသော ဆင်ဦး ခေါင်းနှင့်တူသော တောင်တခု၏ နံဘေး။ နှလုံးမွေ့လျော် ပျော်ဘွယ်ကောင်းသော တောအရပ်၌။ ကျောင်းသင်္ခမ်း တဆောင် ဆောက်လုပ်ပြီးလျှင်။ သာသနာ သက္ကရာဇ် ၆၂၉-ခု။အတိုသက္ကရာဇ် ၇-ခုတွင်။ ဥက္ကမသိရိအမည် ရှိသော မထေရ်တပါးကို တင်ထားကိုးကွယ်လေသည်။ ထိုမထေရ်၏ ကျောင်းသင်္ခမ်း အနီး၌။ ဒိဗ္ဗစက္ခုရသေ့ဂူ မှာ၍၊ ရှေးလူအစဉ် အဆက်တို့ ပြောစမှတ်ပြုသော ဂူ ဟောင်းကြီး တလုံးသည်၊ ရှိလေ၏။ တနေ့သောအခါ၌၊ ထိုရသေ့ဂူကြီးသည်။ ဟောင်းနွမ်းသည်၏အဖြစ်ကြောင့် ပြိုလေ၏။မထေရ်လည်း၊ရသေ့ဂူပြိုသည်ကို သွားရောက် ကြည့်ရှုရာ။ ကျောက်သေတ္တာအတွင်းမှ၊ ကြေးပုရပိုက် တဆူကိုရလေ၏။ ထိုပုရက်ကို ကျောင်းသို့ယူဆောင်၍ ချဉ်ရေတို့ဖြင့် ပွတ်ဆေး ကြည့်ရှုလေရာ။ အံ့ဘွယ်သရဲ ထူးကဲသောစာဖို စာမ,နေလ,အက္ခရာတို့ကိုတွေ့မြင်လေ ရကား၊ ထိုအက္ခရာတို့ကို ကြေးပုရပိုက်မှ ထုတ်နှုတ်၍၊ ပေ ပုရပိုက်သို့တင်လေ၏။ ဤသို့ သင်္ခပုရပိုက်၌ရေးကူး ယူထားသော ကျမ်း။ တကွနက် မပြုးမှိုပင်လျှင်၊ မြင်းစွဲ

သောလေကြီးသည်၊ လာ၏။ ကောင်းကင် အလုံးလည်း ထစ်ချုန်းမြည်ဟီးလျက်။ ညှိသော တိမ်တိုက်တို့ဖြင့် ဖုံးအုပ်ပြီးလျှင်။ ညဉ့်ကဲ့သို့သော အမိုက်တိုက် ဆိုဆီး၍ မှောင်ကြီးကြလေ၏။ ထိုခဏ၌ပင်လျှင်၊ ထိုကြေးပုရပိုက်သည်ကွယ်လေ၏။ (ပိဋကာမိုရ်နတ်များ လုယူ၍သွားသော-လည်းဟူ၏။)မပျောက်မကွယ်ဘဲ။ ကျန်ရှိသော ကြေးပုရပိုက်မှ သန်ပုရပိုက်သို့တင်ပြီးသော အချို့သော အက္ခရာဆစဉ်ကို သာသနာ ၅၀၀၀ ပတ်လုံး တည်ရစ်စေခြင်းငှာ၊ ဂါထာမဘာက်။ ရဏ္ဍိယ-စကားပြေ သက်သက်ဖြစ်သော မာဂဓဘာသာဖြင့်၊ ဥတ္တမသိရိ မထေရ်သည်။ ပေထက်သို့တင်ခဲ့လေသည်၊ ထိုဥတ္တမသိရိမထေရ်စီရင်ခဲ့သောကျမ်းကို။ ကပ္ပါလက်ာရကျမ်းဟူ၍ရင်း။ ဥတ္တမသိရိကျမ်းဟူ၍ရင်း၊ ခေါ် ဆိုကြလေသည်၊

အထက်ပါ စကားအ ဦဖြ ်။ ကပ္ပါလက်ာရကျမ်းသည်၊ ဥတ္တမသိရိမထေရ်စီရင်သော ကျမ်းဟု ထင်ရှားငံသော်လည်း။ ဥတ္တမသိရိမထေရ်၏ ဉာဏ်စွမ်းဖြင့် ဘန်ဆင်းတည်ထွင် စီရင်ခဲ့သော ကျမ်းမဟုတ်၊ ဒိဗ္ဗစက္ခုရသေ့ကြီးစီရင်လျှို့ဝှက်၍ထားခဲ့သော ကြေးပုရပိုက်မှရရှိသောအက္ခရာတို့ကိုသာလျှင် အရင်းထား၍ ရေးသားစီရင်ခဲ့ခြင်းဖြစ်ရကား။ ဒိဗ္ဗစက္ခုရသေ့ကြီး သည်သာလျှင် ထိုပမ,ကျမ်း၏အရှင်စင်စစ်မုချဖြစ်ပေသည်။ ထိုစမတို့၏ အစီအရင်ကိုတည်ထွင်ထားရှိခဲ့သောဒိဗ္ဗစက္ခုရသေ့ကြီးသည်ကား၊ သောကိကိစ္စ သိပ္ပခေါင်ရောက်၊ ထွက်ရပ်ပေါက်ကိဏ္ဍဖြင့်၊ သိဒ္ဓိအမျိုးမျိုးပြီးမြောက်သော ပုဂ္ဂိုလ်

ကြီးဖြစ်ကြောင်းကို။ ကြေးပုရပိုက်၌ လက်ဖြင့်မရေးဘဲ။ ပိဋ္ဌာမယိဒ္ဓိဉာဏ်ဖြင့်၊ အံ့ဘွယ်သရဲရေး၍၊ (ဝါ)ရေးလိုသောအက္ခရာတ္တိကိုလက်ဖြင့်မရေးဘဲ။ ပိဋ္ဌာမယိဒ္ဓိ တန်ခိုးဖြင့်။ကြေးပုရပိုက်၌ အလိုအလျောက် ထင်စေလျက်၊ (ဝါ)ဘန်ဆင်းလျက် ထားခဲ့၏ ဟူသော၊ ဥတ္တမသိရိ မထေရ်၏စကားဖြင့်ထင်ရှား၏။

ဤသို့လျှင်၊ ဒိဗ္ဗစက္ခုရသော့ ဂူပြိုရာမှရရှိသော ကြေးပုရပိုက်ထွက် စမအက္ခရာတ္တိကို၊ ဥတ္တမသိရိ မထေရ်သည်။ သက္ကရာဇ် ၇-ခုနှစ်လောက်တွင်၊ ကပ္ပါလက်ာရဟူသောအမည်ဖြင့်ကျမ်းပြု၍ထားရှိခဲ့ရာ။ထိုကျမ်းသည်နှစ်ပေါင်း တထောင့်တရာ (၁၁၀၀) ကျော်ကျော်တိမ်မြုပ်ပျောက်ကွယ်နေခဲ့ပြီးနောက်၊ သာသနာ သက္ကရာဇ် ၂၃၀၄-ခု၊ ကောဇာ သက္ကရာဇ်-၁၁၂၂-ခုနှစ်တွင်နန်းတက်တော်မူသော အလောင်းမင်း တရား ကြီး၏ သားတော်၊ဒုတိယစစ်ကိုင်းမြို့တည်မင်းသည်၊ တောင်တွင်းမှပင့်ခေါ်၍၊ မင်းဆရာအဖြစ်နှင့် ကိုးကွယ်တော် မူသော၊ မ-ကာရလောပ-မတလုံးကြေတောင်တွင်း ဆရာတော်ခင်ကြီးနော်သည်၊ စစ်ကိုင်းမြို့၌ သီတင်းသုံးနေတော်မူစဉ်၊ တောင်ငူမြို့မှ စာကပ်လာသော သျှင်ဝရသာမိ မထေရ်သည်။ ထိုကပ္ပါလက်ာရကျမ်းကြီးကို တွေ့မြင်ရရှိသော်လည်း၊ အနက်အဓိပ္ပါယ် မယူတတ်၊ မသိနားမလည် နိုင်သောကြောင့်၊ တောင်တွင်း ဆရာတော် အားမေးလျှောက်လေရာ၊ ကာလ ရှည်လျားစွာကဖြစ်၍အက္ခ

ရာပုဒ် ပါဠိတိမ်းယိမ်းသည်များကို သုတ်သင်ရှင်းလင်းပြီးလျှင်၊ မူလမဂဓဘာသာမှ အနက်မြန်မာ ဘာသာပြန်၍ထားတော်မူခဲ့လေသည်။

ထိုအခါမှစ၍ကပ္ပါလကဏ္ဍာရမည်သော စမ္ပူ,ကျမ်းကြီးသည်။ တဖန်ထင်ရှားလာပြန်သည်ဖြစ်ရာ၊ သာသနာသက္ကရာဇ်-၂၃၅၆-ခု။ ကောဇာသက္ကရာဇ်-၁၁၇၄-ခုနှစ်။ အမရပူရ မြို့တည်၊ ဘိုးတော်ဘုရား ရွှေလက်ထက်၊ အလောင်းစည်သူမင်းပေါင်းစကြာနှင့် ဖွည့်လည်တော်မူရာကောသာခဝံချစ်၊ အသစ်ထုံးသောနေရာကို အစွဲပြု၍ထုံးသစ်ရွာဟုတွင်သော ရွာလျှင်ဘွားရာဇာတိရှိသော သျှင်သဒ္ဓမ္မနန္ဒီမည်သော ခုနစ်ဝါရမထေရ်သည်၊ မဏ္ဍလာမြို့နှသိတင်း သုံးနေတော်မူစဉ်၊ ဥာဏ်ပါရမီ ဖြည့်ညီ လိုလောက်တော်မူသည့်အလျှောက်၊ ကပ္ပါလကဏ္ဍာရ ကျမ်းကိုအပြီးတိုင် သဘောပေါက်တော်မူရကား၊ သျှင်ဥတ္တမသိရိမထေရ်၏စီရင်ချင်းဖြစ်သောဗုဒ္ဓိယစကားပြင်မဂဓတို့ကို၊ ရှစ်လုံးဖွဲ့ဂါထာဖြင့်။ သိဒ္ဓိပုဒ်ပါဌ်စပ်၍အကျဉ်းသန့်ရှင်းမှန်ကန်စွာ တဖန်ပြန်လည်စီရင်ပေးတော် မူပြန်လေသည်၊ ဤသို့စီရင်ရာ၌၊ သျှင်ဥတ္တမ သိရိမထေရ်၏ မူလကျမ်းတွင်မပါမရှိသော၊ စမ္ပူ,ဖွဲ့အင်းစီရင်နည်း၊ ဖွဲ့စာစားနည်းစသောဝိဇ္ဇာမယိဒ္ဓိဖွဲ့ပုံကြီးနှင့် အမွှာရသဖွဲ့ဖုံကြီးတို့ဆိုင်ရာ စတုပညာသ နယနှင့် စတုသဋ္ဌိနယကိုဂါထာပေါင်း ၃၁ ပုဒ် အသစ် ထပ်လောင်း ဖြည့်စွက်လျက်၊ မှော်ဆုတောင်း ၉ ဂါထာနှင့်တကွ။ 'သျှင်ဥတ္တမ

သီရိမထေရ်ပြုအပ်သောအရိုင်ကို အကောင်ထင်အောင် နက်နဲသော ဉာဏ်အမြင်ဖြင့် တည်ထွင် ထားရှိတော်မူခဲ့လေသည်။

နောက်သောအခါ၊ အထက်ဘော်ပြရာပါထေရ်ဆရာတို့၏ကပ္ပါလင်္ကာရကျမ်းကို စူးစမ်းကြံစည်၍ ဂန္ထိနိုက်ထုတ်၊ မပယုတ်သောလို လအစွမ်းဖြင့်ကြံ့ပမ်းတော်မူကြသည့်အကျော်၊ ပေါက်မြောက်တော်မူကြသောဆရာမြတ်တို့သည်၊ နောင်လာနောက်သား မျိုးလေးပါးတို့မှတ်သားလွယ်ကူ နည်းယူ အားထုတ် နိုင်ကြစေသောငှာ၊ ဝိဇ္ဇာမယသိဒ္ဓိအကျိုးရှိသား၊ လေးပါးခေတ်မင်း၊ အင်းဓိပတိ၊ မှတ်စိမ့်သိလေ့၊ စသည်ဖြင့်၎င်း၊ (အင္ဂရသ၊ ကျေးဇူးစသား၊ တေဇကျော်ဟုံ၊ သိဒ္ဓိမျိုးကုံ၊ အဓိုးရစွာ) စသည်ဖြင့်၎င်း၊ (ဥပြောခိုမင်း၊ သွင်းလေအစ၊ ပဋ္ဌမတိ) စသည်ဖြင့်၎င်း၊ မြန်မာဘာသာလေးလုံးစပ်လင်္ကာတို့ကို ဉာဏ်ဝါကွန့်မြူးသလောက်ထွေထူးစွာ ဖြည့်စွက်ကြပြန်လေသည်။

ဥတ္တမသိရိ မထေရ်သည်၊ ကပ္ပါလင်္ကာရကျမ်းကို စီရင်သည်မှ၊ ယခု ဤဝဏ္ဏနာ အဖွင့်ကျမ်းကို ရေးသောကောဇာသက္ကရာဇ် ၁၂၉၆-ခုနှစ်အထိ၊ နှစ်ပေါင်း တထောင့် ရှစ်ရာ့ လေးဆဲ့ ကိုးနှစ် ရှိပြီ ဖြစ်ရကား၊ ကပ္ပါလင်္ကာရကျမ်းရင်း၏ ကျမ်းသက်မှာ၊ ၁၈၄၉ နှစ်ဖြစ်လေသည်။ ၎င်းကျမ်းကို တောင်တွင်းဆရာတော်ဓနုက်ဖွင့်သည်မှ ယခုတိုင်နှစ်ပေါင်း တရာ့ခြောက်ဆယ်ကျော်

သေပြီ။ ။သျှင်သဒ္ဓမ္မနန္ဒ ကျမ်းသစ် စီရင်သည်မှ ယခု
တိုင် နှစ်ပေါင်းတရာ့ငါးဆယ့်နှစ်နှစ်ရှိလေပြီ။

၄။ ။ဥတ္တမသိင်္ဂီမဟာထေရ်ပြုအပ်သောဒေသနာသုံးဆောင် စမအက္ခရာကိုကောက်ယူနည်းပဋ္ဌာနကျမ်း (စတု အက္ခရ ဂဟဏ နယ)

ကျမ်းရင်းပါဠိ (၁)။

ကရာ ကရော တမ်မောဟံ။ပဗောဒေသိ။ဇနမ္ဗုဇံ၊
ဓပေတွာ ဝံမွ ရံသိဟိ။ ဝရံ သော ဒေဝတု မေ ဖလံ။
ယမိတဗ္ဗ ယမောဒနေ့ာ၊ ဂမိတဗ္ဗ ဂမာဒိကော။
ဗလံ မာရဿ ယော ဖိနော၊ ဝရံ သော ဒေဝတု
မေ ဇယံ။ ။

လောကော ဒီဗ္ဗကျေ ပိယာ၊ ကာရဏာ ကာရဏံ
တထာ တသ္မိ၊ မုချတော ဇာနနေ သမတ္ထတ္တာ။ ဒိဗ္ဗ
စက္ခုဘိ ဝတ္တဗ္ဗော ဗုဿရာ စရိယော။ စတုန္နံ ပိဋ္ဌာ
ဓရာ ဒေဝါနံ၊နိဿာယ ဘူတော၊ တိက္ခာနုဘာဝ သမ္ဗန္ဓေ
စတုက္ကမေ၊ သတ္တ လောကဿ အတ္ထာယ၊ သုတမ္ပိ
လောဟ ပတ္တ တလေ ဟာဋ္ဌေန အလိက္ခိတွာ၊ အတ္ထ
နော ပိဋ္ဌာ မဇ္ဈိမ္မိ ဥာဏေန အနုဿရိယာ လိက္ခိတွာ
ဝုနေ့ ဌပေသာ၊ တံ မေ သုဏာထ အက္ခရုတ္တိကာ။ ။
စတု ဖာဘိ သမ္ပန္နဿ မေရုရာ ဇဿ ပရိဝါရေ၊ ယုဂန္ဓ
ရေ၊မဟာဓဂေါ ဇေကော ဂရုဠော၊ ဗွိသဟဿ ပရိဝါ
ရေသု ...တွာသု မဟာ ဒီပေသု ပိစရိတွာ ဂေါစရတ်၊

သော မနုဇာနံ အနုကမ္ပံ ဥပါဒါယ၊ စတူသု ဆက္ခရေသု မူလက္ခရ မေကံ ဘူတက္ခရေ ဋွေ့တိ တယော အက္ခရေ၊ ဧကေ ဒွိဝသေတိ ဣတ္ထုံ ပကာသေတိ။ တေ သဗ္ဗ ဗျွရေသု၊ ဋွေ့ ဘူတက္ခရေ သမ္ဗန္ဓ ဘာဝေန၊ သမ္ပိဏ္ဍိတွာ ဧကက္ခရော၊ ဟောတိ။ မူလက္ခရေန သဟ ဂရုဋ္ဌတော ဥက္ခရာ လဘန္တိ။ တေစ အက္ခရေ ဒွိသွာ မနုဇာ ကသိ ဝါဏိဇ္ဇာဒိနိ ကမ္မာနိ ကရောန္တိ။ ။

အနက်ကား။

ကရော၊ အတိုင်းမသိများစွာသော ဒါနပါရမီစသော ပါရမီဆယ်ပါး၊ ငါးခုသော စွန့်ခြင်းကြီးတို့ကို။ လွန်မင်းကဲ မိုးကြိုးပန်းကျင့်ဆောင် တော်မူသည့်၏ အဖြစ်ကြောင့်၊ ကရော၊ လူ-နတ်-ဗြဟ္မာ-သတ္တဝါ အပေါင်း တို့အား။ ကောင်းမြတ်သောနတ်ရွာနိဗ္ဗာန်ကို ပြုတော်မူတတ်သော မြတ်စွာဘုရားသည်၊ အမ္ဗုဇံ၊ ကြာနှင့်တူသော။ ဇနံ၊ ကျွတ်ထိုက်ကုန်ကြ၊ ဝေနေယျတို့အား၊ တမံမောဟံ၊ အဝိဇ္ဇာနှင့် မောဟပိတ်ဆီး၊ မိုက်မှောင်ကြီးကို။ ဓမ္မရံသိဟိ၊ ဆယ်ပါးသောတရားတော်တည်း ဟူသော ရောင်ခြည် ဖုန်တက်။ ရွှေသီလျက်ဖြင့်။ ဓပေတွာ။ ချိုးပဲ့ဖျက်ဆီး တော်မူလျက်။ ပဗောဓေသိ။ ညစ်ကြီးလှစွာ။ တဏှာညွန့် ဝဲ။ မြေစေးထဲမှ။ လွန်ကဲထွက်မြောက်တော်မူစေပြီ၊ သော ဘဂဝါ၊ ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံ တော်မူသောမြတ်စွာဘုရားသည်။ မေ၊ ငါ့အား။ ဝရံ၊ မြတ်

သော၊ ပသံ၊ကောင်းကျိုးအသိုဖြင့်ပြည့်စုံခြင်းကို၊ ဒေတု၊ ပေးပါစေသတည်း၊

ယောဇိနေနာ၊အကြင်မြတ်စွာဘုရားသည်။ ယမိတဗ္ဗော၊ နှစ်လိုအပ်သော ပါရမီဘိုကို၊ ယမေဒန္တော၊ နှစ်သက်ယဉ်ကျေး၊လေးမြတ်စွာဖြည့်တော်မူပြီး၍၊ ဂမ်တဗ္ဗော၊ ရောက်အပ်သောဘုရားအဖြစ်သို့၊ ဂမာဒိကော၊ ရောက်ဦး၊အစကာလတို့၌၊ ဗလံ၊ ဒိဋ်ထုပြီးထပ် စည်းကြပ်ပြီးသော၊မခုဿာ၊ နဘ်ပြည်ခြောက်ထပ်ကို ပိုင်စိုးသော မာရ်နတ်မင်းဟူ ရန်သူအား၊ ဇိတော၊ မကျန်မကြွင်းအောင်တော်မူ၏ သောဇိနော၊ထိုမြတ်စွာဘုရားသည်၊ မေ၊ငါ့အား၊ဝရံ၊မြတ်သော၊ဇယံ၊ အောင်ခြင်းကို၊ ဒေတု၊ ပေးပါစေသတည်း။

အထဝါ-တနည်းကား၊ ယော-ကရာကရော၊ အကြင်ရောင်ခြည်တော်ခြောက်ပါး၏တည်ရာဖြစ်တော်မူသော မြတ်စွာဘုရားဘည်းဟူသောနေမင်းသည်၊ တမံမောတ် သတ္တာလေးပါးကို ဆီးတားပိတ်ကွယ်၍လွှမ်းတတ်သော အဝိဇ္ဇာ တည်းဟူသော မှောင်အမိုက်ကို၊ ဓမ္မရံသိယာ၊ တရားတည်းဟူသောရောင်ခြည်တို့ဖြင့်၊ ပေတွာ၊ ထွန်းလင်းစေ၍၊ ဇနမ္ဗုဇံ၊ကျွတ်ထိုက်သော သတ္တဝါဟူသော ကြာကို၊ ပဗောဓေသိ- သတ္တာလေးပါး တရားကို သိခြင်းသို့ရောက်စေသောအားဖြင့်၊ ပွင့်စေတော်မူပြီ၊သောကရာကရော-ထိုခြောက်သွယ်သော ရောင်ခြည်တော်၏တည်ရာဖြစ်သော ဘုရားဟူသော နေမင်းသည်၊ မေ-ငါ့အား၊

ဝဏ္ဏ-မြတ်သော။ ဖလံ-ကောင်းကျိုးအသို၏ပြည့်စုံခြင်းကို ဒေတု-ပေးပါစေသတည်း။

ယမိတဗ္ဗယမော-စောင့်ရှောက်အပ်သော ဓမ္မကို စောင့်ရှောက်တော်မူသည်ဖြစ်၍၊ ဒန္တော-ယဉ်ကျေးတော်မူသော၊ ဂမိတဗ္ဗဂမော-ရောက်အပ် သိအပ်သော တရားကို၊သိတော်ရောက်တော်မူသည်ဖြစ်၍၊ အဓိကော လွန်တတ်ဖြစ်ဖွားသဏ္ဌာန်ဝါတို့ထက်၊ လွန်ကဲ ထူးမြတ်တော်မူသော၊ ယောဓိနော- အကြင်မြတ်စွာဘုရားသည်၊ မာရသာ-မာရ်မင်း၏။ဗလံ-ရှေ့ကိုးယူစေနာ။လက်ရဲလက်ျာ တဆဲ့နှစ်ယူ၍နာ၊ နောက်စကြာဝဠာထိအောင် များမြောင်သော စစ်သည်တို့ကို၊ဇိတော၊အောင်တော်မူ၏၊ သော ဗြဲနော ထိုမြတ်စွာဘုရားသည်။ မေ ငါ့အား၊ ဝဏ္ဏ-မြတ်သော၊ ဇယံ- အောင်ခြင်းကို၊ ဒေတု- ပေးပါစေသတည်း။

•

လောကေ-လောက၌၊ ဒိဗ္ဗစက္ခုံပိယ- နတ်မျက်စိကဲ့သို့၊ကာရဏာ ကာရဏ္ဍ-အကြောင်းဟုတ်သည်မဟုတ်သည်ကိုဒင်း။ တထာတထ္ထ-မှန်သည်မမှန်သည်ကိုဒင်း၊ မချတော -မချအားဖြင့်၊ ဓာနနေ-သိချင်း၌။ သမတ္ထတ္ထာ-စွမ်းနိုင်သည်၏အဖြစ်ကြောင့်။ ဒိဗ္ဗစက္ခုတ်-ဒိဗ္ဗစက္ခုဟူ၍၊ ဝဏ္ဏဖွဲ့ဝ-ဆိုအပ်သော။ ဓုရသရာစရိယော- ရသေ့ဆရာသည်၊ စတုန္နံ ပိဋ္ဌာ ခရာ ဒေဝါနံ-ပိဋ္ဌာခိုရ်နတ်လေးယောက်တို့၏၊ နိဿာယ ဘူတော- ကိုးကွယ်မှီခိုရာဖြစ်ကုန်သော၊ တိက္ခာနုဘာဝ သဗ္ဗနွေ-ထက်မြက်သောတန်ခိုးအာနုဘော်နှင့်ပြည့်စုံကုန်သော၊စတုက္ခမြေ စတုအင်္ဂါ

ရေ အက္ခရာ လေးလုံးတို့ကို၊ သတ္တလောက သ-သတ္တ
လောကဏ်၏။ အဗ္ဗာယ-သုံးဆောင်ရခြင်းအကျိုး ငှာ၊

သုတမ္ဗလောဟပတ္တတလေ- ကောင်းမွန် ညီညွတ်
သောကြေးပုရပိုက်အပြင်၌။ ဟတ္ထေန-လက်ဖြင့်၊ အလိက္ခိ
တွာပိ-မရေးမူ၍။ အတ္တနော မိမိ၏။ ဝိဇ္ဇာမယိဉ္ဉာဏေ
န-ဝိဇ္ဇာမယိဉ်ဉာဏ်ဖြင့်။ အနုရူပံ ရိယာ-အံ့ဘွယ်ရှိအောင်၊
လိက္ခိတွာ- ရေး၍၊ ဂုံဋ္ဌေန- လျှို့ဝှက်သဖြင့်။ ဌပေသာ-
ထားခဲ့ပြီ။ တံနယံ-ထိုလျှို့ဝှက်သဖြင့် ထားခဲ့သော နည်း
ကို။ မေ-ငါ၏။ သန္တိကာ-အထံမှ။ အက္ခရဋ္ဌိကာ-အက္ခ
ရာကိုအလိုရှိကုန်သော သူတို့သည်။ သုဏာထ- နာလင့်
ကုန်။

စတုဗ္ဗတိသဋ္ဌိသ-လေးပါးသောအရောင်နှင့်ပြည့်စုံ
သော။ မေရုရာဇသ-မြင်းမိုရ်တောင်မင်း၏။ ပရိဝါရေ-
အခြံအရံဖြစ်သော၊ ယုဂန္ဓရေ-ယုဂန္ဓိုရ်၏ တောင်ဖျား၌။
မဟာဇဝေါ- ကြီးသောလျှင်မြန်ခြင်းရှိသော။ ဇကောဂရု
ဠော-ဂဠုန်မိတရသည်။ အတ္ထိ-ရှိ၏။ သောဂရုဠော-ထို
ဂဠုန်မိသည်၊ ဒွိသဟဿ ပရိဝါရေသု- ကျွန်းငယ်နှစ်
ထောင်အရံရှိကုန်သော။ စတူသုမဟာဒီပေသု-ကျွန်းကြီး
လေးကျွန်းတို့၌။ ဝိစရိတွာ၊ ပျံသွားလှည့်လည်၍။ ဂေါစ
ရတိ၊ ကျက်စား၏။ သောဂရုဠော၊ ထိုဂဠုန်မိသည်။
မနုဇာနံ၊ လူတို့အား။ အနုကမ္ပံ၊ အစည်သနားသည်ကို၊
ဥပါဒါယ၊ အကြောင်းပြု၍။ စတူသု အက္ခရေသု၊ အက္ခရာ
လေးလုံးတို့တွင်။ မူလက္ခရံ၊ မူသ အက္ခရာဖြစ်သော။
ဇကာ၊ တလုံးကိုရင်း။ ဘူတက္ခရေ၊ ဘူတာအက္ခရာဖြစ်ကုန်

သော။ငွေးနှစ်လုံးတို့ကိုရင်း၊ နုတ်၊ ဤသို့၊ တယောအက္ခရာ၊ သုံးလုံးသောအက္ခရာတို့ကို၊ ကောဒိဝသော၊ တနေ့တည်း၌။တိက္ခဏ္ဍုံးသုံးကြိမ်၊ပကာသေတိ၊ ထင်ရှားပြု၏။ တေသွက္ခရေသု၊တေသု အက္ခရေသု၊ ထိုအက္ခရာသုံးလုံးတို့တွင်၊ ခွေ၊ နှစ်လုံးကုန်သော၊ဘူတက္ခရေ၊ဘူတ အက္ခရာတို့ကို၊ သမ္ဗန္ဓ ဘာဝေန၊ စပ်သည်၏ အဖြစ်ဖြင့်၊ သမ္ဗန္ဓိတွာ၊ပေါင်း၍၊ ကော အက္ခရော၊ တလုံးသော အက္ခရာသည်၊ ဟောတိ၊ ဖြစ်၏။ မူလက္ခရေန၊ မူလ အက္ခရာနှင့်၊ သဘာ၊ တက္က၊ ဂရုဠ်တော၊ ဂဠုန်မင်းမှ၊ နွှင့်ရာ၊နှစ်လုံးသောအက္ခရာတို့ကို၊ လဘန္တိ၊ ရကုန်၏၊ တေစအက္ခရေ၊ထိုအက္ခရာတို့ကို။ ဒိသွာ၊မြင်၍၊ မနုဇာ၊ လူတို့သည်၊ ကာသိဝါကိဇ္ဇာဒီနိ၊ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းအစရှိကုန်သော၊ကမ္မာနိ၊အမှုတို့ကို၊ကရောန္တိ၊ ပြုကြကုန်၏။ ။

ကျမ်းရင်းပါဠိ(၁)နံပါတ်အပိုင်း၏အဘွင့်။

ကရာ ကရော တမ့်မောဟံ၊ အစချီသောဂါထာနှင့်၊ ယမိတဇ္ဇယာမောဒနေ့ာ၊ အစချီသော ဂါထာနှစ်ပုဒ်မှာ၊ ကပ္ပါလင်္ကာရကျမ်းကို ပြုစုစီရင်တော်မူခဲ့သော ဦးဉာဏ သိရိမထေရ်၏ ကျမ်းဦး-အာသီသ-ပဏာမဂါထာများ ဖြစ်လေသည်၊ ထိုဂါထာနှစ်ပုဒ်၌ အထူး မှတ်သွယ်တို့ကား၊ကရာကရော၊ဟူသော အက္ခရာရှစ်လုံးကို တပါဒ ထား၍လေးပါဒဖြင့် ဖွဲ့အပ်သော ပထမဂါထာ၌၊ ပါဒ•

တို့၏အစအဦးဖြစ်သော အက္ခရာတို့ကို ရွေးထုတ်လိုက်သည်၊

က-ပ-ခ-ဝ ဟူသော အက္ခရာလေးလုံးတို့ကို တွေ့ရှိပေလိမ့်မည်၊ ထိုနည်းတူစွာ၊ ယမိတင်၊ ဟူသော ဒုတိယဂါထာ၏ပါဒများအစအဦးဖြစ်သည့် အက္ခရာတို့ကိုရွေးထုတ်လိုက်သော်၊

ယ-ဂ-ဗ-ဝဟူသော အက္ခရာလေးလုံးတို့ကို တွေ့ရှိပေလိမ့်မည်။၎င်း-၈-လုံးသောအက္ခရာတို့သည်၊ မည်သို့သောအက္ခရာမျိုးနည်း။ မည်သို့သောရည်ရွယ်ချက်ဖြင့်အချင်ဥတ္တမသီရိမထေရ်သည်။၎င်း ၈ လုံးသော အက္ခရာတို့ဖြင့်။ ပဏာမ ပြုသနည်းစသော အကြောင်းတို့သည်။ ရှေ့၌ဘွင့်ပြလတ့်သောကဏ္ဍများ၌ထင်ရှားပေအံ့။

"လောကေ ဒိဗ္ဗစက္ခုဝိယ-လ-သုဏာထ ဆက္ခရတ္တိကာ"အထိ စကားစဉ့်တို့သည်ကား။ဥတ္တမသီရိမထေရ်သည်၊မိမိအတ္တနောမတိဖြင့်း၎င်းစ-မကျမ်းကို စီရင်သည်မဟုတ်။ဒိဗ္ဗစက္ခုရသေ့ကြီး စီရင်ခဲ့သော ကြေးပုရိုက်မှ ရအပ်သောအက္ခရာတို့ကိုသာစီရင်ခဲ့ကြောင်း။ အဆိုပါဒိဗ္ဗစက္ခု ရသေ့ကြီး သည်လည်း၊ သာမညပုဂ္ဂိုလ်မဟုတ် ကြေးပုရပိုက်တွင် လက်ဖြင့် မရေးဘဲ၊ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဖြင့် ဖန်ဆင်းနိုင်သော သိဒ္ဓိအပေါင်းတို့ကိုအစိုးရှိသည့် ဂန္ဓာရီ ဝိဇ္ဇာ ဝိသေသ ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်းကို၊ပြဆိုသောစကားစဉ့်များဖြစ်လေသည်၊

လေးပါးသော အရောင်နှင့် ပြည့်စုံသော မြင်းမိုရ်တောင်မင်း၏အခြံအရံဖြစ်သော ယုဂန္ဓိုရ်တောင်များ၌၊

ကြီးသောလျှင်မြန်ခြင်းရှိသော ဂဠုန်မိ တကောင်သည်၊ ကျွန်းငယ် နှစ်ထောင် အခံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌၊ ပျံသွားလှည့်လည်၍ ကျက်စားရာ၏။ ဟူသောစကားအစဉ်၌၊ ။ဂဠုန်မိတကောင်ဆိုသည်ကား၊ အတွင်းကားမွေ့။ အပကားဖတ်အတိပြီးသော၊ ရောင်ခြည်တထောင်ကို ဆောင်သဖြင့်၊ ယုဂန္ဓိုရ်တောင်များနှင့်အမျှဖြစ်သောကောင်းကင်ပြင်၌ မွေ့မွေ့မြဖတ်တည်းဟူသော လေးပါးသော အရောင်ဖြင့်ပြည့်စုံသော မြင့်မိုရ်တောင်မင်းကို လက်ျာရစ်ကာ၊ ကျွန်းငယ်အခံ နှစ်ထောင်နှင့်တကွသော ကျွန်းကြီး လေးကျွန်းကို လှည့်လည် အောက်ထွန်းသော သူရိယ ရာဇာ-ဒိဝါကရ၊ သူရိယတည်းဟူသောနေမင်းဖြစ်လေသည်၊

ထိုဂဠုန်မိသည်၊လူတို့အားသနားသည်ကိုအကြောင်းပြု၍။လေးလုံးသောအက္ခရာတွင်၊ မူလအက္ခရာတလုံး။ ဘူတအက္ခရာနှစ်လုံး၊ ဤသို့ သုံးလုံးသော အက္ခရာတို့ကို။ တနေ့တည်း၌သုံးကြိမ်ထင်ရှားပြ၏ဆိုရာ၌။မူလအက္ခရာဟု ဆိုသောစကားနှင့်၊ ဘူတအက္ခရာဆိုသောစကားတို့ကို ခွဲခြား၍သိရာသည်။

မူလအက္ခရာဟူသည်ကား၊ အရင်းအမြစ် ပကတိသော အက္ခရာအစစ်အမှန်ဖြစ်သောအက္ခရာကိုဆိုလိုသည်။

ဘူတအက္ခရာဟူသည်ကား၊ ဖြစ်ပွားသောအက္ခရာ၊ ပျံ့ပွားသော အက္ခရာ၊ မူလမဟုတ်- မူလအက္ခရာမှ တဆင့်ဖြစ်ပွားသောအက္ခရာကိုဆိုလိုသည်၊

ဂဠုန်ဌက်တည်းဟူသောနေမင်း၏ သဏ္ဌာန်သည်အဝန်းအဝိုင်းဖြစ်ရကား။ ထိုနေဝန်းသဏ္ဌာန် (ဝ)အက္ခရာကို။နေ၏မူလအက္ခရာဟုခေါ် ဆိုခြင်း ဖြစ်သည်။ နေမင်း၏ပကတိမူမှန် ပုံသဏ္ဌာန်အစစ် ဖြစ်လေသည်။ ထိုနေမင်းသည်နံနက်အခါ ဥဒယ်တောင်စွန်းမှ ထွက်ပေါ်လာသောအခိုက်၊နေဝန်း၏ လုံ့လသဏ္ဌာန်ကိုမမြင်ရသေးမှီ။ ရှေးဦးစွာနေမင်း၏ ထက်ဝက်ကိုမြင်ရကုန်၏။ ဤသို့နေတခြမ်း ထွက်ပေါ်လာရာ၌။ နေမင်း၏မူလ ပုံသဏ္ဌာန်ဖြစ်သော (ဝ)အက္ခရာကိုမမြင်ကြရဘဲ။ ဝ၏တခြမ်းဖြစ်သော ဂ ငယ်အက္ခရာကိုသာ တွေ့မြင်ကြရ၏။သို့ကြောင့် နေထွက်၌မြင်ရသော ဂ-ငယ်၊သဏ္ဌာန်သည်။ နေမင်း၏မူလပုံသဏ္ဌာန်အက္ခရာမဟုတ်။ မူလအက္ခရာမှ။ဖြစ်ပွားသောအက္ခရာမျှသာဖြစ်၍။ ဂ-အက္ခရာကို၊နေမင်း၎အပ်သော ဘူတအက္ခရာဟုခေါ် ဆိုလေသည်၊ ထိုနည်းတူစွာအဿွင်မတောင်စွယ်သို့။နေကွယ်သောအခါ (ဝါ)နေဝင်သောအခါ၌လည်း။ နေလုံးတခြမ်းပျောက်ကို ကြည့်လျှင်ဂငယ်အက္ခရာကိုပင်မြင်ရပြန်၏။ ဤသည်လည်းနေမင်း၏ဘူတအက္ခရာပင်ဖြစ်လေသည်၊

ဤသို့လျှင် နေမင်းသည် ထနေ့တနေ့၌၊ မူလအက္ခရာဖြစ်သော(ဝ)အက္ခရာတလုံးကိုငင်း၊ဘူတအက္ခရာများဖြစ်သောဂငယ်အက္ခရာနှစ်လုံးကိုငင်း။ ဤသုံးလုံးသောအက္ခရာတို့ကိုတနေ့လျှင် သုံးကြိမ်ကျ ထင်ရှားပြပေ၏၊ ဤ၌ဂငယ် နှစ်လုံးသည် သဏ္ဌာန်တူ အက္ခရာမဟုတ်ပါဘဲလျက်၊ အဘယ်ကြောင့် ဘူတအက္ခရာနှစ်လုံးဟု ဆိုသ

နည်း။ ထိုဂငယ်နှစ်လုံးသည် မည်သို့ထူးခြားသနည်းဟူမူ။ ပထမ(ဂ)အက္ခရာမှာ၊နေထွက်၌ပြသောအက္ခရာဖြစ်၍၊၎င်းကို (ထွက်အက္ခရာ)ဟု ခေါ်ဆိုလေသည်။ ကျန်(ဂ)အက္ခရာကို။ နေဝင်၌ပြအပ်သောအက္ခရာဖြစ်၍။(ဝင်အက္ခရာ)ဟုခေါ်ဆိုလေသည်။ဤသည်လျှင်အထူးတည်း။

နေကား-အဖ။လကား-အမိဟူသည့်အတိုင်း။ ထိုနေမင်းပြအပ်သောအက္ခရာ သုံးလုံးတို့သည်။ နေ၏ပိုင်နက်ဖြစ်ခြင်းကြောင့်၊ စာမိအက္ခရာ၊ (ဝါ)ဧမိအက္ခရာများဟုခေါ်ဆိုလေသည်။ ၎င်းအက္ခရာ သုံးလုံးတို့မှ မွေးပွားသမျှသောအက္ခရာတို့သည်လည်းဧမိအက္ခရာချည်းမှတ်ယူရာ၏၊ ။ဂဏ္ဍုန်၌ဤကဲ့ပြအပ်သော အက္ခရာသုံးလုံးကို အကျဉ်းမှတ်ရန်မှာ။ (နေထွက်(ဂ,ငယ်။နေ့လယ်(ဝ)ပင်၊ နေဝင်(ဂ)ဖြစ်ပြန်။သုံးတန်အက္ခရာ။နေမှလာ။မှတ်ပါဧမိကိုလား။

ထိုသုံးသော အက္ခရာတို့တွင်၊ ဘူတအက္ခရာ နှစ်လုံးတို့သည် စပ်သည်၏ အဖြစ်ဖြင့် ပေါင်း၍၊ တလုံ့သော အက္ခရာဖြစ်၏ဟုဆိုသည်ကား၊ ဘူတအက္ခရာ ဖြစ်သောထွက်အက္ခရာနှင့် ဝင်အက္ခရာ (ဂ)ငယ်နှစ်လုံးကို စပ်၍ပေါင်း လိုက်လျှင်။ (ဝါ) နံဘေးချင်းကပ်၍ ပေါင်းလိုက်လျှင်၊ (က)ကြီးဟူသောအက္ခရာတလုံး ဖြစ်လာသည်ကိုဆိုလိုသည်။

မူလအက္ခရာနှင့်တကွဂဏ္ဍုန်မင်းမှ နှစ်လုံးသောအက္ခရာကိုရအပ်ကုန်၏ဟူရာ၌၊ နေမင်း၏မူလဧမိ(ဝ)အက္ခရာနှင့်ဘူတနှစ်လုံးကိုပေါင်း၍ရအပ်သော(က)ကြီးအက္ခရာ၊ ထိုနှစ်လုံးသောအက္ခရာကိုဆိုလေသည်၊

ထိုအက္ခရာဘို့ကိုမြင်၍၊ လူတို့သည် လယ်ထွန်ခြင်း ကုန်ကူးခြင်းအမှုကို ပြုကြကုန်၏ဟူရာ၌၊ လူသတ္တဝါတို့သည်၊ နေထွက်နေဝင်ဖြင့် ပိုင်းခြားအပ်သော (ဝါ)ထိုအက္ခရာဘို့ကိုမြင်ရသော နေ့အချိန်၌သာလျှင် လယ်လုပ်ခြင်းကုန်ကူးခြင်း အမှုတို့ကိုပြုကြ၏၊ ၎င်းအက္ခရာတို့ကို မမြင်ရသောညအချိန်၌၊ ထိုအမှုတို့ကို မပြုကုန်ဟု ဆိုလိုသည်၊

ကျမ်းရင်းပါဠိ(၂)၊

အထ ဝါ မေရု ပရိဝါရေ ယုဂန္ဓရေ ဥပတ္တိတွာ ဝိစရန္တော၊ ဒွိသဟဿပရိဝါရေသု မဟာဒီပေသု အဇ္ဈုနေသ ဩဘာသယ သီတလဘာဝေ၊ မဥ္ဇူသသဒ္ဒေါ၊ ကရဝိကရာဇာ စတုက္ခရာနိ ဥာပနဏ္ဏာယ၊ မူလက္ခရမေဘံ ဘုတက္ခရေ စဏ္ဍာရောတိ ပဥ္စက္ခရေ မနုဇာနံ အနုကမ္ပံ ဥပါဒါယ၊ ဇောတိမာသေ ပဥ္စက္ခဏ္ဍုံ ပကာသေတိ၊ တေ ဒွိက္ခရေစ ဒိသွာ၊ မနုဇာ မနောရမ္မံ ပမောဒိတံ ဟာသနံ သမ္ပာပုဏန္တိ၊ ကရဝိကရာဇာ ဒွိပိတောသု ပဥ္စက္ခရေသု အာဒိဒွယ အန္တဒွယာနံ သဘာဝတ္တာ အညတရေဒွယက္ခရေ မာရေတွာ တယောအက္ခရာ ဒိဿန္တိ၊ ဝုတ္တဂရုန ရညာ ဒွိပိတော ဟုတ္တိ ဒွိဟိအက္ခရေဟိ သမ္ပိဏ္ဍိတွာ၊ ပဥ္စက္ခရာ ဘဝန္တိ၊ တေသုစ တယော ဘူတက္ခရာ ပေါဏ္ဍုပရိယာ ယဋ္ဌပါဏောန ဆ ဘဝန္တိ၊ မူလာ ပန ဇွေတိ၊ ဝဏ္ဏက္ခရေဟိသဟ အဋ္ဌက္ခရာ ဘဝန္တိ၊ တေအက္ခရာ ဥဒ္ဒံ အဓောစာတိ စဏ္ဍာရိ စဏ္ဍာရိ ယောဇေတွာ ဋ္ဌပိယန္တေ၊

သစေတေအက္ခရာ သဋ္ဌာဟောန္တိ၊ ဂဏနာတော တေတ္တိံ သစ ဟောန္တိ။ တေ အသဒိသ ဝိပါကဒါနေ သမတ္ထာနံ စတုက္ခရာနံ ပရိဂ္ဂဟဏာ ဟောန္တိ။

အနက်ကား။

အထ-ထိုမှတပါး။ ဝါ-တနည်းကား။ မေရုပရိဝါရေ-မြင့်မိုရ်တောင်၏ အရံဖြစ်သော။ ယုဂန္ဓရေ- ယုဂန္ဓိုရ်တောင်ချား၌။ ဥပ္ပတိတွာ- ပျံသွား လှည့်လည်၍။ ဝိစရန္တော-သွားသော။ ဒွိသဟဿပရိဝါရေသု- ကျွန်းငယ် အရံနှစ်ထောင်နှင့်တကွသော။ မဟာဒီပေသု- ကျွန်းကြီး လေးကျွန်းတို့၌။ အဗ္ဘုန္နော-မိမိ၏။ အာဘာသာ-အရောင် အဝါဖြင့်။ သီတလကာရော-ချမ်းအေးခြင်းကို ပြုတတ် သော။ မဥ္ဇုသဒ္ဒေါ- သာယာသောအသံရှိသော၊ ကာရဝိကရာဇာ- ကရဝိက်ငှက်မင်းသည်။ စတုက္ခရာနိ-လေး လုံးသော အက္ခရာတို့ကို။ ဉာပနတ္ထာယ- သိစေခြင်းအ ကျိုးငှါ။ မူလက္ခရံ- မူလအက္ခရာဖြစ်သော။ ဧကံ-တလုံး ကိုဝင်း။ ဘူတက္ခရေ- ဘူတ အက္ခရာ ဖြစ်ကုန်သော။ စတ္တာရော-လေးလုံးတို့ကိုဝင်း။ ဣတိ။ ဤသို့။ ပဉ္စက္ခရေ- ငါးလုံးသော အက္ခရာတို့ကို။ မနုဇာနံ-လူတို့အား။ အနု ကမ္ပံ-အစဉ်သနားသည်ကို၊ ဥပါဒါယ- အကြောင်းပြု၍၊ ဧကသ္မိံ မာသေ- တလတည်း၌၊ ပဉ္စက္ခတ္တုံ- ငါးကြိမ်။ ပကာသေတိ ထင်ရှားပြု၏။ တေအက္ခရေစ- ထိုအက္ခရာ တို့ကိုလည်း။ ဒိသွာ-မြင်၍။ မနုဇာ-လူတို့သည်၊ မနော

ကျမ်းရင်း ဂါထာ ၁၊ နံပါတ်အဘိဓာန်၏အဖွင့်။

ရမ္မံ-နှလုံးချမ်းမြေ့ မွေ့လျော်ခြင်းသို့။ ပမောဒိတံ- ဝမ်းမြောက်ခြင်းသို့။ ဟာသသနံ- ရွှင်လန်းခြင်းသို့။ သမ္ဘာဝဏာန္တိ-ကောင်းစွာရောက်ကုန်၏။ ။ကရ ပိက ရာဇာ-ကရဝိက်ငှက်မင်းသည်။ ဒိပိတေသု- ပြအပ်ကုန်သော။ ပဥ္စက္ခရေသု- ငါးလုံးသော အက္ခရာတို့တွင်။ အာဒိဒွယအန္တဒွယာနံ-အစအက္ခရာနှစ်လုံး။ အဆုံးအက္ခရာနှစ်လုံးတို့၏။ သဘာဝတ္တာ- သဘောတူသည်၏အဖြစ်ကြောင့်။ အညတ္ထရေ- အမှတ်မရှိကုန်သော။ ဒွယက္ခရေ-အက္ခရာနှစ်လုံးတို့ကို။ မာရေတွာ- သတ်၍။ ဝါ-ပယ်၍။ တယော အက္ခရာ အက္ခရာသုံးလုံးတို့သည်။ ဒိဿန္တိ-ထင်ကုန်၏။ ပုဇ္ဇေ-ခြေး၌။ ။ဂရုဠရညာ- ဂဠုန်မင်းသည်။ ဒိပိတေဟိ-ပြအပ်ကုန်သော၊ ဒွိဟိအက္ခရေဟိ-။အက္ခရာ နှစ်လုံးတို့နှင့်။ သမ္ဗန္ဓိတွာ-ပေါင်း၍။ ပဥ္စက္ခရာ-ငါးလုံးသောအက္ခရာတို့တွင်သည်း။ တယော-သုံးလုံးကုန်သော။ ဘူတက္ခရာ။ဖြစ်ဖွားတတ်ကုန်သော ဘူတအက္ခရာတို့သည်။ ဝါ-ဘူတအက္ခရာတို့ကို။ ဟောဇ္ဇုပရိယာယဂ္ဂဟဏေန အောက်အထက် ပြန်လှန်၍ ယူသော အားဖြင့်။ ဆ-ခြောက်လုံးသောအက္ခရာတို့သည်။ ဘဝန္တိ- ဖြစ်ကုန်၏။ ။မူလာပန-မူလအက္ခရာ တို့သည်ကား။ ဒွေ-နှစ်လုံး ၊ တို့သည်။ ဟောန္တိ-ဖြစ်ကုန်၏။ ဇာတိ-ဤသို့။ ဝဏ္ဏက္ခရေဟိ-ပျံ့ပွားသောအက္ခရာတို့နှင့်။ သဟ- တကွ အဋ္ဌက္ခရာ- ရှစ်လုံးသောအက္ခရာတို့သည်။ ဘဝန္တိ-ဖြစ်ကုန်၏။တေအက္ခရာ ထိုအက္ခရာတို့ကို၊ ဥဒ္ဓ-အထက်၌ရင်း။ အဓောစ-အောက်

ဋ္ဌိရင်း။ ဇူတိ-ဤသို့၊ စတ္တာရိ စတ္တာရိ-လေးလုံးလေးလုံးစီ။ ယောဇေတွာ-ဘက်ယှဉ်ရ၍။ ဥပယနေ္တ-ထားအပ်ကုန်၏။ ဒီတအက္ခရာ-ထိုရှစ်လုံးသောအက္ခရာတို့သည်။ သစ္စာမှန်ကုန်သည်။ သစေဟောန္တိ-အကယ်၍ဖြစ်အံ့။ ဂဏနတော ဂဏန်းသင်္ချာ အရေအတွက်အားဖြင့်။ တေတ္တိံသစ-သုံးဆဲ့သုံးလုံး တို့သည်လည်း။ ဟောန္တိ- ဖြစ်ကုန်၏။ တေ အက္ခရာ- ထိုအက္ခရာတို့သည်။ အသဒိသဝိပါက ဒါန သမတ္တာနံ-အတုမရှိသောအကျိုးကိုပေးခြင်း၌ စွမ်းနိုင်ကုန်သော။ စတုအက္ခရာနံ- လေးလုံးသော အက္ခရာတို့၏ ပရိဂ္ဂဟကာ- ကောက်ယူကြောင်း တို့သည်။ ဟောန္တိ- ဖြစ်ကုန်၏။ ။

ကျမ်းရင်းပါဠိ(၂)နံပါတ်အပိုက်၏အဖွင့်။

မြင့်မိုရ်တောင်၏အရံဖြစ်သော ယုဂန္ဓိုရ်တောင် ခုနှစ်ထပ်နှင့် ကြီးသွား ထည့်လည်၍။ ကျွန်းငယ်အရံ နှစ်ထောင်နှင့် တကွသော ကျွန်းကြီး လေးကျွန်းကို မိမိ၏အရောင်ဖြင့် ချမ်းအေးခြင်းကိုပြုတတ်သော။ သာယာသော အသံရှိသောကရဝိက်ငှက်မင်းသည်၊ ဟူသောစကားအစဉ်တို့သည်ကား။ ချမ်းအေးသောအရောင်ဖြင့်။ တောတောင်ရေမြေတို့ကို ထွန်းလင်းတောက်ပသော သီတဂူနတ်ရဟတ်ယုန်သွာ သောဘ်တာလစန်းကို ရည်ရွယ်၍ ဆိုသော စကားရပ်များဖြစ်လေသည်။ (နေ)ကိုဂဠုန်ငှက်၊(လ)ကို ကရဝိက်ငှက်ဟုဇှက်၍ ရေးသားခြင်းပင်ဖြစ်သည်။

ထိုကရဝိက်ငှက်မင်းသည်။ အက္ခရာလေးလုံး တို့ကို

သိစေခြင်းအ့ကျိုးငှာ။ မူလအက္ခရာတလုံး၊ဘူတအက္ခရာ ၄လုံး၊ ဤ၅လုံးသောအက္ခရာတို့ကို၊ တလအတွင်း၌ ငါး ကြိမ်ထင်ရှားပြ၏။ ဆိုရာ၌၊လဆန်းပက္ခအတွက်၌၊ လဆန်း ၃ရက်၊ လဆန်း၄ရက်တို့တွင်။ လ၏အရေး သဏ္ဌာန် သည်(ဂ)ငယ်အက္ခရာနှင့်တူလေသည်၊ သုံးရက်လ-ချန်း မျက်စ,ဟူ၍လည်း၊ ကဗျာဆရာတို့ လင်္ကာဖွဲ့ဆိုထုံး ရှိ လေသည်။ ဤ(ဂ)ငယ်အက္ခရာသည်ပင်၊ ကရပိက်ဌက် မင်းပြအပ်သောဘူတအက္ခရာတလုံးဖြစ်၏။ လဆန်းစမှ တဆင့်ထက်တဆင့် စန်းရင့်၍လာပြီးနောက်၊ လဆန်း- ၈-ရက်ခန့်ရောက်က၊(လ)အဝန်း၏ထက်ခြမ်းကို မြင်ရ ပေ၏၊ ဤသို့မြင်ရသောလအဝန်း၏ထက်ခြမ်းသည်၊(ဓ) အောက်ချိုက်အက္ခရာနှင့် တူပြန်ရကား၊ (ဓ) အောက် ချိုက် အက္ခရာသည်။ ကရပိက်ဌက်မင်း ပြအပ်သော ဘူတက္ခရာတလုံးဖြစ်ပြန်၏။ လပြည့်နေ့၌ကား၊ လမင်း ၏အဝန်းအဝိုင်းသဏ္ဌာန်ကို အကုန်အစင်မြင်ရသည်ဖြစ် ရာ။ (ဝ)အက္ခရာနှင့်သဏ္ဌာန်တူပေ၏၊ ထို (ဝ)အက္ခရာ သည်ပင်၊ကရပိက်ဌက်မင်းပြအပ်သော မူလအက္ခရာဖြစ် ၏။ လဆုတ်ပက္ခအတွက်၌လည်း၊ လဆုတ် ၈စ်ရက်တွင်၊ လထက်ဝက်မြင်ရခြင်းမှာ၊ (ဗ)ထက်ချိုင့်အက္ခရာနှင့်တူ ၏၊ ထိုကြောင့်၊(ဗ)အက္ခရာသည်၊ ကရပိက်ဌက်မင်းပြ အပ်သော ဘူတအက္ခရာမည်ပြန်၏။ ထိုနည်းတူစွာ၊ လ ကွယ်ခါနီး၌မြင်ရသောသဏ္ဌာန်မှာ၊ (ပ)စောက်အက္ခရာ နှင့်တူသဖြင့်၊ (ပ)အက္ခရာကိုလည်း၊ ကရပိက်ဌက်မင်းပြ အပ်သော ဘူတ အက္ခရာဟူ၍ပင် ယူရာ၏၊ ဤသို့လျှင်၊

လမင်းသည်၊ (ဝ)ဟူသောမူလအက္ခရာတလုံး၊ (ဂ)(ဓ)(ဗ)(ပ)ဟူသောဘူတအက္ခရာလေးလုံး။ ဤငါးလုံးသောအက္ခရာတို့ကို၊ တလတွင် ငါးကြိမ်၊ (ဝါ) လဆန်း၁၊ လဆန်း-ဂ-ရက်။ လပြည့်၊ လဆုတ် ဂ-ရက်။ လကွယ်လနီးဟူသောအခါငါးပါးတို့၌ထင်ရှားပြ၏။

ဤ၌-နေ၏မူလ အက္ခရာ ဖြစ်သော (ဝ)နှင့်လ၏မူလအက္ခရာ ဖြစ်သော (ဝ)မည်သို့ ထူးသနည်း ဟူမူ၊ နေသဏ္ဌာန်(ဝ)မှာစပို၊ လသဏ္ဌာန်(ဝ)မှာ၊ စမ,အက္ခရာများဖြစ်၍ထူးသေး၏ဟုမှတ်အပ်၏။

ထိုအက္ခရာတို့ကိုမြင်၍၊ နှလုံးချမ်းမြေ့ မွေ့လျော်ခြင်းဝမ်းမြောက်ခြင်း၊ ရွှင်လန်းခြင်းသို့ ကောင်းစွာ ရောက်ကုန်၏ဟုဆိုခြင်းကား၊ သီတဂုနတ်ရဟက်ယုန်သွား၊ စန်းသော်တာကိုမြင်ရသောညဥ့်အချိန်၌ဂ.ား လူတို့သည်ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းစသောအလုပ်တို့ကို မလုပ်ကြမူ၍၊ သီဆို-ကခုန်မြူးတူး ရွှင်လန်းဝမ်းမြောက်ကြလျက်၊ လမင်း၏အရောင်ဖြင့် နှလုံးချမ်းမြေ့မွေ့လျော်ခြင်းသို့ရောက်ကြ၏ဟုဆိုလိုရင်းဖြစ်သည်၊

ဝါဒကွဲ။

လမင်းပြအပ်သော အက္ခရာငါးလုံးနှင့် စပ်လျဉ်း၍၊ လယ်ကိုင်း ဘုန်းတော်ကြီး- ဦးဝရသမ္ဘောဓိ အသျှင်သူမြတ်၏အလိုသော်ကား၊ လဆန်း၌ (ဂ) ငယ်အက္ခရာကိုပြသည်။ လပြည့်ခါနီးသောအခါ (ဗ) ထက်ချိုင့်အက္ခ

ရာကိုပြသည်။လပြည့်လျှင်(၀) အက္ခရာကိုပြသည်၊ လပြည့်ကျော်က-လဆန်း၌ကဲ့သို့(၇) နှင့် (၆)ကိုပင်ပြသည် သို့ကြောင့်လမင်းပြအပ်သော ၊စမငါးလုံးမှာ-၇-၆-၀-၆-၇။ ဟုယူလေသည်၊ ဤသို့ယူခြင်းမှာလည်း- အသျှင်ဇမ္ဗူဒ္ဓါစရိယ စီရင်တော်မူသည့်အင်္ဂုရတ်ကြံ့နေ့ကြံ့ဓါတ်ပြကျမ်း၌ပါရှိသော .... “စကြဝဠာ၊ ဝန်းပိုက်ကာသို့၊ အက္ခရာ(၀)၊ဆိုသညာကို၊ရွှေလစနစ်၊ဥာဏ်ဖြင့် လှစ်ပိမ့်၊ ဆန်းသစ်ရွှေလ။ နန္ဒာကလျှင်၊ စဉ်ဘဒြာ၊ ဇေယာရိတ္တာ၊ ပုဏ္ဏာပဉ္စ။ သုံးပြန်ကျထွင်။ဆန်းစနှစ်ရက်၊သုံးရက်ကာစ။ (၇)ငယ်ပြ၍ (၀)မပြီသေး၊ အရောင်ရေးလည်း၊ဖွေးဖွေး-ရွှေရွှေ၊ အောက်ကနေ၍၊ ညို့ထွေထွက်က၊ (၆)ထက်ချိုက်ဟန်၊ တုန့်ပြန်တိထိ။အစဉ်မှီ၍၊ အညီကလာ၊ ပွားကာကာဖြင့်။ ငါးဖြာတိထိ၊ သုံးခါချီသော်။ ပုဏ္ဏမီကျ၊ သုက္ကပက္ခ။ဆယ် ငါးရက်၌၊သောဠသကလာ၊ပြည့်သောခါလျှင်၊ ထွန်းဖြာအရောင်၊ညဉ့်လုံးပြောင်၍။ တန်ဆောင်ကြီးသို့၊ ရောင်ဝါပြို့ ၍၊ ထိုမျို့ တချက်၊ကဏှာဘက်သို့၊ လျှောသက်ပြန်ခါ။ရောင်ဝါကြွယ်ပ၊ ပဉ္စရ ရက်။ငါးချက်တိထိ၊သုံးပြန်လည်သော်။ စဉ်စီကာလ။ထိုကအရေး၊ညိုရောင်ပြေး၍၊ ရှေးဆန်းကဲ့စ။ ပမာဏာသို့၊ (၇) ငယ်ရှစ်ယောင်၊ ထင်ပြီးနောင်ဝယ် ....”အစရှိသော၊ လင်္ကာအရဖြစ်လေသည်။ဤဝါဒနှစ်မျိုးမှာ မထူးပြီ။(၇)ငယ်ကိုယူလျှင် (ပ)စေါက်ပါပြီးဖြစ်လေသည်။ (၆)ထက်ချိုင့်ကိုယူလျှင်၊(၈)အောက်ချိုင့်ပါပြီးဖြစ်လေသည်။

(လေးထောင့်ဆင်နေ၊မဏ္ဍောဘီဟာ၊နာဂထက်အောက်၊

တောင်မြောက်ကြွက်ချ။နေမှာသုံးလုံး ထငါးလုံး။ကုန်းမှာဘား။ရေမှာ ငါး။ ဝအောင်ရှာ၍စား။ ဟူသော- အင်း ကိုကြီးစဉ်သူတို့။ထိုဝါဒနှစ်မျိုးကိုသတိထားကြပါကုန်။)

ထိုအက္ခရာငါးလုံးတို့တွင်။အစအက္ခရာ ၂ လုံး အဆုံးအက္ခရာ ၂-လုံးတို့၏ သဘောတူသည်၏ အဖြစ်ကြောင့်၊ အမှတ်မရှိကုန်သော အက္ခရာနှစ်လုံးတို့ကိုပယ်၍။ အက္ခရာသုံးလုံးတို့သည် ထင်ကုန်၏ ဟုဆိုခြင်းကား။ လမင်းပြအပ်သော-အစဘူတ အက္ခရာ ၂ လုံးဖြစ်သည့်။(ဂ)အက္ခရာ(ဓ)အက္ခရာနှင့်။အဆုံးဘူတအက္ခရာ ၂ လုံးဖြစ်သည့်။(ပ)အက္ခရာ (ဗ)အက္ခရာတို့သည် သဘောတူကြ၏။ အဘယ်သို့တူသနည်းဟူမူကား။ (ဂ)ကိုပက်လက်လှန်က(ပ) အက္ခရာဖြစ်၏။ (ဗ) အက္ခရာကို မှောက်လိုက်ကလည်း(ဓ)အက္ခရာဖြစ်၏။

ထို့ကြောင့်။၎င်းအက္ခရာ(၄)လုံးအနက်အမှတ်မထင်(ဂ) အက္ခရာထလုံး။ (ဗ)အက္ခရာတလုံး ၎င်း နှစ်လုံးကိုပယ်လိုက်က။ (ပ-ဝ-ဓ-)ဟူသော-၃-လုံးကျန်၏။ ရှေး-ဂန္ထုန်မင်းမှရအပ်သောအက္ခရာ ၂ လုံးနှင့်၊ပေါင်း၍။အက္ခရာ ၅ လုံးတို့ဖြစ်ကုန်၏ဟူသည်မှာ....... နေမှရသောစာဖြို(က)(ဝ)နှင့်ပေါင်းသော်- က-ဝ-ပ-ဝ-ဓ။ ဟူသောအက္ခရာ ၅ လုံးကိုရ၏၊၎င်းငါးလုံးအနက်။ဘူတအက္ခရာ-၃-လုံးကို။ အောက်အထက်ပြန်လှန်သောအားဖြင့်။ ၆-လုံးဖြစ်၏ဟူသည်ကား။ဆထက်၌ဘော်ပြခဲ့သော နေလနှစ်ပါးမှရသည့်၊အက္ခရာ ငါးလုံးအနက်၊ မူလ အက္ခရာ(ဝ)နှစ်လုံးကိုချန်လှပ်၍။ က-ပ-ဓ-ဟူသော အက္ခရာသုံးလုံးကို၊ အ

ထက်အောက်လှန်လိုက်က၊ က-ပ-ခ-ယ-ဂ-ဗ-ဟူသော အက္ခရာ ၆-လုံးကိုရ၏။ မူလ အက္ခရာ ဖြစ်သော(ဝ) ၂-လုံးနှင့်ပေါင်းလျှင်ရှစ်လုံးဖြစ်၏။

ဧင်းရှစ်လုံးကို၊ အထက်တတန်းအောက်တတန်းအား ဖြင့်။

က-ပ-ခ-ဝ။

ယ-ဂ-ဗ-ဝ။

ဟူ၍လေးသုံးစီလေးလုံးစီဘက်ယှဉ်၍ ထားအပ်ကုန်၏။ အကယ်၍ ဧင်းရှစ်လုံးတို့သည် မှန်ကုန်အံ့။ ဂဏန်းသင်္ချာအရေအတွက်အားဖြင့် ၃၃-ဖြစ်၏။ ဟုဆိုသည်မှာ ဧင်းရှစ်လုံးကို နံသင့်ကောက်၍ပေါင်းသော်-၃၃-ဖြစ်၏။

က-ပ-ခ-ဝ—၂+၅+၇+၄—၁၈ }

ယ-ဂ-ဗ-ဝ—၄+၂+၅+၄—၁၅ } ၃၃

ထိုက-ပ-ခ-ဝ။ ယ-ဂ-ဗ-ဝ-ဟူသောအက္ခရာရှစ်လုံးသည်။ အတုမရှိသောအကျိုးကိုပေးစွမ်းနိုင်သော၊ လေးလုံးသော-စ-မ-တို့ကို ကောက်ယူရာကောက်ယူကြောင်း အခြေခံအက္ခရာများ ဖြစ်ကြ၏။ သို့ကြောင့်ကျမ်းပြုဆျှင် ဥတ္တမသိရိမထေရ်သည်။ ထို က-ပ-ခ-ဝ-ယ-ဂ-ဗ-ဝ-ဟူသောအ က္ခရာရှစ်လုံးကို။ အာဒိသင်္ကေတပြု၍။

က—ရုံကရောတမံမောဟံ

ပ—ဗေါဒေဿိဇာနမ္ဘူဖံ

ခ—ပေတွာခမ္ဘရံသိဟိ

ဝ—ရီသောဒေတုမေဖလံ။

ယ—မိတမ္ဗူယာမောဒန္တော၊

၈—မိတဗ္ဗ ဂမာဒိကော၊
၉—လံမာရသဿယောဇိနော၊
ဝ—ရိသောဒေတုမေဇယံ။
ဟူ၍အဘိသဂါထာကိုဖွဲ့ဆိုခြင်းဖြစ်လေသည်။

ကျမ်းရင်းပါဠိ–၃။

ပရိဂ္ဂဟာဏာ ပဋ္ဌမကဏ္ဍရ်၊ ဒသေသတွာ၊ ဓာဒါနိ ပရိဂ္ဂဟာဏာနယံ၊ ဒုဿယိဿသာမိ၊တံမေသုဏာထ၊ အကုသရဏ္ဍိကာ၊ တေတ္တိ သပိဋကကဏ္ဍရေ၊ ပဋ္ဌမံလိက္ခိတွာဋ္ဌပေယျ၊ ထတောဂဟာဏာကဏ္ဍရဋ္ဌိ ဝုတ္တနယေန–လိက္ခိတွာဌပေယျ၊ ဋ္ဌပိတေပန အဋ္ဌသု ဂဟာဏာကဏ္ဍရေသု၊ ဆာဒိမှိ ဥပရိကဏ္ဍရဝသန ဋ္ဌာနတော ပဋ္ဌာယ၊ ဗောဓိပက္ခိယခမ္မေဟိ တေတ္တိ သပိဋကကဏ္ဍရေသု ဂဏ္ဌေတွာ ပတ္တကဏ္ဍရော အင်္ဂုရခါပိယတော၊တတောအာဒိမှိ အခေါအကဏ္ဍရဝသနဋ္ဌာနတော ပဋ္ဌာယဗောဓိပက္ခိယခမ္မေဟိ၊ တထေဝဂဏ္ဌေတွာ ပတ္တကဏ္ဍရော၊အင်္ဂုရခါပိယတော ဝေမာဒိနာနယေန၊ အင်္ဂုရခါပိတွာ၊ အင်္ဂုဂါယကဏ္ဍရေပဋ္ဌော၀၊ နာပိကာဒါရံ၊ သဂဏ္ဍမေကံကုလိတ္တိ ဖုသတိ၊တမေဝ ကုလိတ္တိ ပိဇာယိတုံ၊ ပနိုပိခဥ္စာဏာသမ္မယုတ္တစိတ္တ သင်္ခါတာသုဂဏ္ဍုဋ္ဌရေသု၊သင်္ခါရာပိတာသု သုဝဏ္ဏဝဏ္ဏော၊ ဖုဋ္ဌောပိဇာယိ၊ တာယ မာတုယာသသဟ တယောပုတ္တာ၊ စတုကဏ္ဍရောဘဝန္တိ၊ တေဟိလဋ္ဌသဉ္ဇာသု သမ္ပိဏ္ဍာသု အဋ္ဌာရသ၊ ခါတုတော စတ္တာရော ဘောဒါဘဝန္တိ၊ဂဟာဏာနယံဒုသေသတွာ၊ဓာဒါနိ ကိမ္ပြနယံ၊ ဒုဿယိဿသာမိ၊ တံမေသုဏာထ အကဏ္ဍ၍တ္တိကာ၊

အနက်ကား၊

ပရိဂ္ဂဟာဏံ-ကောက်ယူကြောင်းဖြစ်သော၊ ပဉ္စမက္ခရ၏၊ ပဉ္စမအက္ခရာရှစ်လုံးကို၊ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ-ယခု အခါ၌။ ပရိဂ္ဂဟာဏနယံ၊ ကောက်ယူကြောင်း နည်းကို၊ ဒဿယိဿာမိ၊ ပြပေအံ့။ တံ၊ ထိုကောက်ယူကြောင်း နည်းကို၊ မေမမ-ငါ၏။ သန္တိကေ၊ အထံ၌။ အက္ခရုပ္ပတ္တိကာ (စမ)အက္ခရာတို့ကိုအလိုရှိသောသူတို့သည်၊ သုဏာထ၊ နာသင့်ကုန်။

တေတ္တိံသပိဋကက္ခရေ၊ ၃၃လုံးသောပိဋကတ်အက္ခရာတို့ကို၊ ပဉ္စမံ၊ ရှေးဦးစွာ၊ လိက္ခိတွာ၊ ရေး၍၊ ဌပေယျ၊ ထားဦးရာ၏။ တတော၊ ထိုနောက်မှ။ ဂဟာဏက္ခရမ္ပိ၊ ကောက်ယူကြောင်းဖြစ်သော အက္ခရာကိုလည်း၊ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ လိက္ခိတွာ၊ ရေး၍။ ဌပေယျ၊ ထားရာ၏။ ဌပိတေပန၊ ထားသော်ကား၊ အဋ္ဌသု၊ ရှစ်လုံ:ကုန်သော၊ ဂဟာဏက္ခရေသု၊ ကောက်ယူကြောင်း ဖြစ်သော အက္ခရာတို့တွင်။ အာဒိမှိ၊ အစ၌၊ ဥပရိက္ခရဝသနဋ္ဌာနတော၊ အထက်အက္ခရာနေရာဌာနမှ၊ ပဋ္ဌာယ၊ စ၍။ ဗောဓိပက္ခိယာဓမ္မေဟိ၊ ဗောဓိပက္ခိယတရား၃၇-ပါးတို့ဖြင့်၊ တေတ္တိံသ ပိဋကက္ခရေသု၊ ၃၃ လုံးသော ပိဋကတ်အက္ခရာတို့၌၊ ဂဏေတွာ၊ ရေတွက်၍။ ပတ္တက္ခရော၊ ရောက်သော အက္ခရာကို၊ အန္တရဓာပိယတော၊ ကွယ်စေအပ်၏၊

ဝေမာဒိနာ၊ ဤသို့အစရှိသော၊ နယေန၊ နည်းဖြင့်၊ အန္တရ

ဓါဖိုတွ၁၊ကွယ်စေ၍။အနဏ္ဍဂါဟာကျွရေ၊အဆုံးဖြစ်သော
အောက်အက္ခရာတို့သို့။ ပတ္တောဝ၊ ရောက်သတ်သော်
လျှင်၊ နာပိကဒါရ၊ သဘော်သူကြီး၏ မယားဖြစ်သော၊
သဂဏ္ဍ၊ ရင့်မာသော သခွေ့ရှိသော။ ဇက်၊ တယောက်
သော၊ကုလိတ္ထိ၊ ကုလားမကို။ ဗုဿတိ-တွေ့၏။ တမေ
ဝ ကုလတ္ထိ တံဇဝ ကုလိတ္ထိ၊ ထို ကုလားမ ကိုလျှင်၊
ပိဇာယိတုံ၊ သားဖွား စိမ့်သောငှါ။ ပဋိပဇ္ဇာဏာ သမ္ဗ
ယုတ္တစိတ္တသမ်ါတာသု၊ ထိုးထွင်းသောဉာဏ်နှင့်။ ယှဉ်
သောစိတ်ဟူ၍ ဆိုအပ်ကုန်သော၊ ဂဏ္ဍဒွရာသု၊ လက်
သည်ဝမ်းဆွဲတို့ကို။သ ါရာပိ ာသု၊ ပြုပြင်စေအပ်ကုန်
သည်ရှိသော်။ သုဝဏ္ဏ ဝဏ္ဏော၊ ရွှေအဆင်းနှင့် တူသော၊
ဝုဏ္ဏော၊သားတို့ကို။ ပိဇာယိ၊ဖွား၏။ တာယ မာတု ယာ၊
ထို ကုလားဖြစ်သော အမိနှင့်။ သဟ၊တကွ။ တယော၊
ဝုတ္တာ၊ သားသုံးယောက်တို့သည်။ စတုက္ခရာ၊ လေးလုံး
သော(စ-မ)အက္ခရာတို့သည်၊ သဲစဘဝန္တိ၊ အကယ်
၍ဖြစ်ကြကုန်အံ့၊ တေဟိ၊ ၎င်းတို့မှ။ လဒ္ဓသဉ္ဇာသု၊ ရအပ်
သော ဂဏာန်းတို့ကို၊ သမ္ပိဏ္ဍာသု၊ ပေါင်းသည်ရှိသော်။
အဋ္ဌာရသ၊ တဆယ့်ရှစ်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။
ဓါတုတော၊ ဓါတ်အားဖြင့်။ စတ္တာရောဘေဒါ၊ လေးပါး
ပြားကုန်သည်၊ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဂဟဏာ နယံ၊
ကောက်ယူနည်းကို၊ ဒဿေတွာ၊ ပြပြီး၍။ နုဒါနိ၊ ယခု
အခါ၌၊ ကိန္တြိနယံ၊ ကိန်းနည်းကို။ ဒဿယိဿာမိ၊ ပြဝေ
အံ့၊ ထံ၊ထိုနည်းကို။ မေမမ၊ ငါ၏။ သန္တိကာ၊ အထံမှ၊

အက္ခရတ္ထိကား၊(စ-မ) အက္ခရာတို့ကိုအလိုရှိကုန်သောသူ
တို့သည်။သုဏာထ၊နာကြကုန်လော့။

ကျမ်းရင်းပါဠိ။ နံပါတ်-၃-အတွင်။

ရှေးဦးစွာ ၃၃-လုံးသော ပိဋကတ်အက္ခရာတို့ကိုရေး
ထားရာ၏ဟူသည်ကား။ က-ခ-ဂ-စသောအက္ခရာတို့ကို
အစဉ်လိုက်။ အောက်ပါအတိုင်း ရေးထားရန် ဖြစ်လေ
သည်။

က-ခ-ဂ-ဃ-င-စ-ဆ-ဇ-ဈ-ည-ဋ ဌ-ဍ-ဎ-ဏ-တ-
ထ-ဒ-ဓ-န-ပ-ဖ-ဗ-ဘ-မ-ယ-ရ-လ-ဝ-သ-ဟ-ဠ-အံ။

ထိုနောက်။ကောက်ယူကြောင်းဖြစ်သောအက္ခရာတို့
ကိုလည်း။ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရေးထားရာ၏ဟူ
သည်ကား။ အထက်၌ပြခဲ့ပြီးသည့်အတိုင်း။ က-ပ-ဓ-ဝ
ဃ-ဂ-ဗ-ဝ-ဟူသော အက္ခရာရှစ်လုံးတို့ကို၊ အပေါ်လေး
လုံး။ အောက်လေးလုံးဘက်ယှဉ်၍။ ရေးထားရမည်ဟု
ဆိုလိုသည်။(ပဌမပုံစံကိုကြည့်ပါ။)

က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ

(ပဌမပုံစံ။)

ဃ	ယ	ရ	ဇ
က	ပ	ဓ	ဝ
ဃ	ဂ	ဗ	ဝ
သ	ည	က	ဋ

(ဒုတိယပုံစံ၊)

ဤသို့ထားပြီးနောက် ပဌမပုံစံတွင်။အထက်အက္ခရာ

တို့၏အစဖြစ်သော (က)ကြီးမှစ၍ရေးထားပြီးသော၃၃-လုံးသောဗျည်းတို့တွင် ဗောဓိပက္ခိယတရား ၃၇ ပါးနှင့်ထောက်၍ ရေတွက်သည်ရှိသော်။ ၃၇-ကြိမ်ထောက်မိလျှင်။ (ဃ)ကြီးအက္ခရာကိုတွေ့၏။ ရောက်သောအက္ခရာကို ကွယ်စေအပ်၏ဟု ဆိုသောကြောင့် ရေးထား သော ၃၃-လုံးသောဗျည်းတို့အနက်မှ (ဃ) ကြီးကိုပယ်ဖျက်ပြီးနောက်၊အင်းပုံတွင်(က)ကြီးအက္ခရာ၏၊အပေါ်တည့်တည့်ကွက်လပ်တွင် ထည့်ထားရာ၏။ (ဒုတိယပုံစံကိုကြည့်ပါ)။ ထိုနောက်ကောက်ယူကြောင်းအက္ခရာ ၅စ်လုံးအနက်၊ အောက်အက္ခရာလေးလုံး၏ အစဖြစ်သော (ယ) အက္ခရာမှစ၍၊ ကျန်ရှိသောဗျည်း ၃၂-လုံးတို့တွင်အစဉ်လိုက်ဗောဓိပက္ခိယတရား၃၇ပါးဖြင့်ရေတွက်ပြန်သော်၊ ၃၇-ကြိမ်မြောက်စေလျှင်၊ (သ)အက္ခရာကိုတွေ့၏၊ ထိုအက္ခရာကိုလည်း၊ဗျည်းတို့ အစဉ်မှဖျက်၍၊အင်းပုံတွင် (ယ) အက္ခရာအောက်တည့်တည့်ကွက်လပ်၌ ထည့်ထားရာ၏၊တဖန်အထက်အက္ခရာလေးလုံးတွင်၊ ဒုတိယအက္ခရာဖြစ်သော(ပ)စောက်အက္ခရာမှစ၍ကျန်ရှိသောဗျည်း၃၁လုံးတွင်။ ဗောဓိပက္ခိယတရား-၃၇-ပါးနှင့်ရေတွက်ပြန်သော်(ဃ)အက္ခရာကိုတွေ့၏၎င်း(ယ)ကိုလည်းဗျည်းတို့အစဉ်မှပယ်ပြန် လျက်အင်းပုံတွင် (ပ) အက္ခရာအထက်ကွက်လပ်တွင်ထည့်ထားရာ၏၊ထိုနောက်။ ဒုတိယအောက်အက္ခရာဖြစ်သော (ဂ)ငယ်မှစ၍၊ ကျန်ရှိသော ဗျည်းအစဉ်အလုံး ၃၀-ကို ထောက်ပြန်သော်၊ ၃၇- ကြိမ်စေ့က (ည)အက္ခရာကိုတွေ့၏၊၎င်းကိုအထက်ပါနည်းအတိုင်း၊

ဗျည်းအစဉ်နှင့်ချေပျက်၍၊ (ဂ) ငယ်အောက် ကွက်လပ်တွင်ထည့်ထားရာ၏၊ ဤနည်းအတိုင်း။ အထက်အက္ခရာတကြိမ်၊ အောက်အက္ခရာတကြိမ်၊ အစဉ်လိုက် ဗေါဓိပက္ခိယတရား ၃၇-ပါးနှင့် ရေတွက်သွားသည်ရှိသော်၊ ဒုတိယပုံစံအတိုင်း၊ အပေါ်တန်း၌။ စ-ယ-ခ-ဇ-ဟူသော စာဗိုလ်လေးလုံးကိုရ၏၊ အောက်တန်း၌။ သ-ည-က-ဍ- ဟူသော စာမအက္ခရာလေးလုံးကိုရ၏။ စာဗိုလ်လေးလုံးမှာ၊ ဆေးဖြစ်၍၊ (ဝါ) ဗ္ဗ ဖ-ဖြာဝေဒနာကို၊ ကုစားနိုင်သော သတ္တိရှိ၏၊ (နေ) ဂိုဏ်းဖြစ်၏၊ စာမ ၄-လုံးမှာ၊ မန္တာန်ရားဖြစ်၏၊ (ဝါ) လောကီအတတ် ဂန္ဓာရီထွက်ရပ်လမ်းကို သွားနိုင်သောသတ္တိရှိ၏၊ ရတနာမိုးယံးရွာနိုင်၏။ (လ) ဂိုဏ်းဖြစ်၏၊ ထို့ကြောင့်၊ နောက်ကာလ ပညာရှိတို့သည်၊ "စာဗိုလ် စာမ၊ နေလပိုင်နက်၊ နှစ်ချက်ကွဲပြား၊ မန္တာန်ရား(လ) ဩသဓ(နေ)၊ ဆုပေးလေမှ၊ ဝေရန္တဟု......" စသည်ဖြင့် စပ်ဆိုကြလေသည်။

• ဤသို့ ဗေါဓိပက္ခိယတရားဖြင့်ကောက်ရာ၌၊ နောက်ဆုံးတွေ့ရှိသော အက္ခရာကား (ဍ) ဖြစ်၏၊ ၎င်းကိုပင်၊ သဗ္ဗောသူကြီး၏မယားဖြစ်သော ကိုယ်ဝန်အရင့်အမာရှိသော၊ တယောက်သောကုလားမကိုတွေ့ရ၏ဟုဆိုခြင်းဖြစ်၏၊ (ဍ) အက္ခရာမှာ၊ ဓါတ်အားဖြင့် တေဇောဓါတ်၊ မီးတောက်ဓါတ်မဖြစ်၍၊ သဗ္ဗောသူကြီး၏မယားဟုဆိုလေသည်၊ ဍ-မှ......ဣသောစနေနံ(၁၀)လုံးသည်၊ အမျိုးအားဖြင့်၊ ကုလားဖြစ်သောကြောင့် (ဍ)ကိုကုလားမဟုခေါ်ဆိုခြင်းဖြစ်၏၊ ကိုယ်ဝန်အရင့်အမာရှိသည်ဟုဆိုခြင်း

ကား၊ ၎င်း အက္ခရာကိုရှဘ်ဘတ်သိုက်သည်နှင့်တပြိုင်နက်၊ ၎င်းအက္ခရာ၌တပါးသော (စ-မ)အက္ခရာများကို မွေးဖွားတော့မည်ဖြစ်သောကြောင့်၊ ကိုယ်ဝန်အရင့်အမာရှိသည်ဟုဆိုခြင်းဖြစ်သည်။၎င်းအက္ခရာကို ထိုးထွင်းသောဉာဏ်နှင့် ယှဉ်သောစိတ်ဟု၊ ဆိုအပ်သောလက်သည်ဝမ်းဆွဲတို့ဖြင့်ပြုပြင်စေသော်၊ သားသုံးယောက်ကို ဖွား၏ဟုဆိုသည်ကား (ဍ) အက္ခရာကို၊ ဍ-သိ-ညင်း-ကြိုတ်-ဟုခေါ်ဝေါ်သည်ဖြစ်ရကား၊ ၎င်း(ဍ) အက္ခရာမှ၊ သိညင်းကြိတ်ဟူသော သ-ည-က-အက္ခရာ သုံးလုံးကို ပေါက်ဖွားစေလေသည်။

အကယ်၍၊ အမိနှင့်တကွသော၊ သားသုံးယောက်သည်၊စ-မ အက္ခရာလေးလုံးဖြစ်အံ့၊မှန်အံ့၊၎င်းတို့မှရအပ်သောသင်္ချာသည် ၁၈-ဖြစ်၏၊ဓါတ်အားဖြင့်လည်းလေးပါးပြားကုန်၏ ဟူသည်ကား၊

ဍ-သ-ည-က-ကို ဂဏန်းကောက်သည်ရှိသော်-၁၈ ရ၏၊

ဍ—	စနေနံ—	၇၊		
သ—	သောကြာနံ—	၆၊	၁၈၊	=
ည—	အင်္ဂါနံ—	၃၊		
က—	တနင်္လာနံ—	၂၊		

ဓါတ်အားဖြင့်ကား- ဍ-သည်၊ အင်္ဂေါ၊ တေဇော ဓါတ်မ၊

သ-သည်၊ ဝံသော၊ အာပေါ၊ ဓါတ်မ၊

ည- သည်၊ စရေ၊ ဝါယော၊
ဓါတ်ဖို၊
က- သည်၊ ဂဗ္ဘေ၊ ပထဝီ၊
ဓါတ်ဖို၊
ဓါတ်လေးပါးဖြားထေတော့သည်တည်း၊

ဤ(၄)အက္ခရာကိုရည်၍ပင်ရှေးဆရာတို့သည်၊ "ကုသားမသား၊ သုံးယောက်ဖွား၊ ရွှေသားညီနောင်၊ တန်ခိုးဆောင်၊ အခေါင်သိဒ္ဓိ၊ တုမရှိ၊"ဟူ၍စပ်ဆိုခဲ့ကြလေသည်၊

ယခုကောက်ယူနည်းကိုပြဆိုပြီး၍၊ အဘယ်ကြောင့် ၃၇-ကိန်းဖြစ်သော၊ ဗေါဓိပက္ခိယတရားဖြင့်၊ ကောက်သနည်းဟူသောအမေးကိုဖြေရန် ကိန်းနည်းကိုဆက်လက်ပြဆိုပေအံ့၊ ဟူလိုသည်၊

ကျမ်းရင်းပါဠိနံပါတ် ၄၊

ဝုတ္တံ၊ ဗေါဓိပက္ခိယာ ဓမ္မေဟိဂဟဏံ ကရောတိ၊ ကသ္မာနု တေဟိ ဓမ္မေဟိ ဂဟဏံ ကရောတီတိ ပုစ္ဆာယံ၊ တေစတုက္ခရာ၊ စန္ဒသူရိယေနိဿာယ ပဝတ္တန္တိ၊ တသ္မာ တေဟိ ဓမ္မေဟိ ဂဟဏံ ကရောတိ၊ ယေဓမ္မာ ကေဟိ ကိရိယေဟိ အာဂတာတိ ပုစ္ဆာယံ၊ တေဓမ္မာ စန္ဒသူရိယာနံ ယောဇနသင်္ချာတော အာဂတာ၊ တသ္မာဗေါဓိပက္ခိယ ဓမ္မေဟိဂဟဏံ ကရောတိ၊ ဂရုဠတော လဒ္ဓ (ခမိယုမေရု)သင်္ချံ မ္မိတံကတွာ၊ စရဏကိရိယေန ဘာဂရေ လဒ္ဓံပန ဗေါဓိပက္ခိယဓမ္မာနံသင်္ချာဘာတိ၊ သေသဥ ဒွိမေယျ၊ စန္ဒတော လဒ္ဓါယ(သဝရ စရဏမေရု) သင်္ချာယ

ဝုတ္တ ဝေ သံမိသေသတ္တာ၊ စရဏကိုးခြိနု ဘာဂရေ၊ လဒ္ဓ
ပန တေသံယော၀ သဉ္ဇာတာ၀တိ၊ တေသံပနဒေ၀တ်မှိ
နက္ခတ္တေ မိသေသတ္တာ ဝုတ္တနယေန ဘာဂရေ၊ နိသေသံ၊
လဒ္ဓံ ပန၊ သံဝစ္ဆရ မာသဒိဝါနံ ပရိစ္ဆိန္န ဘူတံ ဧဝမ
နုသာသာဒိနံ ကမ္မဟာရ ပဋိသန္ဓိ ဂဟာဏာဒတိ ဘာရ၊ ဂရုဋ္ဌာဒိ
နာဂန္တံ၊ သတ္တဒိဝသံ ဘာဝတိ၊ ။ဗေါဓိပက္ခိယဓမ္မေဟိ
ဂဟဏာ နယံ ဒသေသတ္တာဒိနိ အာဘာယဓာတကေန ဂဟာ
ဏနယံ ဒဿေယိဿာမိ။တံမေသုဏာထအက္ခရတ္တိကာ။

အနက်ကား။

ဝုတ္တ၊ ရှေ့ကောက်ယူရာ၌၊ ဗောဓိပက္ခိယဓမ္မေဟိ၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ဖြင့်။ ဂဟဏံ၊ ကောက်ယူခြင်းကို။ ကရောတိ၊ ပြု၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တေဟိဓမ္မေဟိ၊ ထိုတရား၃၇ ပါးတို့ဖြင့်။ဂဟဏံ၊ကောက်ယူခြင်းကို၊ ကရောသိနု၊ ပြုပေသနည်း။ ဇုတိပုဏ္ဏာယံ၊ ဤသို့မေးသည်၊ သတိ ရှိသော်၊ တေစတုက္ခရာ၊ ထို အက္ခရာလေးလုံးတို့သည်၊ စန္ဒသူရိယော၊ လ,နေ တို့ကို၊ နိဿာယ၊ အမှီပြု၍၊ ပဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို ကြောင့်၊တေဟိဓမ္မေဟိ၊ ထိုဗောဓိပက္ခိယ တရားတို့ဖြင့်၊ ဂဟဏံ၊ ကောက်ယူခြင်းကို၊ ကရောတိ၊ ပြု၏၊ ယေဓ မ္မာ၊ အကြင်ဗောဓိပက္ခိယ တရားတို့သည်၊ ကေဟိ ဂ[illegible]ဟိ၊ အဘယ်မည်သော ကိန်းတို့မှ၊ အာဂတာ၊ လာသနည်း၊ ဇုတိပုဏ္ဏာယံ၊ ဤသို့မေးသည်၊ သတိ၊ ရှိသော်၊ တေဓမ္မာ၊ ထိုတရားတို့သည်၊ စန္ဒသူရိယတန်

ထ,နေ့ဝင်ရ၏။ ယောဇနသင်္ချာတော၊ ယူဇနာသင်္ချာမှာ။ အာ
ဂတာ၊ လာ၏။ တသ္မာ၊ ထိုကြောင့်။ ဗောဓိပက္ခိယဓမ္မေဟိ၊
ဗောဓိပက္ခိယတရားတို့ဖြင့် ဂဟာတာ၊ ကောက်ယူခြင်းကို၊
ကာရောတိ၊ ပြု၏။ ဂရုဍတော၊ ဂဠုန်မင်းမှာ၊ လဒ္ဓံ၊ ရအပ်
သော။ ဓမိယုမေဂု-သင်္ချံ၊ ဝံ-ဆုယု-မေရု ဟူသောသင်္ချာ
ကို။ ဌပိတံကာထွာ၊ တည်ထား၍။ စရဏာကပ်ခြေနှ၊ စရဏ
ကိန်းဖြင့်။ ဘာဂရေ-စားရာ၏။ လဒ္ဓမန- ရအပ်သော လစ်
သည်ကား။ ဗောဓိပက္ခိယ ဓမ္မာနံ ဗောဓိပက္ခိယတရားတို့
၏။ သင်္ချာ၊ သင်္ချာသည်။ ဘဝတိ-ဖြစ်၏။ သေသဥ-အကြွင်း
ကိုလည်း။ ဌပေယျံ- ထားရာ၏။ စန္ဒတော- လမင်းမှ၊
လဒ္ဓါသ-ရအပ်သော။ သဝဂုစရဏမေရုသင်္ချာသာ-သာဝ
ရ-စ,ဏ၊ မေရုသင်္ချာ၌။ ဝုဋ္ဌသေသံ- ရှေးစားကြွင်းကို။
မိသေသထွာ-နှော၍။ စရဏာကပ်ခြေနှ-စရဏာကိန်းဖြင့်။ ဘာ
ဂရေ-စားရာ၏၊ လဒ္ဓပန-လပ်သည်ကား။ တေသံယေဝ-
ထို ဗောဓိပက္ခိယ တရားတို့၏ သာလျှင်။ သင်္ချံ-သင်္ချာ
သည်။ ဘဝတိ-ဖြစ်၏။ သေသံပန-အကြွင်းကိုကား။ ရေ
ဝတ်မှ နက္ခတ္တေ။ ရေဝတီအဆုံးရှိသော ၂၇- လုံးသော
နက္ခတ်တို့၌။ မိသေသထွာ-နှော၍။ ပုဗ္ဗနယေန-ရှေးနည်း
ဖြင့်။ ဘာဂရေ-စားရာ၏။ နိဿေသံ-အကြွင်းမရှိပြီ။ လဒ္ဓ
ပန- လပ်သည်ကား။ သံဝစ္ဆရမာသဒိဝါနံ- နှစ်-လ-
ရက်နေ့တို့၏။ ပရိစ္ဆိန္နဘူတံ-ပိုင်းခြားရာဖြစ်သော။ ဒေဝ
မနုဿာဒီနံ- နတ်လူတို့၏။ ကမ္မဟာရ- အမှုဆောင်ခြင်း။
ပဋိသန္ဓိဂဟဏာ-ပဋိသန္ဓေယူခြင်း။ စုတိကာရံ၊ စုတိခြင်းကို
ပြုရာဖြစ်သော။ ဂရုဍာဒိနာဂဏ္ဍံ-ဂဠုန်အစရှိကါနံ့အဆုံး

ရှိသော၊ သတ္တဗွိဝသံ-ခုနှစ်ရက်သည်၊ ဘဝတိ-ဖြစ်၏၊ ဗောဓိပက္ခိယဓမ္မေဟိ- ဗောဓိပက္ခိယတရားတို့ဖြင့်၊ ဂဟဏနယံ-ကောက်ယူနည်းကို၊ ဒဿေတွာ-ပြပြီး၍၊ ဥဒ္ဒါနိယာရအခါ၌၊ အဘာယဇာတကေန- ဘေးမရှိသောဇာတ်အားဖြင့်၊ ဂဟဏနယံ- ကောက်ယူ နည်းကို၊ ဒဿယိဿာမိ၊ ပြပေအံ့၊ တံနယံ-ထိုကောက်ယူနည်းကို၊ မေမမ၊ ငါ၏၊ သန္တိကာ-အထံမှ၊ အက္ခရဖ္ဖိကာ-စမအက္ခရာတို့ကိုအလိုရှိကုန်သောသူတို့သည်သုဏာထ၊ နာလင့်ကုန်၊

ကျမ်းရင်းပါဠိ၊ နံပါတ် ၄-အဖွင့်၊

စမ တို့ကိုကောက်ယူရာ၌၊ အဘယ်ကြောင့် ဗောဓိပက္ခိယတရား၃၇-ပါးနှင့်ကောက်ယူပေသနည်းဟုမေးခဲ့သည်ရှိသော်၊ က-ပ-ခ-ဝ-တည်းဟူသော ၄-လုံးသောအက္ခရာတို့သည်၊ နေ့လတို့ကိုမှီ၍ ဖြစ်လာသောအက္ခရာတို့တည်း၊ သို့ကြောင့် ဗောဓိပက္ခိယတရား ၃၇-ပါးဖြင့်၊ ကောက်ယူ၏ဟုဖြေပေ၏၊ အကြင် ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်၊ အဘယ်ကိန်းကလာသနည်းဟုမေးမြန်းသော်၊ ထိုဗောဓိပက္ခိယတရား၃၇-ပါးတို့သည်၊ နေလတို့၏ယူဇနာသင်္ချာမှရအပ်သောကိန်းဖြစ်၏ဟုဖြေပေ၏၊ အဓိပ္ပါယ်ကား က-ပ-ခ-ဝ-ဟူသော စမ အက္ခရာ ၄-လုံးတို့သည်၊ နေလ ၂-ပါးမှရအပ်သောအက္ခရာများဖြစ်၏၊ ဗောဓိပက္ခိယတရား ၃၇-ပါးဟုဆိုအပ်သော၃၇ သင်္ချာသည်လည်း၊ နေလတို့၏အဝန်းယူဇနာမှ၊ ရအပ်သောကိန်းဖြစ်၏၊ သို့ကြောင့် ၃၇-ကိန်းနှင့်ကောက်ယူခြင်းပြု၏ဟုဆိုလိုသည်၊

ထို ၃၇-တည်းဟူသောကိန်းကို၊ အဘယ်ကဲ့သို့ နေ လတို့၏ ယုဇနာ သင်္ချာမှ ရသနည်းဟူမူ၊ နေ၏အဝန်း ယုဇနာ ဖြစ်သော၊ (ခံ=သုည) (ရှုယ=၅၊)(မေရု=၁) တည်းဟူသောယုဇနာ ၁၅၀-ကိုတည်ထားပြီးလျှင်၊ စရဏကိန်းဟုဆိုအပ်သော ၄-နှင့်စားသော်၊ရလဒ်သည်၊ ၃၇-ဖြစ်၏၊ ၂-ကြွင်း၏၊

လ၏အဝန်းယုဇနာဖြစ်သော(သဝရ=၇)(စရဏ=၄) (မေရု=၁)တည်းဟူသော ၁၄၇ တွင် ယခင်အကြွင်း ၂ကိုနှောက ၁၄၉ ဖြစ်၏၊ စရဏကိန်း၄နှင့်စားသော်ရလဒ်သည် ၃၇-ပင်ဖြစ်၏၊ ၁-ကြွင်း၏၊ ၎င်း ၁-ကိုအဿဝဏီအစ၊ ရေဝတီအဆုံးရှိသော ၂၇ လုံးသောနက္ခတ်တွင်ရောလျှင်၂၈ ဖြစ်၏၊စရဏကိန်း ၄နှင့်ယခင်အတိုင်းစားသော်၊အကြွင်းမရှိပြီ၊ရလဒ်ကား(၇) ဖြစ်၏၊ ၎င်း(၇)သည်၊ ဂဠုန်နံ တနင်္ဂနွေအစ၊ နဂါးနံ စနေအဆုံးရှိသော၊ နှစ် လ ရက် နေ့တို့၏ ပိုင်းဖြတ်ရာ နတ်လူတို့ ပဋိသန္ဓေယူရာရတေရာအမှုဆောင်ရာဖြစ်သော (၇) နေ့ပင်ဖြစ်တော့သည်ဟုဆိုလိုသည်၊

အချို့မူတို့၌ကား၊ဂရုဠတောလဒ္ဓံ၊ (နမိယ)မေရုသင်္ချံ၊ ဟူ၍၎င်း၊စန္ဒတောလဒ္ဓါယ၊ (သံ့ဝယ)မေရုသင်္ချာယ၊ဟူ၍၎င်းတွေ့ရှိရလေသည်၊၎င်းကိုအနက်ပြန်လျှင်၊ဂဠုန်မင်းမှရအပ်သော (နမိယ) ဟူသောမြင့်မိုရ်သင်္ချာ၊ လမင်းမှရအပ်သော(သံဝယ)ဟူသောမြင့်မိုရ်သင်္ချာဟု အနက်ပြန်ဆိုရပေမည်၊

မြင့်ရိရ်သင်္ချာဟူသည်ကား၊ ခုနစ်တောင်တာတည်း ဟူသောမြင့်ရိရ်တာဖြင့် တိုင်းထွာအပ်သော ယူဇနာဟူ၍ယူအပ်၏၊ (နုမိယု) ဟူသည်မှာ၊ ပိဋကတ် သင်္ချာပင် ဖြစ်သည်။

(နု=၀၊ မိ=၅၊ ယု=၁) ၁၅၀ ပင်ဖြစ်သည်။

(သံဝယ) ဟူရာ၌လည်း၊ (သံ=၇၊ ဝ=၄၊ ယ=၁) ၁၄၇-ပင်ဖြစ်သည်။

ပိဋကတ်သင်္ချာကောက်နည်းကား၊

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ					
ယ	ရ	လ	ဝ	ၐ	ၑ	သ	ဟ	ဠ	အ

(အထက်ပါဇယားတွင်အက္ခရာတို့နှင့်တွဲရာ ဂဏန်းကိုကောက်သေ။)

ဤဗောဓိပက္ခိယကိန်းကို ပြဆိုပြီးနောက်၊ ရှင်ဥတ္တမ သိရိမထေရ်သည်၊ လေးသုံးသော-စ-မ-အက္ခရာကို၊ အဘယဇာတကနည်းတည်းဟူသော ဘေးမရှိသောဇာတ် ဖြင့်ကောက်ယူနည်းကို ပြဦးမည်ဟူ၍ ဝန်ခံပြန်သည်။ အဘယဇာတကဟူသည်ကား၊ မြတ်စွာဘုရား၏ ဘေး ဥပါဒ်ကင်းခဲ့သောဘဝဖြစ်တော်ပေါင်းကို ဆိုလိုရင်းဖြစ် လေသည်။

ကျမ်းရင်းပါဠိနံပါတ်-၅။

သောဠသ ပဉ္စမံကုဋ္ဌံ။ နဝဟံသေ တထေဝ စာဘိ အာဒိကံ။ ဂါထာပဒံ နိဿာယ ဝိရစိတံ။ သောဠသပဒံ ပဉ္စမံ လိက္ခိတွာ ဌပေယျ။ တတော ယုဂါဒိတောတ္တိ သဇနကုလာနိ ယထာက္ကမံ နိသိဒါပေယျ။ နိသိ ဒါပိ တေသုပန။ ပဉ္စမံ ယုဝတော ပဉ္စာယ။ တတ္ထ သောဠသပဒေ ကြိယံ ရတနတ္တယ ဝါစကေန ကိဉ္စြေန၊ ပဉ္စဇနော ဟာဇက္ကတွာ။ တတော ယထာက္ကမံ။ ကရဝိကိဉ္စြေနပဉ္စဇနော ဟာဇက္ကတွာတိ။ ဝေမာဒိနာ နယေန ဟာဇက္ကာ၊ သောဠသမေဝါဒရသဂဏ္ဍေကံ ကုလိတ္တိ ဖုဿတိ။ နဿာပန မာရေတဗ္ဗာ။ သာပိဂဏ္ဍသပရိပဉ္စတ္တာ။ တယော ပုဗ္ဗော ပိဇာယိတေ သုပိ ကော သဗ္ဗော။ ကော ရာမည ရဇ္ဇဝါသိနော။ ကောယုဝေါတိ ကုလဘောဒါ ပါဟောန္တိ။ ဝယ သာပန။ မာဘုဒသာဝယာ။ ပုဗ္ဗော သုပိ မဟာပုဗ္ဗော ကော ဝီသတိဝဿော။ မဇ္ဈိမပုဗ္ဗော အဌဝယော၊ ကနိဋ္ဌပုဗ္ဗော ပဉ္စရသဝယောတိ ဝယောဝိဉ္ဉာတဗ္ဗော၊ တာယ မာတုယာ သဟာတယော ပုတ္တာ စတုက္ခရာ၊ မာတုယာ ဖုတ္တာ နဋ္ဌာယု သမ္ဘိဉ္ဇိတွာ စတုပညာသ ဟောန္တိတိ ဝေဒိတဗ္ဗော၊

။ ။ဇုတ္တိဥတ္တမ သိရိနာမကေန ထေရေန။ ဒိပိဘော၊ စတုက္ခရဂဟာဏာနိဒဿန နယော၊ ပဉ္စမော။

အနက်ကား။

၄သောဠသပဉ္စမံကုဋ္ဌံ-နဝဟံသေ။ တထေဝစာတိအာဒိကံ၊ သောဠသ(ပ)တထေဝစ။ ဤသို့အစရှိသော၊ ဂါထာ

ပန်-ဂါထာဝန်ကို၊ နိဿာယ- အမှီပြု၍၊ ဝိရစိတံ-စီရင်
အပ်သော၊ သောဠသပဒံ- တဆဲ့ခြောက်ကွက် အင်းကို-
ပဌမံ-ရှေးဦးစွာ၊ လိက္ခိတွာ-ရေး၍၊ ဌပေယျ-ထားရာ၏၊
တတော- ထိုနောင်မှ၊ ယုဝါဒိ တေတ္တိံ သဇနေ ကုလာနိ၊
ယွန်းရှမ်းအစရှိသော ၃၃ ယောက်သော လူမျိုးတို့ကို၊
ယထာက္ကမံ-အစဉ်အတိုင်း။ နိသိဒါပေယျုံ- နေစေကုန်
ရာ၏၊ နိသိဒ္ဒါပိတေသုပန- နေစေ ကုန်ပြီးသည် ရှိသော်
ကား၊ ပဌမယုဝတော-အစဖြစ်သောရှမ်းမှ၊ ပဋ္ဌာယ-စ၍
တသ္မိံ သောဠသပဒေ-ထိုတဆဲ့ခြောက်ကွက်အင်း၌၊ ကြိ
ယံ-(ဝါ)ကိရသ၊ ကျေး၏၊ ရတနတ္တယ ါစကေန-ရတ
နာသုံးပါးကို ဟောအပ်သော၊ ကောဋ္ဌေန- ကိန်းဖြင့်။ ပတ္တ
ဇနော-ရောက်သောသူကို၊ ဟန္တဗ္ဗော-သတ်အပ်၏။ တ
တော-ထိုနောင်မှ၊ ယထာက္ကမံ-အစဉ်အတိုင်း။ ကာရိက
ကောဋ္ဌေန- ကာရိက် ဌက်ကိန်းဖြင့်၊ ပတ္တဇနော- ရောက်
သောသူကို၊ ဟန္တဗ္ဗော-သတ်အပ်၏၊ ဣတိ ဧဝမာဒိနာ
နယေန- ဤသို့အစရှိသော နည်းဖြင့်။ ဟန္တာ- သတ်၍၊
သောဠသမေဝါရေ- တဆဲ့ခြောက်ကြိမ်မြောက်၌၊ သဂဗ္ဘ-
ရင့်သော ကိုယ်ဝန်ရှိသော၊ ဧကံ- တယောက်သော၊ ကု
လိတ္ထိံ- ကုလားမကို၊ ဖုသတိ- တွေ့၏၊ သာပန-ထို
ကုလားမကိုကား၊ နမာရေတဗ္ဗာ- မ,သတ်အပ်။ သာ ဝါပိ
ထို ကုလားမ သည်လည်း၊ ဂဗ္ဘဿ- ကိုယ်ဝန်၏၊ ပရိ
ပက္ကတ္တာ- ရင့်မာသည်၏အဖြစ်ကြောင့်၊ တယောပုတ္တေ-
သားသုံးယောက်တို့ကို၊ ဝိဇာယိ-မွေးဖွား၏၊ တေသုပိ ထို
သုံးယောက်သော သားတို့ တွင်လည်း။ ဧကောဝုဍ္ဎော-

တယောဂ်သော သားကား၊ သက္ကော- သက်လူမျိုးတည်း၊ ကောဠပုတ္တော သားတယောက်ကား၊ ရာမညရဋ္ဌဝါသိနော-ရာမညတိုင်းသားတည်း (ဝါ)မွန်တလိုင်းတည်း။ ကောဠပုတ္တော-တယောက်သောသားကား၊ ယုဝေါ-သွန်းရှမ်းလူမျိုးတည်း၊ ဣတိ-ဤသို့၊ ကုလဘေဒါ-အမျိုးပြားကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏။ ဝယသာမနု-အရွယ်အားဖြင့်၊ မာတု-အမိသည်၊ ဒသဝဿာ- ဆယ်နှစ်ရွယ်ရှိ၏။ ပုတ္တေသုပိ-သားတို့တွင်လည်း၊ မဟာပုတ္တော-သား အကြီးသည်၊ ဧကဝီသတိဝဿော- အသက်နှစ်ဆဲ့တနှစ်အရွယ်ရှိ၏။ မဇ္ဈိမပုတ္တော-သားလတ်သည်၊ အဋ္ဌဝဿော- အသက် ရှစ်နှစ်ရွယ်ရှိ၏။ ကနိဋ္ဌပုတ္တော-သားငယ်သည်ကား၊ ပန္နရသဝဿော- အသက်တဆဲ့ငါးနှစ်ရွယ်ရှိ၏။ ဣတိ-ဤသို့၊ ဝဿောပိ- အသက်အရွယ်တို့ကိုလည်း၊ ဉာတဗ္ဗော-သိအပ်၏။ တာယမာတုယာ- ထိုအမိနှင့်၊ သဟ-တကွ။ တယောပုတ္တာ-သားသုံးယောက်တို့သည်၊ စတုက္ခရာ၊ လေးလုံးသော(စမ)အက္ခရာတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ မာတုယာစ-အမိ၏၎င်း၊ ပုတ္တာနဉ္စ-သားတို့၏၎င်း၊ အာယု-အသက်ကို၊ သမ္ပိဏ္ဍိတွာ-ပေါင်း၍၊ စတုပညာသ- ငါးဆဲ့လေးပါးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။ ဣတိ-ဤသို့၊ ဝေဒိတဗ္ဗော-သိအပ်၏၊

ဥတ္တမဘိက္ခု နာမကေန- အရှင်ဥတ္တမဘိက္ခု အမည်ရှိသော၊ ထေရေန-မဟာထေရ်သည်၊ ပဉ္စမော-ငါးဦးမြောက်၊ ဒီပိတော-ပြအပ်သော၊ စတုအက္ခရဂဟာန နိဒဿနယော

အက္ခရာဧလုံးကောက်ယူပုံကို ပြကြောင်းဖြစ်သောနည်းသည်။ ရှုတိသမဖ္ဗြောဿ-ဤထွင်ပြီးပြီ။

ကျမ်းရင်းပါဋ္ဌ်နံပါတ်(၅)အတွင်း။

သောဠသပဥ္စမံ ကုဋ္ဌံ အစရှိသော ဂါထာပုဒ်ကို မှီ၍စီရင်ရသော၁၆ ကွက်အင်းကို ရှေးဦးစွာ ရေးထား ရာ၏ ဟူသည်ကား။

"အစကြိုးကြာ ဆဲ့ခြောက်ခါတည့်။ ဟသ်ာကိုးဖြစ်။ ခြောက်ဖြစ်ကားခို၊ ကျေးညှိသုံးခါ။ သံသာ ကျူး ဟိတ်။ ကာရဝိက်ငါး။ လေးကား ကန္တရီ။ စာမရီဆဲ့ငါး။ ချောက်ကားတဆယ်၊ဆင်ဝယ်ဆဲ့တစ်၊ နွားဖြစ်ဆဲ့ခလေး။ဧးကောသိဋ္ဌဝ။ ကျွဲအဋ္ဌနှင့်။ သံမြသာညောင်းဥဒေါင်းနှစ်ခါ။ သာလိကာသဏ္ဍ-ဍူါဒသကြက်။ ဝက်ကားဆဲ့သုံး၊ ပေါင်းရုံးထွက်စစ်၊ (၁၃၆)ဖြစ်ဝယ်။ အဋ္ဌရာယ်တစိ။ ဘေးမရှိသ ည်၊မုနိမြတ်လောင်း။ဖြစ်တော်ပေါင်းကို။ညွှတ်ပျော်ငိုကြုံးရှိဘျှင် ခိုးသည်။ ကောင်းကျိုး ကိုယ်၌ တည်စေသောဝ်။

ဟူသော မြတ်စွာဘုရား၏ ဘေးမရှိသော ဖြစ်တော်ပေါင်းဘဝကို ပြဆိုရာဖြစ်သော လင်္ကာအရ၊ သောဠသအင်းဟူ၍ရင်း။ အဘယဇာတက အင်းဟူ၍ရင်းခေါ် ဆိုသောအင်းကို၊ အောက်ပါအတိုင်း ပဥ္စမရေးသား ထားရာ၏။

မှတ်ရန်။ အစကြိုးကြာ(၁၆)ခါမှစ၍၊ လင်္ကာအတိုင်း ဂဏန်းများကိုရထားသွားသွတ်သွင်းရမည်။

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

(သောဠသအင်း)

က-ခ-ဂ-ဃ-င-စ-ဆ-ဇ-ဈ-ည-ဋ-ဌ-ဍ-ဎ-ဏ-တ-ထ-ဒ-ဓ-န-ပ-ဖ-ဗ-ဘ-မ-ယ-ရ-လ-ဝ-သ-ဟ-ဠ-အံ့၊

(ဗျည်း-၃၃-လုံး)

ထိုနောက်၊ ရှမ်းအစရှိသော ၃၃ ယောက်သောလူမျိုးတို့ကိုအစဉ်အတိုင်း နေစေကုန်ရာ၏ ဟူသည်ကား။ ဗျည်း(၃၃)လုံးကိုအထက်ပါအတိုင်းရေးထားရမည်ဟု ဆိုလိုသည်၊ ဗျည်း ၃၃ လုံးကို၊ ရှမ်း အစရှိသော၊ ၃၃-ယောက်သောလူမျိုးဟု ခေါ်ခြင်းကား၊ အင်္ဂပိဋ္ဌာကျမ်း ပဌမံစမအက္ခရာကျမ်းတို့၌။

က-ခ-ဂ-ဃ-င = ယွန်းရှမ်းလူမျိုး။
စ-ဆ-ဇ-ဈ-ည = တလိုင်းလူမျိုး။
ဋ-ဌ-ဍ-ဎ-ဏ
တ-ထ-ဒ-ဓ-န } = ကုလားလူမျိုး။
ပ-ဖ-ဗ-ဘ-မ = မြန်မာလူမျိုး။
ယ-လ-ဝ = ကတူးလူမျိုး၊
ရ-ဠ = တရုတ်လူမျိုး၊
သ-ဟ = သက်လူမျိုး၊ ကသည်းလူမျိုး။
အအာ-ဣဤ-ဥဦ-ဧဩ = ရှမ်းလူမျိုး၊

ဟူ၍ပြဆိုသောကြောင့်၊ ဗျည်း(၃၃)လုံးကို၊ သုံးဆဲ့သုံးယောက်သောလူမျိုးဟုခေါ်ဆိုခြင်းဖြစ်လေသည်၊

မှတ်ရန်။ ။အင်္ဂလိပ်စာ၌ကား၊ (ယ)(ဂ)၂လုံးကို၊ ဂျာဟုန်ယူ၍ (ဋ္ဌ)ကိုကား-သောကြာနံဟုယူလေသည်။ စ-မ-ကျမ်းတို့၌ကား (ယ)ကို-ဗုဒ္ဓဟူးနံယူ၍၊ (ဂ)(ဋ္ဌ)၂လုံးကို ရာဟုနံယူလေသည်၊

ထိုနောက်၊ အစဖြစ်သောရှမ်းမှစ၍၊ ဆယ့်ခြောက်ကွက်အင်းတွင်၊ ကျေးမင်း၏ရတနာသုံးပါးကိုဘောအစ်သောကိန်းဖြင့်၊ ရောက်သောသူကို သတ်အပ်၏ဟူသည်ကား၊ အင်းကွက်တွင်၊ ကျေးညို(၃)ခါဟုပါရှိသည့်အတိုင်း၊ ကျေးမင်း၏အိမ်မှစ၍၊ ကျေးမင်း၏ကိန်းဖြစ်သော(၃)ဂဏန်းဖြင့်။ ဗျည်း၃၃လုံးအစဉ်တွင်။ ရှမ်းလူမျိုးဟုခေါ်သော(က)ကြီးအက္ခရာမှစ၍။ ရေတွက်သော်။ ၃-၃ခြောက်၌။ (ဂ)ငယ်ကိုတွေ့လိမ့်မည်။ ၎င်း(ဂ)ငယ်ကိုသတ်၍၊(ဝါ)ချေဖျက်၍၊အခြား၁၆ကွက်-အင်းတခုတွင်သွင်းထားရာ၏။

ထိုနောက်။အစဉ်အတိုင်း၊ကာရိုက်ဂဏန်းဖြင့်၊ရောက်သောသူကိုသတ်အပ်၏ဟူသည်မှာ။ ကျေးညို(၃)ခါ။သုံးသာကျူးထိတ်၊ကာရိုက်(၅)ဟုလက်ာ၌ဆိုရကား၊ (ဃ)ကြီးအက္ခရာမှ။ ငါးကြိမ်ရေတွက်လျှင်။ (ဈ)အက္ခရာသို့ကျ၏။ ၎င်းကိုဗျည်းအစဉ်မှပယ်ဖျက်ပြီးနောက်။အင်းပုံတွင်ရထားသွားအတိုင်း သွင်းရာ၏။ထိုနောက်(၄)ကားကိန်းရှိဆိုသောကြောင့်၊ (ဈ)အက္ခရာမှ။ လေးကြိမ်ရေတွက်ပြန်သော်။(ဍ)ကိုတွေ့၏၊ ၎င်းကိုဖျက်၍။ အင်းပုံ၌သွင်းရာ၏၊

ထိုနောက်၊ စါမရီ(၁၅)ဟုဆိုသောကြောင့်၊ (ခု)မှ၁၅ကြိမ်ရေတွက်ပြန်သော်၊ (ရ)ကိုတွေ့၏၊ ၎င်းကိုဖျက်၍၊ အင်း၌သွင်းပြန်၊ ။ထိုနောက်မျောက်ကား(၁၀)ဟုဆိုသဖြင့်၊ (လ)အက္ခရာမှ-၁၁ကြိမ်ထောက်ပြန်သော် (င) အက္ခရာကိုတွေ့၏၊ ၎င်းကိုလည်းပယ်ဖျက်၍ရှေးနည်းအတိုင်းအင်းပုံ၌သွင်းရာသည်၊ထိုနောက်ဆင်ဝယ်(၁၁)ဟုဆိုသဖြင့်၊(စ)မှရေတွက်ပြန်သော်-၁၁ကြိမ်တွင်-(ဒ)ကိုတွေ့၏၊ ၎င်းကိုဖျက်၍ရှေးနည်းအတိုင်းအင်းပုံတွင်သွင်း၊ ထိုနောက်ငွားဖြစ်(၁၄)ဟုဆိုသဖြင့်၊ (ဓ)မှ၁၄ကြိမ်ရေပြန်သော်၊ {အ}ကိုတွေ့၏၊ ၎င်းကို ဖျက်ပြန်၍ အင်းတွင်သွင်း၊ ၎င်းနောက်၊ ဇေးကော သိဋ္ဌဝဟု ဆိုသောကြောင့်၊ {က}မှစ၍ တကြိမ် ထောက်သော်၊ {က}ကိုပင်ကျသဖြင့်၊၎င်းကိုဖျက်၍အင်းပုံတွင်သွင်းရာ၏၊ ထိုနောက်ကဲ့အငှန့်ငှဟုဆိုသောကြောင့်၊{ခ}မှစ၍ ရှစ်ကြိမ်ရေတွက်ပြန်သော်{ခု}အက္ခရာကိုတွေ့၏၊

၎င်းကိုလည်း ရှေ့နည်းအတိုင်း ဖျက်၍သွင်း၊ ထိုနောက်၊ ဥဒေါင်း၂၁ဟုဆိုသဖြင့်၊ (ဃ)မှ၂ကြိမ်ထောက်သော်၊(ဏ)ကိုတွေ့၏၊ ၎င်းကိုလည်း၊ ရှေးနည်းဖျက်၍သွင်း၊ထိုနောက်၊သာလိကာသတ္တဟုဆိုသဖြင့်၊(တ)မှ၊၇ကြိမ်ထောက်ပြန်သော်၊ (ဗ)ကိုတွေ့၏၊ ၎င်းကိုလည်းရှေးနည်းဖျက်၍သွင်း၊ ထိုနောက်၊ နွါးဒသကြွက်ဟုဆိုသောကြောင့်၊(ဘ)အက္ခရာမှ၊၁၂ကြိမ်းထောက်ပြန်သော်(ဆ)ကိုတွေ့၏၊ ၎င်းကိုလည်းဖျက်၍သွင်း၊ ထိုနောက်၊ ဝက်ကား၁၃ဟုဆိုသဖြင့်၊ ဖျက်ပြီးသော(ဆ)၏နောက်၌ ရှိ

သည့် (ဈ)အက္ခရာမှစ၍။ ၁၃ကြိမ်ရေပြန်သော်၊(ယ)ကို တွေ့၏၊ ၎င်းကိုလည်းဖျက်၍သွင်း။ ထိုနောက်၊ အစကြီး ကြာ ၁၆ ခါဟုဆိုသဖြင့်။(လ)မှ ၁၆ကြိမ်ထောက်ပြန် သော်၊(န)ကိုတွေ့၏။၎င်းကိုလည်းဖျက်၍သွင်း ထိုနောက် ဟဘ်ာ(ဓ)ဖြစ်ဆိုသောကြောင့်။ (ပ)အက္ခရာမှ၊ ဓကြိမ် ထောက်ပြန်သော်၊ (ဠ)ကိုတွေ့၏။ ၎င်းကိုလည်းဖျက်၍ သွင်း။ထိုနောက်၊(ဖ)ဖြစ်ကား။ခိုဟုဆိုသောကြောင့်။(ခ)မှ စ၍ ၆ ကြိမ်ရေပြန်သော်၊ အင်းဘွက်။ ၁၆ကွက်အစေ့ တွင်၊(ဍ)ကိုတွေ့၏။

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

သောဠသအင်းပုံ၊

ဂ	ဓ	ဠ	ရ
င	ဒ	အ	က
ဍ	ဏ	ဗ	ဆ
ယ	န	ဠ	ဍ

အသီတိအင်းပုံ၊

သောဠသအင်း၌ပါရှိသောဂဏန်းတို့ဖြင့်။ကျေးမင်းအိမ်မှစ၍ မျည်း ၃၃လုံးတွင်ရေတွက်၍ကောက်ယူရရှိသော အသီတိအင်းပုံ၊

အသီတိအင်းဟု ခေါ်ခြင်းကား။ ကျေးမင်းအိမ်က အစကောက် သွင်း။ ရှစ်နံချင်းသော်၊ သက်တောင်ဓါတ်သက် (၈၀)ထွက်၏ဟူသော လက်ာအရ။နံသင့်ကောက်၍ပေါင်းလျှင်(၈၀)ရ၏၊

၎င်း(ဍ)ကိုတွေ့ခြင်းကိုပင်လျှင်၊ ၁၆ကြိမ်မြောက်၌ ကိုယ်ဝန်နှင့်တကွသော ကုလားမတယောက်ကို တွေ့၏ ဟုဆိုခြင်းဖြစ်လေသည်။ ၎င်းကုသားမသည်၊ သားသုံး ယောက်ကိုဖွား၏ဟူသည်မှာ၊ ဍသံညင်းကြိုထိတွင်(ဍ)

အမိမှ၊ သံ၊ ညှင်း၊ကြိတ်ဟူသော၊(သ)(ည)(က)ဟူသော အက္ခရာသုံးလုံးဖွားခြင်း၊ ရှိခြင်းကိုဆိုသည်၊ သားတယောက်မှာ၊သင်္ကန်းလူမျိုးဟူသည်မှာ၊ (သ)အက္ခရာကိုဆိုခြင်းဖြစ်သည်၊ တယောက်သားကား၊ ရာမညတိုင်းသားတလိုင်းလူမျိုးဟု ဆိုခြင်းကား၊ (ည)အက္ခရာကို ဆိုလိုသည်၊ တယောက်ကား၊ ရှမ်းလူမျိုးဟူသည်မှာ၊ (က) အက္ခရာကိုဆိုလိုခြင်းဖြစ်လေသည်။

အရွယ်အားဖြင့်၊ အမိသည် ၁၀ နှင့်သားအကြီး၊ ၂၁ နှစ်၊သားအလတ် ၈ နှစ်၊သားအငယ် ၁၅ နှစ်၊ဟူ၍ရှိသည်ကား၊

(ဒ) ကြွယ်သက်—၁၀-နှစ်၊
(သ) ကြွယ်သက်—၂၁-နှစ်၊
(ည) ကြွယ်သက်—၈-နှစ်၊
(က) ကြွယ်သက်—၁၅-နှစ်၊

အမိနှင့်တကွ၊ ထိုသားသုံးယောက်၏ အသက်ကိုပေါင်းလိုက်သော်၊စတုပညာသ(၅၄)ဖြစ်၏ဟူသည်မှာ

ဒ—၁၀ ⎫
ည-၂၁ ⎭ ၃၁ ⎫
            ⎬ ၅၄
ည- ၈ ⎫   ⎭
က-၁၅ ⎭ ၂၃

(မှတ်ရန်) ဤကပ္ပါလက်ာရကျမ်းကို ကြံစဉ်အားထုတ်ကြကုန်သောအချို့သောဆရာတို့ကား၊

• ဗေါဓိပက္ခိယနှင့်ကောက်၍ရသော(ဒ)ကို ဒသံညှင်းကြိတ်၊ဒ-သ-ည-က-ဟုယူကြလျက်၊ သောဌသအင်းနှင့်

ကောက်၍ရသော(ဋ)ကို။ ဋ သညာင်းချိတ်။ ဋ-သ-ည-ခ ဟု (က)နှင့်(ခ)နှ၍ယူကြလေသည်။ အင်းများကိုစီရင်ရာ၌၊ ဋ-သ-ည-က-ကို။ ပိဋ္ဌာမယတိ္တ အင်းတွင်စီရင်၍၊ ဋ-သ-ည ခ-ကို။ အဋ္ဌာရသအင်းတွင်စီရင်လေသည်။ (က)နှင့်(ခ)မှာ ပထဝီဓါတ်ချည်းနှင့်ဖြစ်၍ မထူးချေ။ အက္ခရာဘေဒ နည်း၊ ဆန်းနည်းတို့ဖြင့်စစ်ဆေးသော်ကား၊(က)အက္ခရာ သည်။ သဋ္ဌိလအက္ခရာ၊ (ခ)သည်၊ ဓနိတအက္ခရာဖြစ်၏၊ (က)ကား၊ ပုလ္လိင်နတ်စောင့်၏၊ (ခ)ကား၊ ဣတ္ထိလိင်နတ် စောင့်၏။

ဤတွင်အရှင်ဥတ္တမသိရိမထေရ်၊ စီရင်သောအက္ခရာ လေးလုံး ကောက်ယူနည်းအခန်းသည်။ အပြီးသတ်သ တည်း။

ဥတ္တမသီရိမထေရ် ဖြစ်အပ်သော ဥစ္စာဦးခြင်းကို ပြု တတ်သောခေတ်သေး ပါးတို့ဖြင့်စီရင်သောနည်း (စတု မာတုပိရစိတနယ)

ကျမ်းရင်းပါဠိ {၆}။

စတုက္ခရ ဂဟာကာနိဒသသန နယံ ဒသေတွာ ဇုဒါနိ ဓနသိဋ္ဌကရကောဟိ စတုမာတုဟိ ပိရစိတနယံ ဒသသ ယိဿာမိ၊ တံမေ သုဏာထ ဓနသိဋ္ဌကာ၊ ၊တံယထာ ပထဝီ အာပေါ ါယော တေဇောတိ၊ ၊တေသုဝံတု သု ပထဝီ ဒိဳဟော၊ တဿ မတ္တာလုဂေါ် ဗိာာဂေန (ဟေတ ဗြွာ၊ အာပေါနာဂီ တဿာဒီရိပဥ္စဘာဂေန၊ ဝါ ယော ဥပ္ပတ္တကော၊ တဿရုမိ ယြန် ကောဘာဂေန၊ တေ

ဖော အဒ္ဓါနံ ကရိ တသႜမံသော ဗွောဘာဂေန ဂဟေ
တဗ္ဗော။ တေခါတဝေါ အတိသိတ လောဒကေ သိလ
နာဂံခါရာပေတွာ ဥဏှ ကုမိတာဘာဝပတ္တေန တေနော
ဒကေနတိဒိဝသံ မဒ္ဒေတဗ္ဗာ။ ဇေဝံ ကတေ ဂရုဠာ သမေန
တာဝေတဗ္ဗာ။ {ဘာဝေတဗ္ဗာဟူ၍လည်း မူကွဲရှိသည်။}
တဇ္ဇော၀ ပိဋ္ဌေ ဝေဓေတွာ ပက္ခိပိတွာ မုဒ္ဒိတဗ္ဗာ။ ။
ဗျဿခါတုံ စတုရသေန ကတွာ စတုအင်္ဂုလေ စတုမရိ
ယာဒါဝတ္တနေန တိရိယံ ပက္ခိပိတွာ တေဖောခါတုပတိ
သိတာဘာဝတော ဥဏှဿ သုက္ခတော ရတ္တဇုဠပဒ္ဒဝ
ဂရုဠ ပိဋ္ဌေ နိမိ ခါတဝေါ ပိဓေတွာ ဥဏှတော သိ
တဗ္ဗုပဂမာယ ဗိသာရသိသော ဗ္ဗိဘာဒိဗ္ဗောဒကေန နိပ္ပါ
ပေတွာ တေပတိ စတုခါတုပတိ သဟ တဿ ဗျဿသ
မံသ လောပတိတာ မိသေတွာ- ဥဿိမုဋ္ဌိ၊ တေလဋ္ဌပဋ္ဌ
ခါတဝေါ ဥဏှပ္ပမေန ပစိတွာ လဋ္ဌဂဏော သုက္ခနေ့ရမံ
သေန သံ ဂကာ တောကတွာ ပုဗ္ဗနယေန ပစိတွာ၊ အာ
ပေါ ခါတုဘာဝံ ဂတော၀ သုက္ခသသ မံသံ ပက္ခိပိတွာ
ကုဋ္ဋကေန မဒ္ဒေတွာ ပဋ္ဌ ခါဘု ဥဿ မာဒယာ မရဋ္ဌိ
ဘာသွာဘာဝဋ္ဌိ၊ ဘာသို မတခါဘု ကာကဏိကာ မတ္တ
သို မရ သိဒ္ဓေန မဒ္ဒေတွာ ပက္ခိတေ သိသ ဒသကာ
တဗ္ဗာ ဝံဇပောတွာ ရူပဘာဝံပတ္တာ အနုမ္ဘိမဇာတိယုတ္တံ
ဟုတွာ။ နိဗ္ဗာနံပပ္ပေါ ဘိတိ။ တံနယံ သုသိက္ခိတံ ဒါနဋ္ဌကာ
တဗ္ဗံ၊ ဗှုတိ ဥတ္တမသိရိ နာဠိကော နာမရိယေန ဗိဇ်တော
ခနသိဒ္ဓိကရဏစတုခါတု ပိရစိတနယောဒုတိယော၊

အနက်ကား။

စတုက္ခရဂဟဏာနိဒဿနနယ်၊ အက္ခရာလေးလုံးကို ကောက်ယူကြောင်းဖြစ်သောနည်းကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ ဓနသိဒ္ဓိကာရဏောပါ၊ ဥစ္စာပြီးခြင်း အကြောင်းဖြစ်ကုန်သော။ စတုဓာတူပိ၊ ဓါတ်လေးပါး တို့ဖြင့်။ ပိရစိတနယံ၊ စီရင်သောနည်းကို။ ဒဿယိဿာမိ ပြပေအံ့။ တံနယံ၊ ထိုနည်းကို။ မေမမ၊ ငါ၏။ သန္တိကာ၊ အထံ မှ ဓနသိဒ္ဓိကာ၊ ဖွေငွေဥစ္စာတည်းဟူသော ဓနသိဒ္ဓိပြီးစီး ခြင်းကိုအလိုရှိကုန်သောသူတို့သည်။ သုဏာထ၊ နာလင့် ကုန်။ တံတေဓါတဝေါ၊ ထိုဓါတ်လေးပါးတို့သည်။ ယထာ ကတမေ။ အဘယ်သည်တို့နည်းဟူမူကား။ ပထဝီ၊ ပထဝီ ဓါတ်ရင်း။ အပေါ၊ အာပေါဓါတ်ရင်း။ ဝါယော၊ ဝါယော ဓါတ်ရင်း။ တေဇော၊ တေဇောဓါတ်ရင်း။ ဣတိ။ ဤသည် တို့တည်း။ တေသုဓာတူသု၊ ထိုဓါတ်၄ပါးတို့တွင်။ ပထဝီ ပထဝီဓါတ်သည်ကား။ သီဟော။ ခြင်္သေ့တည်း။ တဿ။ ထိုခြင်္သေ့၏။ မတ္တလုင်္ဂေါ၊ ဦးနှောက်ကို။ တိဘာဂေန။ ၃- ဘို့ဖြင့်။ ဂဟေတဗ္ဗော၊ ယူအပ်၏။ အပေါ။ အပေါဓါတ် သည်။ နာဂီ။ နဂါးမတည်း။ တဿာ။ ထိုနဂါးမ၏။ ခီရံ၊ နို့ ရည်ကို။ ပဉ္စဘာဂေန။ ၅-ဘို့ဖြင့်။ ဂဟေတဗ္ဗော။ ယူအပ်၏။ ဝါယော။ ဝါယောဓါတ်သည်ကား။ ဥမ္မတ္တကော။ သူရူး တည်း။ တဿ၊ ထိုသူရူး၏။ ရုဓိဃနံ၊ သွေးခဲကို၊ ဧကဘာ ဂေန။ တဘို့ဖြင့်။ ဂဟေတဗ္ဗံ။ ယူအပ်၏။ တေဇော။ တေဇော ဓါတ်သည်ကား။ သဒန္တကရီ၊ အစွယ်ရှိသော ဆင်ဖိုင်း

တည်း၊တသသ၊ ထိုဆင်ပဒိုင်း၏၊ မံသော၊ အသားကို၊ဧ္ဓ
ဘာဂေန၊ ၂ဘို့ဖြင့်၊ ဂဟေတဗ္ဗော၊ယူအပ်၏၊ တေဓါတ
ဝေါ ထိုဓါတ်၄-ပါးတို့ကို၊ အတိဘိတလောဒကော၊ အ
လွန်ချမ်းဧသောရေ၌၊ သိလနာဂံ ကျောက်နဂါးကို၊ဓါရာ
ပေတွာ၊ကြွက်စေ၍၊ ဥဏှောကုမိတဘာဝပတ္တေန၊ပူသည်
ကျိုက်ကျိုက်ဆူသည်၏ အဖြစ်သို့ရောက်ပြီးသော၊ တော
နောဒကေန၊ထိုရေဖြင့်၊တိဒိဝသံ၊ သုံးရက်ပတ်လုံး၊ မဒ္ဒေ
တဗ္ဗော၊စရနယ်အပ်ကုန်၏၊ ဧဝံကတော၊ ဤသို့ပြုအပ်ပြီး
သော်၊ ဂရုဠဿမေန၊ဂဠုန်အငွေ့ဖြင့်၊တာပေတဗ္ဗော၊ မှု
စေအပ်၏၊(တနည်း-ဘာဝေတဗ္ဗော၊ ပြန့်ပွားစေအပ်၏)တ
ဿေဝပိဋ္ဌေ၊ထိုဂဠုန်ကျောက်ကုန်း၌ပင်လျှင်၊ဝေဓေတွာ၊
ဘောက်ထွင်း၍၊ ပက္ခိပိတွာ၊ ထည့်သွင်း၍၊ ဌပိတဗ္ဗာ၊
ထားအပ် ကုန်၏၊ ၊ဗျ္ဈဓာတု၊ ကျားဓာတ်ကို၊ စတု
ရသေနကတွာ၊ လေးထောင့်ပမာဏပြု၍၊စတုအက္ခရေ၊
လေးလုံးသောအက္ခရာတို့ကို၊ စတုမရိယာဒါ ဝဏ္ဏနေန၊
လေးကွက် ဝကျိပ်လိမ် အင်းဖြင့်၊ တိရိယံ၊ ဖီလာ၊ပက္ခိ
ပိတွာ၊ အင်းဆန်သွတ်၍၊ တေဇောဓာတုပဟိ၊ တေဇော
ဓာတ်တို့ဖြင့်၊ ဿိတဘာဝတော၊ ဧသည်၏ အဖြစ်မှ၊ ဥ
ဏှဘွံ၊ပူသည်၏အဖြစ်သို့ရင်း၊ သုက္ခတော၊ ဖြူသည်အ
ဖြစ်မှ၊ရတ္တဘွံ၊နီသည်၏အဖြစ်သို့ရင်း၊ ပတ္တေ၀၊ရောက်
ပြီးသော်သာလျှင်၊ ဂရုဠပိဋ္ဌေ၊ဂဠုန်ကျောက်ကုန်း၌၊ နိမိ
တေဝေါ၊ ဖြုပ်အပ်သော ဓာတ်လေးပါးတို့ကို၊ ပိဟိ
တွာ၊ပိတ်၍၊ ဥဏှတောသိ တဏ္ဍုပဂမာယ၊ ပူသည်မှ
ဧသည်၏အဖြစ်သို့ရောက်သည်တိုင်အောင်၊ ဖီလာရသိ

သော။ကြောင်ဦးခေါင်း၌၊ ဋ္ဌိတာဒိဗြဲ့ဒကောန။ တည်သော
နတ်ရေဖြင့်။နို့ပွါပေတွာ။ သွန်စေ၍။ တေတိစတုခါတုပိ:
ထိုခါတ်လေးပါးတို့နှင့်။ သဟ။တကွ။ တသဗျဿသ။
ထိုဂဋ္ဌုန်ကျောက်ကုန်း၌စီးသောကျား၏။ မံသ လောဟိ
တာ၊ အသား အသွေး တို့ကို။ ပိသေသတွာ။ ချေရှက်၍။
ဥဿဗန္ဓိ။ကွာကုန်၏။ တောလဒ္ဓပဥ္စခါတဝေါ။ ထိုဆိုအပ်
သော ခါတ်ငါးပါးတို့ကို၊ ဥဏ္ဏ္ဏဗြဲ့ခနေ။ရိုက်စောက်ဖြင့်
ပစိတွာ ကြို့ချက်၍။ လဒ္ဓဂဏေး ရအပ်သောသဏ္ဌုခဲ့ကို၊
သုဏ္ဏ္ဏနွဲ့ရဓဲသေန။ကြွက်ဖြူသားနှင့်၊သမုံကောတော။အခ္ခု
တပေါင်းတည်း။ ကတွာ။ပြု၍။ပုဗ္ဗနယေန။ရှေးနည်းဖြင့်၊
ပစိတွာ။ချက်၍၊ အာပေါခါတု ဘာဝံဂတေဝ။ အာပေါ
ခါတ်အဖြစ်သို့ ရောက်ပြီးသော် သာလျှင်။ သုဏ္ဏာသသမံ
သံ။ယုန်ဖြူသားကို၊ ပက္ခိပိတွာ။ထည့်၍။ ကုဋ္ဋြ ကောနမဒ္ဒေ
တွာ။ သံကောက်ဖြင့်မွှေနှောက်သည်ရှိသော်။ ပဥ္စ ခါတု
ဥဿမာယော။ ခါတ်ငါးပါးအငွေ့ တို့သည်။မရန္တိ။သေ
ကုန်၏။ ဘသ္မာဘာဝ န္တိ၊ပြာဖြစ်ကုန်၏။ တသ္မိ မတခါတု
ကာကဏိကမတ္တသ္မိ ။ ထိုသေသောခါတ်တချင့်ရွေးကို။
မရသိခ္ခေန။ ပျားဖယောင်းဖြင့်။မဒ္ဒေတွာနယ်၍။ပက္ခိတော
ခတ်သည်ရှိသော်။ သီသဒသကာ၊ နာတဆယ်တို့သည်၊
တဖ္ဘာင်၊ထိုနာ၏အဖြစ်ကို၊ ဇဟောတွာ။စွန့်၍၊ ရူပဘာဝံ။
ရုပ်အဖြစ်သို့။ ပဋ္ဋာ။ရောက်ကုန်၏။ အန္တိ့မဇာတိယုတ္တံ၊
အဆုံးစွန်ဇာတ်နှင့်ယှဉ်သည်။ ဟုတွာဖြစ်၍၊ နိဗ္ဗာန်ပဗ္ဗေါ
တိ၊ နိဗ္ဗာန်ဝင်ဖြစ်၏၊ တံနယံ၊ ထိုငွေလုပ်နည်းကို။ ,သု
သိက္ခိတံ၊ ကောင်းစွာသင်အပ်၏၊ ဒါနဥ္စ၊ အလှူကိုလည်း၊

ကာတဗ္ဗံ။ပြုအပ်၏။ ဥတ္တမသိဒ္ဓိနာမကော။ အသျှင်ဥတ္တမ
သိဒ္ဓိ အမည် ရှိသော။ ထေရေန။ မဟာထေရ်သည်။ ဒုတိ
ယော။ နှစ်ခုမြောက်။ ဒီပိတော၊ပြအပ်သော။ ဓနုသိဒ္ဓိက
ရဏစတုဓာတုပိရစိတနယော။ ဥဏ္ဍာပြီးခြင်းကိုပြုတတ်
သောဓာတ်လေးပါးတို့ဖြင့် စီရင်သောနည်းသည်။ ဒုတိ
သမတ္တော။ ဤတွင်ပြီးပြီ၊

ကျမ်းရင်းပါဌ်နံပါတ်၆၏အဘွင့်။

(**မှတ်ချက်။ ။**ကျမ်းရင်းပါဌ်နံပါတ်၆၌ကွယ်ဝှက်၍ရေးသားထားသောဓာတ်တို့ကို။ ကျမ်းရင်းပါဌ်နံပါတ်(၇)၌ဘွင့်ပြဘော်ထုတ်၍ ထားပြန်သဖြင့်။ ၎င်းကျမ်းရင်းပါဌ်နံပါတ်၆အဘွင့်ကို။နံပါတ်(၇)အဘွင့်နှင့်ပူးတွဲ၍ဘတ်ရှုကြကုန်ရာသည်၊)

နေသိဒ္ဓိဟူသော ဥဏ္ဍာပြီးစီးခြင်း အထို့ငှာ ဓာတ်လေးပါးတို့ဖြင့်စီရင်သော နည်းကိုပြပေအံ့။ ဓာတ်လေးပါး ဟူသော်ကား။ ပထဝီဓာတ်။ အာပေါဓာတ်။ ဝါယောဓာတ်၊ တေဇောဓာတ်၊ ၎င်းလေးပါး တို့တည်း။ ၎င်းဓာတ်လေးပါးအနက်။ပထဝီဓာတ် သည်ကား။ ခြင်္သေ့ဖြစ်၏၊ ၎င်းခြင်္သေ့၏ဦးနှောက်ကို။၃ဘို့ယူရာ၏။ အာပေါ ဓာတ်ကားနဂါးမတည်း။ ထိုနဂါးမ၏နို့ရည်ကို၊ ၅ဘို့ယူရာ၏၊ ဝါယောဓာတ်ကား။ သူရူးတည်း။ ထိုသူရူး၏ သွေးခဲကို။ ၁-ဘို့ယူရာ၏။ တေဇောဓာတ်ကား။ ဆင်ဟိုင်း တည်း။ ၎င်းဆင်ဟိုင်း၏ အသားကို ၂-ဘို့ ယူရာ၏၊ ထိုဓာတ် ၄-ပါးတို့ကိုအလွန်ချမ်းငေ့သောရေနှိုက်။ကျောက်နဂါးကို

ကျူးစေလျက်၊ပူသည်၊ ကျိုက်ကျိုက်ဆူသည်၏အဖြစ်သို့ ရောက်ပြီးသော်။ ထိုရေဖြင့်၊ သုံးရက်ပတ်လုံးစရနယ်အပ်ကုန်၏၊ ထိုသို့နယ်ပြီးနောက်၊ ဂန္ဓုန်အငွေ့ဖြင့်ကျုက်စေအပ်၏။ ထိုနောက်-ဂန္ဓုန်ကျောက်ကုန်းကိုပေါက်ထွင်း၍၊ထည့်သွင်းထားရာ၏၊

ဧင်းစကားတို့၏ တိုက်ရိုက် အဓိပ္ပါယ် သော်ကား၊ ဖြသေ့ ဦးနှောက် ဟူသည်၊ စိန်ဖြူဆင်ဦးနှောက်ကိုခေါ်သည်၊ ပထဝီဓာတ်ဖြစ်၏၊ နဂါးမနို့ရည်ဆိုသည်ဆိုကား ပြဒါးကိုခေါ်သည်။ အာပေါဓာတ်ဖြစ်၏။ အရူးသွေးခဲဆိုသည်မှာကား၊ အရက်ခဲကိုခေါ်၏၊ ဝါယောဓာတ်ဖြစ်၏၊ ဆင်ဟိုင်း၏အသားဆိုသည်မှာကား၊ ယမ်းစိမ်း အခဲကိုခေါ်၏။ တေဇောဓာတ်ဖြစ်၏။ သို့ကြောင့်၊ စိန်ဖြူဆင်ဦးနှောက်၊၃ကျပ်သား။ ပြဒါး၅ကျပ်သား။ အရက်ခဲ၁ကျပ်သား၊ ယမ်းစိမ်းအခဲ၂ကျပ်သား၊ ဧင်းဓာတ် ၄-ပါးအရ ၁၁-ကျပ်သားကိုထားဘိဦး၊ အလွန်ဖြူသောရေ၌၊ကျော် နဂါးဟု ခေါ်သော မပေါက်ထုံးကို ထည့်လိုက်က၊ ပူ၍ ကျိုက်ကျိုက်ဆူလာ၏။ ဧင်းမပေါက်ထုံးရေဖြင့်။ ၃ရက်တိတိအထက်ပေါ် ပြရာပါဓာတ် ၄-ပါးကို ကြိတ်နယ်၍ ဂန္ဓုန်အငွေ့ဟုဆိုအပ်သောနေပူတွင်လှမ်း၍သွေ့ခြောက်စေရာ၏။ ထိုနောက်။ဂန္ဓုန်ကျောက်ကုန်းတည်းဟူသော သော၊ခုဋ္ဌပြားအဖြင်၌၊ လေးထောင့်တွင်းကိုပေါက်၍။ ဧင်းဓာတ်အပုကို ထည့်ထားရာ၏။ ဤကား တိုက်ရိုက် အဓိပ္ပါယ်ဖြစ်၏။

ကျွားခါတ်ကို လေးထောင့် ပမာနပြု၍။ စမ,အင်္ကွဲရော
လေးလုံးကို လေးကွက်ဝက်ချိပ်လိမ်အင်းဖြင့် ဗိလာအင်း
ဆန်သွတ်လျက်၊ တစေဖာခါတ်ဖြင့်၊ သြည်မှပူသည့်၏
အဖြစ်။ ပြုသည်မှ နိုသည်၏ အဖြစ်သို့ ရောက်ပြီးသော်။
ဂဠုန်ကျောက်ကုန်း၌မြုပ်အပ်သော ခါတ်လေးပါးတို့သို့
ပိတ်၍အုပ်ပြီးလျှင်။ ပူသည်မှအေးသည်၏အဖြစ်သို့ ရောက်
သည်တိုင်အောင်။ ကြောင်ဦးခေါင်း၌ တည်သောနတ်ရေ
ဖြင့်သွန်းစေ၍။ ခါတ် ၄ ပါးနှင့်တကွ၊ ထိုဂဠုန် ကျောက်
ကုန်း၌စီးသောကျွား၏ အသားအသွေးတို့ကို ရောရှက်၍
ကွာကုန်၏။

ဇင်းစကားအစဉ်၏တိုက်ရိုက် အဓိပ္ပါယ်သော်ကား။
ကျွားခါတ်တည်းဟူသော တနင်းလာနံဖြစ်သည့် ငွေပြား
ကိုအုန္နပြား၌ဘော်ထားသောလေးထောင့်တွင်းကို အံကျ
ဖြစ်အောင် လေးထောင့်စတုရမ်းပြုလုပ်၍။ ဇင်းငွေပြား၌
လေးကွက်ဝက်ချိပ်လိမ်အင်းချ၍။ ဍ-သ ည-ဏ-စမလေး
လုံးကိုဗိလာသွင်းရာ၏။ ဤသို့အင်းဆန်းသွတ်ပြီးနောက်။
အေးသည်မှပူသည်အဖြစ်။ ပြုသည်မှနိုသည်အဖြစ် ရောက်
စေပြီးသော်ဟူသည်ကား။ ဇင်းအင်းချထားသောငွေပြား
ကို။ရဲရဲနီလာအောင်မီးဖုတ်ခြင်းကိုဆိုသည်။ ဤသို့ ရဲရဲနီ
လာသောအခါ။ ခါတ်လေးပါး တည်သော အုန္နပြား၏
ထွင်းထားသည့်တွင်း၌။ ခါတ် ၄ပါးအပေါ်တွင် အုပ်၍။
ကြောင်ဦးခေါင်းနှင့် တူသော အုန်းသီး အတွင်း၌။လူတို့မ
ထည့်ဘဲ အလိုလို ရောက်နေသဖြင့်။ နတ်ရေဟု ခေါ်ရ

သေသခုန်းရေဖြင့်၊ အပေါ်က ဖြေသည့်တိုင်အောင် ဖြန်း၍ ပေးရာ၏။

ထိုအခါ၊ ဓါတ်လေးပါးတို့နှင့် ဂန္ဓနံ ကျောက်ကုန်း တည်းဟူသော ရွှေမြွေပြားနှ် စီးနေသော၊ (၀၁) ခုပ်ထား သေးကျား၏ အသွေးအသားတည်းဟူသော ငွေပြားနှင့် ရောရှက်၍ကွာဘုန်း၏၊ {၀၁}ဓါတ်လေးပါးတို့သည် ငွေ ပြားတွင်းသို့ စုးဝင်ရောရှက်၍၊ ငွေသည်ချိုးဖြစ်လျက်၊ အထပ်ထပ်ကွာ၏ဟုဆိုခြင်းဖြစ်သည်။

ဤနေရာ၌၊ ဝါးကျပ်လိမ်အင်းပုံကိုပြရန်လိုသဖြင့်၊ ဝါး ကျစ်လိမ်အင်းပုံကို ထည့်သွင်းဖော်ပြလိုက်သည်။

ဝါးကျိပ်လိမ်အင်း။





ဤအထက်ပါဝါးကျိုပ်လိပ်အင်းတို့မှာ၊ ကပ္ပါလက်ာရကျမ်းကို၊ ဝဏ္ဏိယ ပါဠိပကားပြင်အဖြစ်မှ၊ ရှစ်လုံးဘွဲ့ဂါထာဖြင့်ပြန်၍ ရေးသားစီရင်ပြီးလျှင်၊ အဋ္ဌာရသနှင့်ပိဋ္ဌာမယိမ္မိ မှော်များကို၊ ကောဇာသက္ကရာဇ် -၁၁၇၄-ခုနှစ်တွင် စီရင်ပေါက်မြောက်တော်မူသော၊ မဏ္ဍလာမြို့၊ ရှင်သဒ္ဓမ္မနန္ဒမထေရ်၏ ဥဘုမသိဒ္ဓိကျမ်း၌၊ နမူနာရေးထားခဲ့သော၊ ဝါးကျိုပ်လိပ်မှုမှန်အင်းပုံဖြစ်သည်၊

ဝါးကျိုပ်လိပ်အင်းပုံ၊

အထက်ပါ ဝါးကျိုပ်လိပ် အင်းမှာ။ ကပ္ပါလင်္ကာရကျမ်းဖြင့်၊ စ,မထွက်ရစ်ပေါက်းသာသဆရာကြီးဦးလူကြီး၏နိသျှဉ်းဖြစ်၍။ ဒလ လယ်ကိုင်းကျောင်း ဘုန်းတော်ကြီးဦးဝရသမ္ဘောဓိထံမှ တဆင့်ရရှိပေသည်၊ ပညာရှင်တို့ကြိုက်နှစ်သက်ရာကိုယူကြပါကုန်။

ထိုဆိုအပ်သော ခါတ်၅ပါးတို့ကို။ ရိုက်စောက်ဖြင့်ကြိုချက်၍ရအပ်သော သဏ္ဍာန်ခဲကို ကြွက်ဖြူသားနှင့်အမျှတပေါင်းတည်းပြု၍။ ဧးနည်းကြိုချက်ပြန်လျက်။ အာပေါခါတ်အဖြစ်သို့ရောက်ပြီးသော်သာလျှင်၊ ယုန်ဖြူသားကိုထည့်၍သံးကာက်နှင့်မွှေနှောက်သည်ရှိသော်။ ခါတ်၅ပါးအငွေ့တို့သည်။သေ၍ပြာဖြစ်ကုန်၏။ ထိုပြာတချင့်ရွေးကို၊ ပျားဖယောင်းနှင့်နယ်၍။ နှာတဆယ်တွင် ခတ်သည်ရှိသော်။ နှာသည်နှာ၏အဖြစ်ကို စွန့်၍ရုပ်အဖြစ်သို့ရောက်ကုန်၏။ အဆုံးဓာတ်နှင့်ယှဉ်သည်ဖြစ်၍နိဗ္ဗာန်ဝင်ဖြစ်၏။ ထိုနည်းကို ကောင်းစွာ သင်အပ်၏။ အလှူဒါနပြုအင်၏ဟူသောစကားအစဉ်တို့၏ လိုရင်းအဓိပ္ပါတ်သော်ကား၊ပြဒါး။စိန်။အရက်ခဲ။ယမ်းစိမ်းအခဲ ဟူသော ခါတ်၄ပါးနှင့်ငွေပြားပေါင်း ခါတ်၅ပါးကို အထက်ပေါ်ပြခဲ့ပါနည်းအတိုင်း စီရင်၍ ချိုထ်ဖြစ်သောအခါ။ ၎င်းတို့ကိုစုပေါင်း၍ လုံစောက်တွင်ကြို၍ အရည်ဖြစ်လျှင်အဖေခ်၍ထားပါမူ၊သဏ္ဍာန်ခဲရ၏။ ထိုသဏ္ဍာန်ခဲသည် ချိုဇ်ဖြစ်သောကြောင့်။ထောင်းလျှင်ကြေတတ်လျှင်ကြေပွနိုင်၏၊ သို့ကြောင့်

ဓင်းသတ္တု ခဲနှင့်ကြွက်ဖြူသားဟုခေါ် သော၊ ဖွယ်ဖြူကျော် ကိုဆတူရော၍ကြိတ်ပြီးနောက်။ လုံစေကော်တွင်ကြိုရာ၏။ အရည်ဖြစ်လျှင်။ ယုန်ဖွဲ့ သားဟုခေါ်သော မီးသွေးနှင့်မ ရောမယှက်သည့် ယမ်းပြန်ပေါက်၍ သံကောက်နှင့်မွှေ လျှင်။ ခေတ်၅ပါး အငွေ့တို့ သေ၍ပြာဖြစ်၏။ ဓင်းပြာတ ချင့်ရွေးကို။ ဗျားဖယောင်းနှင့်နယ်ပြီးနောက်။(နာ)ဟုခေါ် သော၊ ခဲတဆယ်သားကိုကြို၍။ ဓင်းနာထဲသို့ ခတ်လျှင်၊ နာတဆယ်သားသည်။ ရုပ်ဖြစ်၍ ခေါက်နိဗ္ဗာန်ဝင်သတ္တု ဖြစ်၏။ ဝါ-ဘောဉ်ငွေစစ်ဖြစ်၍လာ၏။ဓင်းနည်းကိုကောင်း စွာလေ့ကျက်သင်ကြား၍၊ ငွေများလုပ်ပြီးလျှင် အလှူအ တန်းပေးပါလဟုဆိုခြင်းဖြစ်လေသည်။

ကျမ်းရင်းပါဠိ။ နံပါတ် (၇)

ဓနသိဒ္ဓိနယကဏ္ဍ။

သီဟမတ္တလုဂ်နို့ ဗုဒ္ဓတိ သေတာပရလံ။ တံပဟိမတ္တ လုဂ်သဒ္ဒိ သတ္တာ သီဟမတ္တလုဂ် နာမဓါတုတော ပထဝီ ဓါတု။ နာဂဒီရံဗုဒ္ဓဘိ အာပေါဓာတု သဒ်ါတောရသော။ သောပိဒ္ဒိရသဒ္ဒိသတ္တာနာဂဒီရံနာမ၊ အဒေ့ကာရိယံသံနာမ ဂဏ္ဍာဂဏပိဏ္ဍံ၊ ကာသွာ ကုဋ္ဌရဆဝီသဒ္ဒိသတ္တာ အဂ္ဂိ ဖုသိတ ကာလေယဝ သိဿဒယှဘာဝတော တေ ဇောဓါတုနာမ၊ အာသဝဂဏံဥဗ္ဗောဒကောနမိသေသတ္တာ ဝီဝနေ့ာ မဒ္ဒေါဟုတွာ ဥမ္မတ္တကနာမံ- လဘာတိ။ ဥဘ ဖုသိတေအစိရံ မုမံစိယာဗုတ ဘက်မန်ပေါတိ တသွာ

ဝါယောဓါတုနာမ၊ နဝပစ္စနုရုဏ္ဍံဧသလံ ဧသ္မလ နခဂေါ
နာမ။ ။တံဧသလံနာမ ၄ယောနသောရီနာမဏ္ဍာ နာဂေါ
တီရဋ္ဌတိ။တံဧသလံ ဘိတောဒကေန ဘိဋ္ဌမာနံပေဏုဇ္ဇေ
ဟာကံဟုတွာ ပေါတိကုမိတံ။ ။သုရိယာ တပေါဂရု
ဋ္ဌ ဥဿုမံနာမ။ ဧသာသုရိယာတပေါ အာတပဝဏ္ဏ
သုက္ခာ ပေတိ။ ။ဆုဋ္ဌကပဋလ တလံဂရုဋ္ဌ ပိဋ္ဌိနာမ။
တသ္မိံ တလေစတုရဿအာဝါ တံခဏိတဗ္ဗံ။ ။ရဇတ
ပဋလံစန္ဒရနာမ ၄ယောနဗျူဟဓာတုနာမ။ တံပဋလံဗုဇ္ဇေ
အဂ္ဂိပစနတောပေါတိဧသတံ အဂ္ဂိပစနဿရတ္တံ ပေါ
တိ၊ ။ဗိလာရဘိဿဒိဿဏ္ဍာနာလိကေရ ဖလံဗိလာရ
ဘိဿံနာမ တဿနှဲ့ဓဲမ္ဘိတောဒကံသယံဇာတဘာဝေ
နဒိဗ္ဗပဝေဿနဒ္ဒက ဿဒိဿောဟုတွာ ဒိဗ္ဗောဒကံနာမာတိ
ဒဋ္ဌဗ္ဗံ။ ဓဝလပုတဧသလံ ဧသတုန္တုရမံဘိံနား-တံဧသလံ
ဧသတံပေါတိ။ကုဋ္ဌပဟာတံပိလိယာတိရုဏ္ဏရုဏ္ဏံ၊ အဒ္ဒါ
ရာမိဘိတံပုနဓောတယန္တကံ သုက္ခဿသမံဘိံနာမာတိ
ဒဋ္ဌဗ္ဗံ၊ ။ဆုတိဥဏ္ဏမ ဘိရိနာမေနထေရေနဗိပိတောဓန
ဘိဋ္ဌနိဒ္ဒဿနနယောတတိယော၊

အနက်ကား။

ဧသတာပရလံ-စိန်ဖြူကို။ ဘိဟာမဏ္ဍလုက်ဿဒိဿဏ္ဍာ။
ဦးနှောက်နှင့် တူသော ကြောင့်၊ ဘိဟာ မဏ္ဍ လုက် နာမ-
ဖြင့် ဦးနှောက် မည်၏။ ဓာတုတော- ဓာတ်အားဖြင့်။
ပထဝီဓာတု- ပထဝီဓာတ်တည်း။ အာပေါ ဓာတုသဒ္ဒါ

တော-အာပေါတတ်ဟုဆိုအပ်သော၊ ရသော ပြဒါးကို၊ နာဂဗ်ိဳ့ဂ္ဂိ-နဂါးနို့ရည်ပဟု၍ ဝုစ္စတိ-ဆိုအပ်၏။သောဗိရ သော-ထိုပြဒါးသည်လျှင်၊ ဝိရသဗီသတ္တာ- နို့ရည်နှင့်တူ သည်၏ အဖြစ်ကြောင့်၊ နာဂဗိရံနာမ- နဂါးနို့ရည်မည် ၏၊ ဂဏ္ဍုဂဏ္ဍပိဏ္ဍ ယမ်းစိမ်းအခဲသည်။ အဒန္တကာရိမံ သံနာမ- ပိုင်းဆင် အသားမည်၏။ ကာသွာ- အဘယ် ကြောင့် နည်းဟူမူကား။ ကုဥ္စရဆဗိသဒိသတ္တာ- ဆင်၏ အပေါ် ရေနှင့် တူသည်၏ အဖြစ်ကြောင့်၊ အဂ္ဂိဗုသိတ ကာလေ - မီးထိသောကာလ၌၊ သိဃံဒုယှဘာဝတော- ဖျောင်စွာမီးလောင်သည်၏အဖြစ်ကြောင့်။ တေဇောဓာတု နာမ-တေဇောဓာတ်မည်၏။ အာသဝဂဏ္ဍ-အရက်ခဲကို၊ ဥဏှောဒကေန-ရေနွေးဖြင့်၊ မိသေသတွာ ရောစ၍။ ပိဝန္တော သောက်သောသူသည်၊ မဒ္ဒေါဟုတွာ- ယစ်သည်ဖြစ်၍၊ ဥမ္မတ္တကော ပိယ-သူရူးကဲ့သို့၊ ဟောတိ-ဖြစ်၏။ တသ္မာ- ထို့ကြောင့်၊ ဥမ္မတ္တကနာမံ- သူရူးဟူသော အမည်ကို၊ လဘတိ-ရ၏။ ဥဏှဗုသိတေ- ရေနွေးထိသည်ရှိသော်၊ အစိရံ-မရှည်မကြာ၊ ရမံပိယ-အရိုးကဲ့သို့။ ပုတာသက်မနံ- ရတော ရွေ့ပြောင်း ခြင်းသည်၊ ဟောတိ-ဖြစ်၏။ တသ္မာ- ထို့ကြောင့်၊ ဝါယောဓာတုနာမ- ဝါယောဓာတ်မည်၏၊ သေလနာဂေါနာမ ကျောက်နဂါးမည်သည်ကား နဝပစ နံ ဗုဒ္ဓံ - ဖုတ်သစ်သောတုံးကျော်တည်း။ (ဝါ)မပေါက် ထုံးတည်း။ တံသေလံ-ထိုထုံးကျောက်ကို၊ နာမဌယေန- နံ့အစဥ် အားဖြင့်။ သောဝရီ နာမဋ္ဌာ- စနေနံ ဖြစ်သော ကြောင့်၊ နာဂ ဂေါဝ်- နဂါးဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။ တံသေ လံ-ထိုဖုတ်သစ်သောထုံးကျောက်ကို။ သီတောဒကေန

ရေဇဖြင့်။ သိဒ္ဓမာန်- ဖုန်းသည် ရှိသော်။ ပေဏာခင္ဂေ့ဟာကံ
ဟုတ္တွာ-အမြုပ်ထသည်ဖြစ်၍။ ကုဓိတံ-ကျိုက်ကျိုက်ဆူ
သည်။ ပေါတိ- ဖြစ်၏။ ဂရုဋ္ဌဥသုမံနာမ- ဂဠုန်အငွေ့
မည်သည်ကား။ သူရိယာ တပေါ နေပူ တည်း။ သော
သူရိယာတပေါ-ဟိုနေပူသည်။အာတပဝဏ္ဏံ-လှမ်းသော
ဝဏ္ဏကို။ သုက္ခာပေတိ- ခြောက်စေ တတ်၏။ ဂရုဋ္ဌပိဋ္ဌိ
နာမ- ဂဠုန်ကျောက်ကုန်းမည်သည်ကား။ ဇုမ္ဘကပဒုလ
တာလံ-အချွန်ပြားအပြင်တည်း။ တသ္မိံ တလေ- ထိုအချွန်ပြား
အပြင်၌။စတုရသအာဝါတံ-လေးထောင့်တွင်းကို။ ခဏိ
တဗ္ဗံ တူးအပ်၏။ ရဇတပဒုလံ-ငွေအပြားသည်။ စန္ဒရနာ
မဒ္ဒယေန-တနင်းလာန်အစဉ်အားဖြင့်။ ဗျဿခါတုနာမ-
ကျားခေါ်မည်၏။ တံပဒုလံ-ထိုငွေပြားသည်။အဂ္ဂိပစန
တော မီးဖုတ်သည်မှ။ ပုဗ္ဗေ ရှေး၌။ သေတံ အဖြူသည်။
ပေါတိ-ဖြစ်၏။ အဂ္ဂိပစနသ- မီးဖုတ် ခြင်းကြောင့်။
ရတ္တံ-နီသည်။ပေါတိ-ဖြစ်၏။ နာလိကေရဖသံ-အုန်းသီး
သည်။ ဗိလာရသဒိသဏ္ဍာ-ကြောင်ဦးခေါင်းနှင့်တူသည်၏
အဖြစ်ကြောင့်။ ဗိလာရသိသံနာမ- ကြောင်ဦးခေါင်းမည်
၏။ တဿနာ့ရေ ထိုအုန်းသီး၏အတွင်း၌။ မြဲတောဒကံ-
တည်သောရေသည်။ သယံဇာတဘာဝေန- အလိုလိုဖြစ်
သည်၏ အဖြစ်ကြောင့်။ ဒိဗ္ဗပဝေသန ဒက သဒိသော
ဟုတ္တွာ။ နတ်တို့သွင်းသောရေနှင့် တူသည်ဖြစ်၍။ ဒိဗ္ဗောဒ
ဒကံနာမ။ နတ်ရေမည်၏။ ဆုတ်-ဤသို့။ ဒဠှဗ္ဗံ မှတ်အပ်
၏။ သေတုန္နရမံသံနာမ။ ကြွက်ဖြူသားမည်သည်ကား။
ဓဝလပုတသေလံ- ဖွယ်ဖြူ။ ကျောက်တည်း။ (ဝါ) ဖွဲဖြူ။

ကျောက်တည်း။ ထံသေလာ၊ ထိုဖွဲ့ကျောက်သည်။ သေတံ။ဖြူသည်။ဟောတိ။ဖြစ်၏။ ကုဋ္ဋပဟာတံ- တူဖြင့်ဖုတ်ခတ်သည်ရှိသော်။ စုဏ္ဏဝိစုဏ္ဏံ- မှုံ့မှုံ့ညက်ညက်၊ ဝိလယတိကျေ၏။သင်္ဂါရေ-မိဿိတံ-မီးသွေးနှင့်မနှောမကျိတ်သော။ ပုနဓောတယန္တကံ- တဖန်ဆေးပြန်သော ယမ်းစိမ်း (ဝါ) တဖန်ပြန်ပြီးသော ယမ်းစိမ်းသည်၊ သုက္ကသသမံသံနာမ- ယုန်ဖြူသားမည်၏။ဇာတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏၊ ဥတ္တမသိရိနာမကေန- အရှင်ဥတ္တမသိရိအမည်ရှိသော။ ထေရေန- မဟာထေရ်သည်။ တတိယော သုံးခုမြောက်။ ဒီပိတော-ပြအပ်သော။ဓနသိဒ္ဓိနိဒဿနယော ဥစ္စာပြီးခြင်းကိုညွှန်ပြကြောင်းဖြစ်သောနည်းသည်။ ဇာတိသမတ္တော-ဤတွင်ပြီး၏။ ။

ကျမ်းရင်းပါဠိနံပါတ်(၇)၏အဘွင့်။

• ကျမ်းရင်းပါဠိ နံပါတ်(၇) သည်။ ကျမ်းရင်း ပါဠိ နံပါတ် (၆)တွင်။ လျှို့ဝှက်၍ ရေးသားသည် များကို အဓိပ္ပါယ်ဘော်ပြခြင်းမျှဖြစ်၍၊ အထူး ဘွင့်ရန်မလိုပေ။ အဓိပ္ပါယ် ဘော်ပြချက် တို့မှာကား။ စိန်ဖြူကို ခြင်္သေ့ဦးနှောက်ဟုခေါ်၏။ အဘယ့်ကြောင့်ခေါ်သနည်းဟူမူကား။ စိန်ဖြူသည်ဦးနှောက်နှင့် သဏ္ဍာန်တူသောကြောင့် ခေါ်ခြင်းဖြစ်၏။ခေါက်အားဖြင့်ကား၊ ပဏ္ဍိဓာတ်ဟုပိုင်းဖြတ်ရာ၏။ ပြဒါးကို-နဂါးနို့ရည်ဟူ၍ခေါ်၏။ အဘယ့်ကြောင့်ခေါ်သနည်းဟူမူကား။ ထိုပြဒါးသည်နို့ရည်နှင့်သဏ္ဍာန်

ဈသောကြောင့်တည်းခေါ်အားဖြင့်ကား။ဒေါပေါဓါတ်ဟုပိုင်းဖြတ်ရာ၏။ ယမ်းမိမ်းအစိုင်အခဲကို။ ပိုင်းဆင်၏အသားဟူခေါ်၏၊ ဆင်၏အပေါ်ရေနှင့်တူသောကြောင့်။ ဆင်သားဟုခေါ်ခြင်းဖြစ်၏။ ပီးနှင့်တွေ့ထိက၊ လျှင်စွာလောင်တတ်သော သတ္တိကြောင့်၊ ဓါတ်အားဖြင့်။ တေဇောဓါတ်ဟုပိုင်းဖြတ်ရာ၏။ အရက်ခဲကိုအရှူးသွေးခဲဟုခေါ်၏။ အဘယ်ကြောင့်ခေါ်သနည်းဟူမူကား။ ၎င်းအရက်ခဲကိုရေနွေးနှင့် ဖျော်၍သောက်သည်ရှိသော်၊ သူရူးကဲ့သို့မူးယစ်စေသောကြောင့်ဖြစ်၏။ ၎င်းအရက်ခဲကိုရေနွေးထိသကာလ၊ မကြာမီပင်အခိုးကဲ့သို့ရွေ့ပြောင်းကုန်ခမ်းခြင်းဖြစ်တတ်သောကြောင့် ဓါတ်အားဖြင့်၊ ဝါယောဓါတ်ဟုပိုင်းဖြတ်ရာ၏။ ကျောက်နဂါး ဟူသည်မှာ၊ မပေါက်ရသေးသော ဖုတ်သစ်စထုံးကျောက်ဖြစ်၏။ ထုံးမှာ စနေနံဖြစ်၍၊နဂါးဟုအမည်ရ၏။ ကျောက်ကိုဖုတ်၍ရသောထုံးဖြစ်သောကြောင့်၊ ကျောက် နဂါးဟုခေါ်၏၊ ထိုမပေါက်ထုံးကို ရေဖြင့်ပက်ဖျန်းလျှင်၊ အမြုပ်ထ၍ကျိုက်ကျိုက်ဆူလာ၏၊ နေပူကိုဂန္ဓုန်အငွေ့ဟုခေါ်၏။ ထိုနေပူသည်ဟမ်၊သောဝဏ္ဏတို့အားချောက်သွေ့စေ၏။ ဂန္ဓုန်ကျောက်ရုန်းမည်သည်ကား၊ဒုဋ္ဌပြားအဖြူကိုဆိုလိုသည်၊ ထိုဒုဋ္ဌပြားအပြင်၌၊ လေးထောင့်ထွင်းကို တူးရာ၏၊ ကျားခေါ်ဟူသည်၊ငွေပြားကိုဆိုခြင်းဖြစ်၏။ ငွေမှာတနင်းလာနံဖြစ်၍၊ ကျားဟူသော အမည်ကိုရ၏၊ ၎င်းငွေပြားသည်မီးမဖုတ်မီဖြူသောအဆင်းရှိ၏၊ မီးဖုတ်သောအခါနီရဲ၍ပုလာ၏၊ ဒုန်းဘီးမှာကြောင်၏ဦးခေါင်း

နှင့်တူသောကြောင့်။ ကြောင်ဦးခေါင်းဟုခေါ် ၏။ ဖင်းရနံ့
သိုးထဲ၌ရှိသောအုန်းရေမှာ။ မည်သူမျှမထည့်မသွင်းဘဲအ
လိုလိုဖြစ်လာသောရေဖြစ်သောကြောင့်နတ်ရေဟုခေါ် ၏။
ကြွက်ဖြူသားဟူသည်ကား။ ပွယ်ဖြူကျောက်ကိုခေါ် ၏။
ဖင်းကျောက်ကိုတူနှင့်ထုလိုက်က။ မှုံမှုံညက်ညက်ကျေ
မွသွား၏။ (ရှမ်းပြည်မှ ထွက်သော ကျောက်ဖြူအပွတ
မျိုးဖြစ်သည်)။ ယုန်ဖြူသားဟူသည်ကား။ မီးသွေးနှင့်
မရောမကျိတ်သေးသောတခါပြန်ပြီးသောယမ်းကိုခေါ်၏။
(ဝါ) ယမ်းပြန်ဖြစ်၏။ ဤသို့မှတ်သားရာ၏။ ဤဥစ္စာဓနသိဒ္ဓိ
ကိုပြုရာဖြစ်သောတတိယအခန်းပြီးဆုံး၏။

ကျမ်းရင်းပါဠိနံပါတ်(၈)။
ကာယသိဒ္ဓိဝိရစိတဂါထာ။

ကာယသိဒ္ဓိကဝိဇ္ဇံ ဝိစာရိန္တာကေန ဧဝံစာဝေ တဗ္ဗံ။
မဇ္ဈန္တိကသူရိယဘာဝသမ္ပုန္နံအာပေါဓာတု သင်္ခါတံဒေါသုဠရ
နာဂခီရံ ပဥ္စမံဓာတုဝ ဇုဠုရိယဘာဝသမ္ပုန္နံ ဝိမိနာဂဟိတ
စတုက္ကှံ အဥ္စကဒ္ဒရဗ္ဗ ဂါထာပဒေနသဟ သက္ကာရံဇမ္ဗီ
တဗ္ဗံ။ တတောပရံစတုံသမူလပတ္တော ဥဗ္ဗန္နိယျာသော
စတုကာနာမရုက္ခေါ။ ဖလဝဏ္ဏံ။ သဗ္ဗေသံနာတွာပသိ
တော ဝိမိနာဂဟိတ စတုက္ကရဝ ဒိသသန္တိ၊ မုသိကာနာ
မဒိ နာဂနာမကဒ္ဒရန္တဗ္ဗယာဟဿ စထုရုက္ခကုလဥဇုမေသံ
ပဥ္စနိယျာသော မံသိတ္ထာဇီဝိတ္ထာဥဗ္ဗေဓကာမုန္တေ အနု
ကာထုလံ၊ တသ္မိံနာဂခီရံ ပက္ခိပိတ္ထာ ပေါဠကော။ ပုပ္ပသမူ

ဟာဒီပါဒီကပ္ပါသပိုသိတာသဏ္ဌာနလေခံ လက္ခိတွာ တသ္မိံ လေခနံ့ရေ ပဝိသေတွာ ကုမ္ဘုပရိပိခပ်ိဒော တမ္ဗအာ စရိယော အခဏ္ဍာ အဆိဒ္ဒါဗိကံ၊ ပဋ္ဌသီလံ မိရံကတွာ၊ သမာစရိတဗ္ဗံ။ အထ ၁ ရွာ ဇောတိယံ စတုကၠတ္တုံ၊သုပ စိတဗ္ဗံ နိပ္ပန္နေ တသ္မိံ ကိစ္စေ သုဃာနံ ပောတိ နာဂဒိန္န ဃာနံ နိလ-ဝိတ လောပိ တောဒါတသင်္ခါတံ စတုရော ဘာသာဆဝ္ဆန္နံ ပောတိ။ တံသဏ္ဍတ္တံကတွာခရိတောပနုခဂ္ဂ သဏ္ဍာဒိ အပဝေသနာဓိ ကာယ သိဗ္ဗံ ဂစ္ဆံ နိဗ္ဗန္နာ နာမ ပောတိ၊ ဓုန္နိတေ ခနသိဗ္ဗိကိစ္စေ ပုဗ္ဗာစရိယ သိဟာနံ နယူပဒေသံ ဥဂ္ဂလမ္ဗ ဥဂ္ဂမောသထံ ဂဝေသေတွာ ညာ ဏာဗလာနုရူပံ ဝိစာရေ တဗ္ဗန္တိဒဋ္ဌဗ္ဗံ။ ။ဓုတိ ဥဂ္ဂမ နသိရိ နာမကေန ထေရေန ဒိပိတာ ကာယသိဗ္ဗိဝိရစိ တနယော စတုဗ္ဗော။ ။

အနက်ကား။

ကာယသိဗ္ဗိကစ္စံ၊ ကာယသိဗ္ဗ ပြီးစီးခြင်းကို၊ ဝိရစိ ဣတ္တ ကောန၊စီခုင်ခြင်း၌ အလိုရှိသော ဆရာသည်၊ ဝေံဇူမိနာ ဝုစ္စမာန နယေန- ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ဝိစာ ရေတဗ္ဗံ၊ ဥာဏ်ဖြင့် ဆင်ခြင်အပ်၏၊ မဟာ ဂ္ဂ ဋ္ဌါနုဘာဝ သမ္ပန္နံ၊ ကြီးစွာသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော၊ အာပေါဓာတုသင်္ခါတံ၊ အာပေါဓာတ်ဟု ဆိုအပ်သော၊ ဒေါသုဋ္ဌရနာဂဝိရံ၊အပြစ်ထုတ်အင်သော၊နဂါးနို့ရည်ကို ပဋ္ဌမံတာဝ၊ရှေးဦးစွာ၊ ဓူဋ္ဌါနုဘာဝ သမ္ပန္နံ၊ တန်ခိုးအာနု

ဘောဘ်နှင့်ပြည့်စုံသော၊ ဗိဗိနာဂဗ်ဇီတစတုက္ကရှံ၊ ရွေးကောခ်ရှဲယူအပ်သော၊ လေးလုံးသောအက္ခရာကို၊ အင်္ဂုက္ကဓုဇာဂါထာပဒေနှ၊ ရှစ်လုံးသော အက္ခရာဖြင့် ဖွဲ့အပ်သော ဂါထာပုဒ်ဖြင့်၊ သဟာသကက္ခတ္တုံ၊ အကြံ့ာ်တထောင်၊ ဇမ္ဗိတဖွံ့၊ မန်းမှုဘ်အပ်ပိထိအပ်၍၊ ဘဘောပခံ၊ ထိုသို့ရုတ်ပြီးသောနောက်၌၊ စတုသမူလပဥ္စ၊ လေးဖြစ် ထေးရွက်ရှိသော၊ (ဤနေရာ၌၊ အက္ခရာအရေးအကူး ချွတ်ယွင်းသည်ဟုထင်မိ၏၊ စတုသမူလက္ခရော၊ မူလအက္ခရာနှင့်တကွ၊ လေးလုံးဖြစ်သော၊ ဤသို့ ၁ာရှိသင့်သည်၊) ဥဏှာနိယျာသော၊ ပု သောအစေးရှိသေ ၊ စတုကာနာမရုကွော၊ စတုခါး အမည်ရှိသော သစ်ပင်ရင်း၊ (ဤနေရာ၌လည်း၊ စတုက္ခရာနာမရုက္ခော၊ အက္ခရာလေးလုံးရှိသောသစ်ပင်သည်၊ ဤသို့ရှိခြင်းသည်သာလျှင် အသင့်ဟု ထင်မိ၏၊) ဖလဝဏ္ဏံ၊ သီးညွှာကို၊ သဗ္ဗေသုန၊ ဒါးငယ်ဖြင့်၊ ဆိမ္ဗိတွာ၊ ဖြတ်၍၊ ပသိတော၊ ရှုကြည့်သည်ရှိသော် ဗိဗိနာဂဟိစတုက္ခရံဝ၊ ရွေးကောက်၍ ယူအပ်သော၊ လေးလုံးသောအက္ခရာကဲ့သို့၊ ဒိဿန္တံ၊ ထင်မြင်သော၊ မုသိကာနာမာဒိ- နာဂနာမက္ခရန္တံ ဥယက္ခရံ၊ ကြွက်နံ့အစနဂါးနံ့အဆုံး၊ ရှစ်လုံးသောအက္ခရာရှိသော စတုရုက္ခကုလဥ၊ အမျိုးလေးပါးရှိသော သစ်ပင် လေးပင်ရင်း၊ ဆူမေသံ ရုက္ခာနံ၊ ဤငါးခုသောသစ်ပင်တို့၏(ဤကားနိသျအတိုင်း အနက်ပေးသည့်၊ ဤမေသံ ရုက္ခာနံ၊ ဤအမျိုးလေးပါးရှိသော သစ်ပင်လေးပင်တို့၏ ဤသို့ပေးသင့်သည်ထင်မိ၏၊) ပဥ္စနိယျာသော၊ အပင်-အမြစ်၊ အပွင့်အသီး၊ သီးညွှာဟုဆို၊

အစ်သောငါးပါးသောအစေးတို့ကို မိသေသတွာ၊ ရောချ၍၊ ဥဇ္ဇွ ကရုမှကျခွေ၊ မိုက်လုံစောက် အတွင်းနိုက်၊ အခွ ကထုလံ-မထုမပါး၊ လိမ်ပွတွာ၊ လိမ်းကျန်၍၊ တသွိ၊ ထို လိမ်းကျန်သောမိုက်လုံနိုက်၊ နာဂခိရံ၊ နဂါးနို့ရည်ကို၊ ပက္ခိပိတွာ၊ ထည့်၍၊ ပေါ်ခွဲကော၊ ပေနိုက်(ဝါ)စက္ကူနိုက်၊ ဝုမ္မသမုဟာဒိဟိ၊ ပန်းပေါင်း အစရှိသည်တို့ဖြင့်၊ ကပ္ပါ သ ပိသိတ သဏ္ဍာနလေသံ၊ ဝါးကျိပ်သိမ် သဏ္ဍာန်ရှိသော အင်းအရေးကို၊ လက္ခိတွာ-ရေး၍၊ တသွိ လေ ခကျရေ၊ ထိုအင်းအရေးအတွင်းနိုက်၊ ဝုတ္တစတုက္ခရံ၊ ဆိုအပ်ခဲ့ပြီး သော၊လေးလုံးသောအက္ခရာကို၊ ပဝေသေတွာ-သွင်း၍၊ တမိုလေခံ၊ ထိုအင်းအရေးကို၊ ကမ္ဗလပရိ၊ မိုက်လုံ၏ အထက်နိုက်၊ ပိပေဟိတေ၊ ပိတ်အပ် ပြီးသည် ရှိသော်၊ အာစရိယော၊ ပြဒါးခဲလိုသော ဆရာသည်၊ အခဏ္ဍ အဆိဒ္ဒါဒိကံ၊ မကျိုးမပေါက်သည်-အစရှိသော ဂုဏ်နှင့် ပြည့်စုံသော ပဥ္စသီလံ၊ ငါးပါးသောသီလကို၊ မိရံကတွာ၊ မြဲစွဲဥဒါပြု၍၊ သမာစရိတဗ္ဗံ၊ ကောင်းစွာ ဆောက်တည် အပ်၏၊ အထပဇ္ဇိတွာ၊ ထိုငါးပါးသီလ ဆောက်တည်ပြီး သောနောက်နိုက်၊ စတုက္ခဋ္ဌုံ၊ လေးကိုမ်၊ ဇောတိယံ၊ မီးနိုက်၊ သုပစိတ ဖွံ့၊ ကောင်းစွာချက်အပ်၏၊ တသွိ ကိုရွေ၊ ထိုချက်ခြင်း-ကိစ္စသည်၊ နိဋ္ဌိတေ၊ ပြီးသည် ရှိသော်၊ နာဂ ခိရံ-နဂါးနို့ရည်သည်၊ သုဃနံ၊ ကောင်းစွာ ခဲသည်၊ ဟောတိ၊ ဖြစ်၏၊ ထံဃနံ၊ ထိုနဂါးနို့ရည်ခဲသည်၊ နီထ, ပိတ, လောဟိတောဒါတသံ တံ၊ အညို-အဝါ-အနီ-အ ဖြူဟုဆိုအပ်သောစတုရောဘာသသခွန့်အရောင်လေးပါး

နှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တံဗူနံ။ ထိုအရောင် လေးပါးနှင့်ပြည့်စုံသော အခဲ့ကို။ သတ္တဝံ ကတွာ၊ အရှိ အသောပြု၍၊ ဓါရိတောပန၊ ဆောင်ရသည် ရှိသော်ကား၊ ခတ္တသဏ္ဌာဒိအပဝေသနာဒိ-ကာယသိဒ္ဓိ ကိစ္စံ၊ သံချက် ဒါးတုံ့အစရှိသည်တို့၏ မဝင်ခြင်း အစရှိသော၊ ကာယ သိဒ္ဓိကိစ္စသည်၊ နိဗ္ဗာနံနာမ၊ ငြိမ်းခြင်းသို့ ရောက်သည်။ ဟောတိ၊ဖြစ်၏။ ဓနသိဒ္ဓိကိစ္စံ၊ ဥစ္စာပြီးခြင်းကိစ္စကို။ ဇာနိ တော။အလိုရှိသည်။ သတိ၊ရှိသော်၊ ပုဗ္ဗာစရိယသိဟာနံ၊ ရှေးဆရာမြတ်တို့၏ နယူပဒေသံ။နည်းဥပဒေကိုဥပလက္ခ၊ ဥပလက္ခိတွာ၊ အမှီပြု၍-ဥတ္တမောသထံ၊ မြတ်သောဆေး ကို၊ ဂဝေသိတွာ၊ ရှာမှီး၍၊ ညာဏကာဗလာနုရူပံ။ ညာဏ်အ စွမ်း အားလျော်စွာ၊ ပိစာရေ တဗ္ဗံ၊ ဉာဏ်ဖြင့် ဆင်ခြင် အပ်၏၊ ဣတိ၊ ဤသို့။ဒဗ္ဗနံ။မှတ်အပ်၏၊ ။ဥတ္တမသိရိနာ မကောနံ၊အရှင်ဥတ္တမသိရိအမည်ရှိသော ထေရေနမထေရ် သည်။စတုရွေှာ၊လေးခုမြောက်၊ ဒိပိတော၊ ပြအပ်သော ကာယသိဒ္ဓိ ပိခုစိတနယော။ ကာယသိဒ္ဓိ ပြီး မြောက် ဆောင်၊စီရင်သောနည်းသည်၊ ဣတိသမတ္တော၊ ဤတွင် ပြီးပြီ၊

ကျမ်းရင်းပါဠိနံပါတ်(၈)အတွင်း၊

ကာယသိဒ္ဓိ ပြီးခြင်းကို အလိုရှိသော ဆရာတို့သည်၊ ဤသို့စီရင်အပ်၏၊ ကြီးစွာသော တန်ခိုး အာနုဘော်နှင့် ပြည့်စုံသောဆာပေါ်ခါတ်ဟုဆိုအပ်သော၊ စင်ကြယ်စွာ

ချွတ်ပြီးသော ပြဒါးကို ရှေးဦးစွာ တန်ခိုးအာနုဘော်နှင့် ပြည့်စုံသောအက္ခရာလေးလုံးတို့ကို ရှစ်လုံးဘွဲ့ဂါထာဖြင့် ထထောင်ရွတ်မန်းရမည်။

ပြဒါးကိုရွတ်မန်းရန်ဂါထာကား။

စကာရော စရိယာ တိသော။
စရသီလော တထာဂတော။
စရိတွာ သဗ္ဗပဟိ တတ္တံ။
စတု ပုဂ္ဂလေ နဥ္ဇိတော။
ဓကာရောစ အဓိဋ္ဌာနံ။
အဓိဋ္ဌာယ တထာဂတော။
ဓါရေတွာ ဗောဓိ သမ္ဘာရေ။
ဓမ္မသာ သဗ္ဗ ဝိမုတ္တာသိ။
ဗကာရောစ ဗလံ ဉေယျံ။
ဗလံ သတ္တ ဝိဓံ ဘဝေ။
ဗလံ သတ္တာဒိ ပတာနံ။
ဗသံ ဘာဂဝ တိ ဒဒါ။
ဝကာရံ ဝိရိယံ ဉေယျံ။
ဝိရိယာ ရက္ခကာရဏံ။
ဝိရိယ ပါရမီ ဂန္တွာ။
ဝရဗောဓိ သမေ လဘိ။ ။

ဤ-စ-ဓ-ဗ-ဝ-စမ လေးလုံးကို၊ ရှစ်လုံးဘွဲ့ဂါထာဖြင့် ထထောင်ရွတ်၍မန်းရမည်။

ထိုနောက်၊ လေးမြစ်-လေးရွက်ရှိသော(တနည်း ကား အက္ခရာလေးလုံးရှိသည့်ပုံသော အစေးရှိသော၊ စတုခါးမည်သော သစ်ပင်သည်၎င်း။) (တနည်းကား-အက္ခရာလေးလုံးရှိသောသစ်ပင်သည်။ ပိန္နဲပင်ကိုယူစေလိုသည်ဟုထင်၏။) အဘယ်ကြောင့်ဆိုသော်၊ ပိန္နဲပင်၏သီးညွှာကိုဒါးနှင့်လှီးဖြတ်၍ ကြည့်သည်ရှိသော်။ ကောက်ယူအပ်သော (စ-ဓ-ဗ-ဝ)စမလေးလုံး ထင်မြင်သည့် ကြွက်နံ့အစ၊ နဂါးနံ့အဆုံး (ပိန္နဲ) အက္ခရာရှိသော သစ်ပင်ကို ဆိုသည်ဟုထင်၏။ ဤပိန္နဲပင်နှိုက်။ စ တလိုင်းလူမျိုး၊ ဓ ကုလားလူမျိုး။ ဗ-မြန်မာလူမျိုး။ ဝ-ကတူး လူမျိုးဆိုသည့်အဘိုင်း(စ-ဓ-ဗ-ဝ)အက္ခရာ လေးလုံး—အမျိုးလေးပါးရှိ၏၊ ပိန္နဲမှာလည်းလေးမျိုးဖြစ်၍ သီးညွှာမှာ(စ)အက္ခရာပါသော ပိန္နဲပင်။ သီးညွှာမှာ-(ဓ) အက္ခရာပါသော ပိန္နဲပင် သီးညွှာမှာ-(ဗ) အက္ခရာပါသောပိန္နဲပင်၊ သီးညွှာမှာ-(ဝ)အက္ခရာပါသော ပိန္နဲပင်၊ ဤသစ်ပင် လေးပင်တည်း၊ (ပါဠိနှိုက်-ဓုဝေသံ-အရ-ဤသစ်ပင်လေးပင်တို့၏ အရစွဲးရမည်ကိုစတုခါးပင်။ တရထည့်၍-ဤငါးရသောသစ်ပင်တို့ဟုနိသျှဆရာအနက်ယောဇနာသည်၊ ဆင်ခြင်သင့်၏)ထို့ကြောင့် အပင်မှထွက်သော အစေး-အမြစ်မှထွက်သောအစေး- အပွင့်မှထွက်သောအစေး၊ အသီးမှထွက်သောအစေး။ သီးညွှာမှထွက်သောအစေးဤငါးပါးသောအစေးတို့ကိုရော၍ ပေါင်း၍မိုက်လုံစောက်အတွင်းနှိုက်။ မထူ-မပါးသုတ်၍ပြဒါးထည့်၊ စက္ကူပေ၊ မှာ။ ပန်းပေါင်း-မင်းပေါင်းဂမုံးပေါင်းတို့ကိုဒ္ဒ ဟသ်ပြဒါးနှင့်မျော်

ရှ်ဝက္ကိတ်လိမ်အင်းရေး။မိုက်လုံအထက်ကပိတ်ပြီးလျှင်၊ ပြဒါးခဲလိုသောဆရာသည်။ငါးပါးသီလကို။စာသက်လုံး စောင့်ထိန်း ပါတော့မည်ဟု- တည်ကြည်သောစိတ်ဖြင့်- အမြဲ စောင့်ထိမ်းအပ်၏၊ ထိုနောက်မှ- မိုက်လုံကိုမီးနှင့် လုပ်ရမည်။မီးကိုဉာဏ်နှင့်နှိုင်းချိန်၍လုပ်လေ ပြဒါးခဲထိမ့် မည်၊ဤကဲ့သို့မီးကိုညှင်း၍လေးကြိမ်လုပ်လျှင်။ ထိုပြဒါးခဲ သည်အညိုအရွှေ-အနီ-အဖြူ-အရောင်လေးထွေထွက်၍၊ ရှိသေစွာ ဆောင်၊ ဒါး-လှံ-သေနတ်အစရှိသော၊ ကာယ သိဒ္ဓိ-ပြီးမြောက်ခြင်းသို့ရောက်၏။ဥစ္စာပြီးမြောက်ခြင်းကို အလိုရှိသော်။ ဓေးဆရာမြတ်တို့၏- ဓနသိဒ္ဓိစီရင်နည်း-ဥ ပဒေသကို- အမှီပြု၍။ မြတ်သော ဆေးကိုရှာမှီးလျက်- ဉာဏ်စွမ်းရှိသလောက်-စီရင်ကြလေ။

ဤမျှသောစကားအစဉ်ဖြင့်၊ အရှင်ဥတ္တမ သိရိမဟာ ထေရ်-စီရင်အပ်သော၊ ကပ္ပလင်္ကာရကျမ်းနှိုက်၊ လေးခု မြောက်ပြအပ်သော၊ ကာယသိဒ္ဓိ-ပြီးစီးကြောင်းနည်းကို။ မြန်မာဘာသာ စကားပြင်ဖြင့်။ ရေးသားဖြေကြား အပ် သောစကားတရပ်-အပြီးသတ်သတည်း။

ကျမ်းရင်းပါဠိ နံပါတ်-၅၊
မူလကဏ္ဍရနယကဏ္ဍ။

ပဏ္ဍိတာ ကုလပုတ္တာယ နမဿာယ မဟာနုဘာဝေ
န စတုက္ကရေ လောက ဟိတာယ ဠပေတ္တိ၊တော ဂုဿျ
န် ဒသသ ယိသာပိ တံမေ သုဏာထ ပဏ္ဍိတာ၊ တော

စတုက္ကွာ ဝရကာနကမယော မေတိ အဇ္ဈက္ကွ ရ်ာ ရာသိမ္မိ ပညာဝင်္ကေတိ ဗောဓိတမ္ပ္ဝာ၊ ဗြ္ဟ မေရုဇင္ဂ ယုဂန္ဓရေ မ ဟာ ဇဝေါ ဥကော ဂရုဋ္ဌော စတ္တာရော ဒွိပေ ပိစရိတ္ဝာ ဂေါစရတိ၊ ဧသော မနုဿာနံ စတုက္ကွရေသု မူလက္ကွ ရ် ဥ က်ာ ဘူတက္ကွရေ ဒွေတိတယော အက္ကွရေ ဇကော ဒွိဝ သေ တိက္ကွတ္တုံ ပကာသေတိ တေသံ အက္ကွရာနံ အာနုဘာဝံ နိဿာယ မနုဿာကာသိ ဝါဏိဇ္ဇာဒိနိ ကမ္မာနိကရောန္တိ။

အထဝါ ဝရ ကာနကမယော မေတိ ဓောဝ ပညာ ဝင်္ကေပတိ ဗောဓိဘမ္ဗ္ဝာ။ တော် မေရု ဗင္ဂ ယုဂန္ဓရေ ဥပ္ပတ္တိ တ္ဝာ ပိစရင်္ကော သကလ ဒွိပေသု ဂေါစရင်္ကော။ ကရ ပိကာရောဇာ မနုဿာနံ စတုက္ကွရာနံ ဥာပနတ္တာယ မူလက္ကွ ရ် ဥ က်ာ ဘူတ အက္ကွရေ စတ္တာ ရောတိ ပဥ္စ အက္ကွရေ ပရာနုကမ္ပံ ကောဋ္ဌ်ံ ၊ မာသေ ပဥ္စက္ကွတ္တုံ ပကာ သေတိ၊ တေ အက္ကွရေ ဒွိသ္ဝာ မနုဿာ မနောရမ္မံသံပါဝုဏန္တိ၊ ကရပိက ရညော တယော အက္ကွရာ ပဝတ္တန္တိ၊ ဇကော ဘူတက္ကွရော ပန ဘဒ္ဒကပ္ပေ ဇမ္ဗူဒိပေ ဥ က်ာ ဘဒ္ဒကပ္ပံ မဟာနုဘာဝသမ္ပန္နာ ပဥ္စအက္ကွရာသန္တိ၊ တေသုစ အက္ကွ ရေသု အာဗျန္တက္ကွရာ ဧကောဘူတက္ကွရော ဟောတိ၊

ကရပိကာလဋ္ဌက္ကွရေဟိ တီဟိသဂ်ါမြစတ္တာရော အက္ကွ ရာဘာဝန္တိ၊ အထဝါ ဘူမန္တရေဝသန္တာသ အဇ္ဈပါဒသ အသိ သသ သတ္တသ ပ်ဉ္စေ၊ ဆ ဘူတက္ကွရာ သန္တိ၊

မူလက္ကွရောပန ဝသနဋ္ဌာနေ၊ အတ္တိတိ၊ ပညာသတိ သုမ္ဗန္ဓေဟိ ပဏ္ဍိတေဟိ ပိဇာနိတဗ္ဗာနိ၊ သစေစတ္တာရော အက္ကွရာတထာအပိပရိတာဟောန္တိ၊

မူလက္ခရော ဧကောဘူတက္ခရာတယောဘဝန္တိ။ တေသံ
အက္ခရာနံ အာနုဘာဝေန နာနာရူပေန ဒိဿန္တိ။ တယော
အက္ခရာ ဆ။ ဆအက္ခရာ တယောဘဝန္တိ။ တေအက္ခရာ
မဟာတေဇဝန္တော တတော စတုက္ခရတော ဝဍ္ဎန္တော
သုဆသုအက္ခရေသု ဒံနုက္ကမေန ဒွေအက္ခရာ သုက္ကကာ
လက္ခရာနာမ၊ ဒွေနိက္ခန္တော ပဝိသန္တော က္ခရာ။ ဒွေတိဗ္ဗမူလက္ခ
ရာ-နာမ ဟောန္တိ။ တေဝိစ ရဝန္တေဟိ ပဏ္ဍိတေဟိ တာနိ
သုက္ကကာ လနိက္ခန္တော ပဝိ သန္တော တိဗ္ဗပူရာနိဝိမံသိတွာ ဖ
လိင်္ဂမရိယာဒေနဝိရစိတဗ္ဗာ။ တေသု စတူသု အက္ခရေ
သုအဝိ ပရိတေသု ဂဏနတော အဋ္ဌာရသ ဓာတုတော
စတ္တာရောဘေဒါ ဟောန္တိ။ ပည ဝန္တေဟိ ပုဗ္ဗာစရိယေ
ဟိ ဥပိတ ပေါဗ္ဗကတော ဥဋ္ဌရိတွာဟိ ပရတကာမေဟိ
လောကဟိတာယ ဂုဒ္ဓေန မဟာနုဘာဝါနံ နရ ဟိတ
ကရာနံ စတုက္ခရာနံ ပကာသိတာနိ ဝစနက္ကမာနိ ဥပိ
တာနိ။ ။ဣတိဥတ္တမသိရိနာမထေရေန ဒိပိတော မူလက္ခ
ရဒဿန နယောပဌမော။

ပဌမကဏ္ဍ။

အက္ခရာလေးလုံး။မူလအက္ခရာဖော်ပြသောအခန်း အနက်။

ပဏ္ဍိတာ- ပညာရှိတို့သည်၊ ကုလပုတ္တာနံ- အမျိုး
သားတို့၏။ အတ္ထာယ-အကျိုးငှာ။ မဟာနုဘာဝေန-ကြီး
သောတန်ခိုးအာနုဘော်ရှိကုန်သော။ စတုက္ခရေ- လေးလုံး

ဘောအရာတို့ကို၊ လောကပဟိတာယ- လူတို့၏အကျိုးစီးပွားအလို့ငှာ၊ ဣပေ န္တိ- ထားကုန်၏၊ တေအက္ခရာ- ထိုလေးလုံးသော အက္ခရာတို့ကို ဂုဒေါ့န- လျှို့ဝှက်သဖြင့်၊ ဒဿယိဿာမိ ပြပေအံ့။ တံ-ထိုစကားကို။ မေ-မမ-ငါ၏ သန္တိကာ-အထံမှ။ ပဏ္ဍိတာ-ပညာရှိတို့သည်၊ သုဏာထ နားစေ့စေ့ထောင်ကြကုန်လော့၊

တေစတုက္ခရာ-ထိုလေးလုံးသောအက္ခရာတို့ကို၊ ဝရကနကမယေမေတိ- ဝရကနကမယေမေဟူသော၊ အဋ္ဌအက္ခရရာသိမှ-ရှစ်လုံးသောအက္ခရာအစုနှိုက်၊ ပညဝန္တောဟိ-ပညာဝန်တို့သည်၊ ဝေဒိတဗ္ဗာ- ရှုစမ်း ရှာကြံအပ်၏၊ ဧတ္ထ- ဤရှစ်လုံးသော အက္ခရာအစုနှိုက်၊ မေရုဝန္ဓေ-မြင့်မိုရ်တောင်မင်း၏ အရံဖြစ်သော။ ယုဂန္ဓရေ- ယုဂန္ဓိုရ်တောင်ထိပ်၌၊ မဟာဇဝေါ- ကြီးသော လျှင်မြန်ခြင်းရှိသော၊ ဧကောဂရုဠော- ဂဠုန်နှင့်ငှက်မိုတရသည်၊ စတ္တာရောဒိပေ- လေးကျွန်းလုံးတို့ကို။ ဝိစရိတွာ ပျံသွားလှည့်လည်၍၊ ဂေါစရတိ-ကြက်စား၏၊ သော-ထိုဂဠုန်မင်းသည်၊ မနုဿာနံ လူတို့အား၊ စတုက္ခရေသု- လေးလုံးသောအက္ခရာတို့တွင်၊ မူလက္ခရံ မူလအက္ခရာဖြစ်သော ကေ-တလုံးကိုရင်း။ ဘူတက္ခရေ ဘူတအက္ခရာဖြစ်ကုန်သော၊ ဓွေ-နှစ်လုံးသောအက္ခရာတို့ကိုရင်း။ ဣတိ-ဤသို့ တယောအက္ခရေ သုံးလုံးသော အက္ခရာတို့ကို၊ ဧကဒိဝသေ တနေ့ခြင်းနှိုက်။ တိက္ခတ္တုံ-သုံးကြိမ်။ ပကာသေတိ-ထုတ်ရှားပြ၏၊ တေသံအက္ခရာနံ ထိုအက္ခရာသုံးလုံးတို့၏ အာနုဘာဝံ တန်ခိုးအာနုဘော် အရောင်အဝါကို၊ နိဿာ

ယာ-အဒိပြု၍၊ မနုဿာ လူတို့သည်၊ ကသိဝါ ဏိဇ္ဇာဒီနိ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းအစရှိကုန်သော၊ ကမ္မာနိ-အမှုတို့ကို၊ ကရောန္တိ ပြုကြကုန်၏၊ အထဝါ-တနည်းသော်ကား၊ းဝရကာနကမယောမေတိ ဣသောဝ-ဝရကာနကမယော- ဟူသော၊ ဤနည်းတူသာလျှင်၊ ပညာဝန္တော ပဏ်-မြော်မြင်သတိ၊ ပညာရှိသူသည်၊ ဧသိတဗ္ဗာ-စုးစမ်းရှာကြံအပ်ကုန်၏၊ ဧတ္ထ-ဤအက္ခရာ ရှစ်လုံးအစုနှိက်၊ မေရုဗန္ဓေ- မြင့်မိုရ်တောင်မင်း၏ အရံဖြစ်သော၊ ယုဂန္ဓရေ-ယုဂန္ဓိုရ်တောင်ထိပ်နှင့်အမျှသော ကောင်းကင် အပြင်နှိက်၊ ဥပ္ပတ္တိတွာ-ပျံသွားလျှင့်လည်၍၊ ပိစရန္တော-ကြွက်စားသော၊ သကလဒီပေသု-အလုံးစုံသော ကျွန်းကြီးလေးကျွန်းတို့နှိက်၊ ဂေါစရန္တော-ကြွက်စားသော၊ ကရဝိကရာဇာ-ကရဝိတ်ငှက်မင်းသည်၊ မနုဿာနံ- လူတို့အား၊ စတုက္ခရာနံ-လေးလုံးသော အရေရာတို့ကို၊ ဥာပနတ္ထာယသိစေခြင်းငှာ၊ မူလက္ခရံ မူလအက္ခရာ ဖြစ်သော၊ ဧကံတလုံးကိုရင်း၊ ဘူတက္ခရေ ပွားသော အက္ခရာဖြစ်ကုန်သော၊ စတ္တာရော လေးလုံးတို့ကိုရင်း၊ ဇာတိ ဤသို့၊ ပဉ္စက္ခရေ ငါးလုံးသောအက္ခရာတို့ကို၊ ပရောနုကမ္ပံ သူတပါးတို့အား၊ အစဉ် သနားခြင်းကို၊ ဥပါဒါယစွဲ၍၊ ဧကသ္မိံမာသေ တလတည်းနှိက်၊ ပဉ္စက္ခတ္တုံ ငါးကြိမ်၊ ပကာသေတိ၊ ထင်ရှားပြု၏၊ တေအက္ခရေ ထိုအက္ခရာ ငါးလုံးတို့ကို၊ ဒိသွာ မြင်၍၊ မနုဿာ လူတို့သည်၊ မနော ရမ္မံနှလုံးမွေ့လျော်ခြင်းကို၊ ပါပုဏန္တိ ရောက်ကုန်၏၊ ကရဝိကရညော ကရဝိတ်ငှက်မင်းနှိက်၊ တယောသာအက္ခရာ သုံး

လုံးသောအက္ခရာတို့သည်၊ ပဝဂ္ဂန္တိ ဖြစ်ကုန်၏။ ဧကော ဘူတက္ခရော ပန ဘူတအက္ခရာ တလုံးသည်ကား၊ ဘဒ္ဒကပ္ပေ ဘဒ္ဒ ကပ်ကမ္ဘာ၌ကိုက်၊ ဇမ္ဗူ ဒီပေ ဇမ္ဗူဒိပါကျွန်း၌ကိုက်၊ ဧကေ ဘဒ္ဒကပ္ပံ တကမ္ဘာ ပါတ်လုံး၊ မဟာနုဘာဝ သမ္ပန္နာ ကြီးမြတ်သော တန်ခိုး အာနုဘော်နှင့် ပြည့်စုံသော၊ ပဥ္စက္ခရာ ငါးလုံးသော အက္ခရာတို့သည်၊ သန္တိ ရှိကုန်၏၊ တေသုစအက္ခရေသု ထိုအက္ခရာငါးလုံးတို့တွင်လည်း၊ အာဒျန္တက္ခရာ အစအက္ခရာ တလုံး၊ အဆုံးအက္ခရာတလုံးတို့သည်၊ ဧကောဘူတက္ခရော ဘူတအက္ခရာ တလုံးသည်၊ ဟောတိ ဖြစ်၏၊ ကရဝိကာ ကရဝိတ်ငှက်မင်း၏၊ လဍ္ဍက္ခရေဟိ ရအပ်သော အက္ခရာ ရှိကုန်သော၊ တိဟိ သုံးလုံး တို့နှင့်၊ သင်္ဂြိုဟ် ပေါင်းရုံး၍၊ စတ္တာရော အက္ခရာ လေးလုံးသော အက္ခရာတို့သည်၊ ဘဝန္တိ ဖြစ်ကုန်၏၊ အထဝါ တနည်းသော်ကား၊ ဘူမျန္တရေ၊ မြေ၏အတွင်း၌ကိုက်၊ ဝသန္တဿ နေသော၊ အဋ္ဌပါဒဿ ခြေရှစ်ချောင်း ရှိသော၊ အသိသဿ ဦးခေါင်းနှဲ့သော၊ ဦးခေါင်းမရှိသော၊ သတ္တဿ တိရစ္ဆာန်ဖြစ်သော သတ္တဝါ၏၊ ပိဋ္ဌေ ကျောက်ကုန်း၌ကိုက်၊ ဆဘူတက္ခရာ ပွားတတ်သော၊ ဘူတ အက္ခရာ ခြောက်လုံးတို့သည်၊ သန္တိ ရှိကုန်၏၊ မူလက္ခရော ပန မူလအက္ခရာ တလုံးသည်ကား၊ ဝသနဋ္ဌာနေ နေရာအရပ်၌ကိုက်၊ အတ္ထိ ရှိ၏၊ ဗုဒ္ဓတိ ဗုဒ္ဓမာနိ အက္ခရာနိ ဤခုနစ်လုံးသော အက္ခရာတို့ကို၊ ပညာသတိ သမ္ပန္နေဟိ သတိပညာနှင့်ပြည့်စုံကုန်သော၊ ပဏ္ဍိတေဟိ ကျိုးကြောင်းမြော်မြင်၊ ပညာရှင်တို့သည်၊ ဓာနိတဗ္ဗာနိ

ထူးသောဥဒါတ်ဖြင့်။ သိအဝ်ကုန်၏။ စတ္တာရောအက္ခရာ လေးလုံးသော အက္ခရာတို့သည်။ တထာ မှန်ကုန်သည်။ အဝိပရိတာ မချွတ်မယွင်းကုန်သည်။ သစေပေါ ၁က္ခံ အကာယ်၍ ဖြစ်ကုန်မူကား၊ မူလက္ခရော မူလက္ခရာသည်။ ဧကော တလုံးသည်။ ပေါတိ ဖြစ်၏၊ဘူတက္ခရာ ဘူတ အက္ခရာတို့သည်။တယော သုံးလုံးတို့သည်။ ဘဝန္တိ ဖြစ် ကုန်၏။တေသံအက္ခရာနံ ထိုလေးလုံးသောအက္ခရာတို့၏။ အာနုဘာဝေန တန်ခိုးအာနုဘော်ကြောင့်။ နာနာရူပေန အထူးထူးသောရုပ်အသွင်ဖြင့်။ဒိဿန္တိ ထင်မြင်နိုင်ကုန် ၏။တယောအက္ခရော။ သုံးလုံးသောအက္ခရာတို့သည်။(ဆ) ခြောက်လုံးသောအက္ခရာတို့သည်၊ဘဝန္တိဖြစ်ကုန်၏။ဆ အက္ခရာ။ခြောက်လုံးသောအက္ခရာတို့သည်။တယောသုံး လုံးတို့သည်။ ဘဝန္တိ ဖြစ်ကုန်၏။ တေအက္ခရာ ထိုအက္ခ ရာတို့သည်။ မဟာတေဇဝန္တော ကြီးမြတ်သော။တန်ခိုး အာနုဘော် ရှိကုန်၏။ တတောစတုက္ခရတော တေဟိစ တုက္ခရေဟိ ထိုအက္ခ လေးလုံးတို့ဖြင့်။ ဝဍ္ဍန္တော သူ။ ပွား ကုန်သော။ ဆသုအက္ခရေသု ။ခြောက်လုံးသော အက္ခ ရာတို့တွင်၊ ဒွေ အက္ခရော။နှစ်လုံးသော အက္ခရာတို့သည်၊ အနုက္ကမေန အစဉ်သဖြင့်။ သုက္ကကာလက္ခရံနာမ၊လသင်္ခ အက္ခရာ။ လဆုတ်အက္ခရာ မည်ကုန်သည်၊ ဟောန္တိ ဖြစ် ကုန်၏။ ဒွေး-နှစ်လုံးကုန်သော အက္ခရာတို့သည်။ နိက္ခန္တ ပင်သန္တက္ခရာ ထွက် အက္ခရာ၊ ဝင်အက္ခရာ မည်ကုန် သည်။ ဟောန္တိ ဖြစ်ကုန်၏၊ ဒွေး-နှစ်လုံးကုန်သောအက္ခ ရာတို့သည်၊ တိဋ္ဌမူလက္ခရံနာမ တည်သော ပြည့်သော

မှုလအက္ခရာမည်ကုန်သည်၊ ဩဋ္ဌ ဖြစ်ကုန်၏၊ တော- ထိုလေးလုံးသော အက္ခရာတို့ကို၊ ဒိစရန္တေဟိ စိရင်ကုန် သော၊ပဏ္ဍိတေဟိ အက္ခရနံ ဗြူ့ဘာသကျမ်းကျင်လိမ္မာကုန် သော ပညာရှိတို့သည်၊

တာနိသုတ္တကာလ နိက္ခန္တာတိဌပူရာနိ။ ထိုဆန်းသည် ဆုတ်သည်၊ ထွက်သည်၊ ဝင်သည်။ တည့်သည်။ ပြည့် သည်တို့ကို၊ ဝိမံသိတွာ၊ စဉ်းစားဆင်ခြင်၍။ ကောဝန္တနာမ မရိယာဒေန၊ ဝါးကျိုပ်လိမ်း လေးကွက်အင်းဖြင့်။ ဝိရစိ တဗ္ဗာ၊ စီရင်အပ်ကုန်၏၊ တေသုစတူသု အက္ခရေသု။ ထို လေးလုံးသော အက္ခရာတို့သည်၊ အပိပရိတေသု၊ မည့်တ် မယွင်းမှန်ကန်သည်ရှိသော်၊ ဂဏာနုတော၊ ဂဏန်းအရေ အတွက်အားဖြင့်၊ အဋ္ဌရသ (၁၈)တဆဲ့ရှစ်ပါးတို့သည်၊ ဩဋ္ဌ၊ဖြစ်ကုန်၏၊ ဓာတုတော၊ဓာတ်အားဖြင့်။ စတ္တာ ရောဘေဒါ၊ လေးပါး အပြား ရှိကုန်၏၊ ဩဋ္ဌ၊ဖြစ် ကုန်၏၊ပညာဝန္တေဟိ၊အက္ခရဉ္ဉူဟာ၊ ကျမ်းကျင်လိမ္မာ သောပညာရှိကုန်သော၊ ပုဗ္ဗာစရိယေဟိ၊ ရှေးနှိုက်ဖြစ် သော ရသေ့ဆရာတို့သည်၊ ဌပိတပေါဌကာတော၊ ထား အပ်သော ကြေးပရပိုက်မှ။ ဥဒ္ဓရိတွာ၊ ထုတ်ဆောင်၍၊ ပရဟိတကာမေဟိ၊သူတပါးတို့၏အစီးအပွားကို အလို ရှိကုန်သော၊ အမှေဟိ၊ ငါတို့သည်၊ လောကဟိတာယ၊ လူတို့၏အစီးအပွားအလို့ငှာ၊ ရသေ့နှ၊ လျှို့ဝှက်သဖြင့်၊ မဟာနုဘာဝါနံ၊ ကြီးမြတ်သောအာနုဘော်ရှိကုန်သော နှမှဟိတကာရာနံ၊လူတို့၏အစီးအပွားကို ပြုတတ်သော၊ စတုရက္ခရာနံ၊ လေးလုံးသောအက္ခရာတို့ကို၊ပကာသိတာ

နိ၊ ပြုအပ်ကုန်သော၊ ဝစနတ္ထမာနိ။ စကား အစဉ်တို့ကို၊ ဌပိတာနိ၊ထားအပ်ကုန်၏၊

ဥတ္တမသိရိနာမထေရေန၊ အရှင်ဥတ္တမသိရိ အမည်ရှိသော မဟာထေရ်သည်၊ ပဉ္စာငါးခုမြောက်၊ဒီပိတာ ပြုအပ်သော၊ မူလက္ခရ- ဒဿန- နယော၊ မူလ အက္ခရာ ကောက်ယူပုံကိုပြသောနည်းသည်၊ နိဋ္ဌိတသမတ္တော၊ ဤ တွင်ပြီးပြီ၊

အက္ခရာလေးလုံး၏မူလအက္ခရာကိုဘော်ပြသော ပဉ္စမကဏ္ဍ၊
ကျမ်းရင်းပါဠိနံပါတ်(၈)၏အဘွင့်၊

ဤကဏ္ဍသည်ကား၊ မူလ(စမ) ဍ-သ-ဉ-က-လေး လုံးနှင့် ၎င်းမူလ(စမ) ၄လုံး၏ ကောက်ယူကြောင်းဖြစ် သော က-ပ-ဓ-ဝ-ယ-ဂ-ဗ-ဓ-ဟူသော(စမ)တို့ကို ထုတ်ဖော်၍ပြသောကဏ္ဍပင်ဖြစ်ရကားရှေးကပြဆိုပြီးခဲ့သည် တို့နှင့်အတူတူပင်ဖြစ်ပေ၏။ အတူတူပင်ဖြစ်ပါလျက်၊ဤ နေရာတွင်ထပ်မံ၍ပြဆိုခြင်းမှာ၊ နောင်လာမည့် ကဏ္ဍ၌ ပါရှိသော ဓာတ်(စမ)နှင့် ဤမူလ(စမ)ကိုခွဲခြားသိစေ ခြင်းငှာပြခြင်းမျှဖြစ်တန်ရာ၏၊ သို့ရာတွင်၊ကျမ်းပြုသော ပုဂ္ဂိုလ်၏ ဉာဏ်ကျက်စားရာကိုသိစေသော၊ အကျိုးငှာ ၎င်း၊ ထုတ်ဖော်သော နည်းတို့ကို သိစေသော အကျိုးငှာ ၎င်း။ ဤကဏ္ဍ၌ပြဆိုသော နည်းတို့ကိုသိခြင်းအားဖြင့်၊ လောကီပညာဆေးအင်းစမတို့၌၊ ရှေးပညာရှိတို့ထုတ်ဖော်

နည်းတို့ကို၊ နယပဒေသရဂှိစေခြင်းအကျိုးငှာ၎င်း၊ လိုရင်းအဓိပ္ပါယ်ကိုအကျယ်ဘွင့်ပြပေအံ့။

ပညာရှိသောသူတို့သည်၊ ဆမျိုးသားတို့၏အကျိုးငှာ ကြီးသော တန်ခိုးအာနုဘော်ရှိကုန်သော အက္ခရာ၄လုံးတို့ကို၊ လူတို့၏အကျိုးစီးပွားအလို့ငှာထားခဲ့ကုန်၏၊ ၎င်းအက္ခရာတို့ကိုလျှို့ဝှက်၍ပြပေအံ့၊ ထိုအက္ခရာ လေးလုံးကို၊ (ဝရကဏကမယေမ)ဟူသော ရှစ်လုံးသော အက္ခရာအစုန်၊ မြော်မြင်သတိပညာ ရှိတို့သည် စူးစမ်းရှာကြံအပ်ကုန်၏ဟူသော စကားအစဉ်တို့၏ အဓိပ္ပါယ်သော်ကား၊ (ဝရကဏကမယေမ) ဟူသောစကားဖြင့်၊ ရွှေဖြင့်ပြီးသောမြင့်မိုရ်တောင်ကိုပြ၏၊ သို့ကြောင့်၊ မြင်မိုရ်တောင်၏အရံဖြစ်သော ယုဂန္ဓိုရ်တောင်နှင့်အမျှကောင်းကင်၌မြင်မိုရ်တောင်ကို လက်ျာရစ်လှည့်သော ငှက်ဖို ငှက်မ ၂ကောင်ကို သာမည အားဖြင့် ရည်ညွှန်းသော အက္ခရာ (၈) လုံးဖြစ်၏၊ သို့ကြောင့်၊ (က-ပ-ဓ-ဝ-) အက္ခရာတို့ကို ရည်ညွှန်း၏၊ လျှို့ဝှက်သဖြင့်ကား၊ (ဝရကဏကမယေမ) ဟူသော အက္ခရာရှစ်လုံး အစုသည်၊ ဗောဓိပက္ခိယတရား ၃၇-ပါးကိုပြ၏၊ အဘယ်ကဲ့သို့ပြသနည်းဟူမူကား၊ ၎င်းအက္ခရာ ၈-လုံးကိုနံသင့်ကောက်ယူက၊

ဝ=၄

၇=၈

က=၂

ဏ=၇

ကာ=၂
မ=၅
ယော=၄
မေ=၅
ပေါင်း .. ၃၇

မောဓိပက္ခိယတရား ၃၇-ပါးကိုရသတည်း၊

တနည်းကား၊ (ဝရကဏကမယောမေ) ဟူသော ထို စကားရှစ်လုံးသည်ပင်၊ အထူးချွှဲဖွက်သော အားဖြင့်၊ (၃)အက္ခရာတလုံးကိုပြ၍၊ အဘယ်သို့ ပြသနည်းဟူမူ နက်နှောင်းသော ပညာရှိဘို့ စပ်ဆိုသော အဓ္ဓရသ လင်္ကာ၌၊ (ဝရကဏကမယောမေ) ဤရှစ်ထွေတွင်၊ ချေ သည်၄လုံး၊ သုံးသည်၄ပါးစက်ကသွား၍ တွေ့ညာအက္ခ ရာ၊တလုံးသာလျှင်၊ကျော်စောထင်သည်၊ သူပင်နိဂုံးအ ချုပ်တည်းဟူသောစကားအရ၊ (ဝရကဏကမယောမေ) ဤရှစ်လုံးတွင်၊(ဝရကဏ)ဟူသော ၄လုံးကို ချေဖျက်၍၊ ကျန်သော(ကမယောမေ)၄လုံးကိုသုံးရာ၏၊ ဘယ်သို့ သုံး မည်နည်းဟူမူ၊ ၎င်းအက္ခရာ ၄လုံးကို နံသင့်ကောက် သော်-

ကာ=၂
မ=၅
ယော=၄
မေ=၅
ပေါင်း-၁၆-ရ၏၊

ဝင်း၁၆ သင်္ချာဖြင့်၊ ဗျည်းသုံးဆဲ့ သုံးတွင်၊ စက်နှင့် တူသော{ဝ}အက္ခရာမှစ၍ရေတွက်လျှင်၊ {၁၆}ဂဏန်း အကျဉ်း၌၊ {ဍ}အက္ခရာ တလုံးကို တွေ့၏၊ ဝင်းအက္ခရာ သည်ပင်နိဂုံးအချုပ်ဖြစ်၏၊ အဘယ် ကြောင့် ဆိုသော်၊ {ဍ}သံညင်းကြိတ်ဟူသော အမည်ဖြင့်၊ ဍ-သ-ည-က- မူလစမအက္ခရာလေးလုံးကိုပြစွမ်းသောကြောင့် ဖြစ်လေ သည်၊

မြင့်မိုရ်တောင်မင်း၏အရံဖြစ်သော ယုဂန္ဓိုရ်တောင်များ၌၊ဂန္ဓုန်မိတရသည်၊ လေးကျွန်းလုံးကိုလှည့်လည်ကျက် စား၏၊ထိုဂန္ဓုန်မင်းသည်လူတို့အားမူလအက္ခရာတလုံး၊ ဘုတအက္ခရာ၂လုံးအက္ခရာသုံးလုံးကိုပြ၏၊ ထိုအက္ခရာ သုံးလုံး၏တန်ခိုးအာနုဘော်ဆရောင်အဝါကိုအမှီပြု၍၊လူ တို့သည်၊လယ်လုပ်ခြင်းကုန်သွယ်ခြင်းအစရှိသော အမှု တို့ကိုပြုကြကုန်၏ဟူသည်ကား၊ ရောင်ခြည် တထောင် အသင်းကို ဆောင်နိုင်သော နေမင်းကို၊ဂန္ဓုန်မင်းဟုခေါ် သည်၊ ထိုနေမင်းသည်၊ နေတခြမ်းထွက်လျှင် (ဂ)ငယ် ကိုပြသည်၊ နေမွန်းတည့်လျှင်(ဝ)ကိုပြသည်၊နေတခြမ်း ဝင်လျှင်{ဂ}ငယ်ကိုပြသည်၊ ဤသို့လျှင် (ဂဝဂ)တည်း ဟူသော အက္ခရာသုံးလုံးကိုဘနေ့သျှင် သုံးကြိမ်ပြသည်၊ (ဝ)သည် မူလအက္ခရာဖြစ်၏၊ ဘုတအက္ခရာ ဖြစ်သော (ဂ)နှစ်လုံးကိုစပ်လျှင် {က}ကြီးဖြစ်၏၊ နေမင်းပြသော ဘုတအက္ခရာ (က)တလုံး၊ မူလအက္ခရာ(ဝ)တလုံး၊ဤ ၂လုံးသာရ၏ဟုဆိုလိုသည်၊

တနည်းသော်ကား။ ဝရကာနကာမယောမေဟူသောအက္ခရာဖြင့်။ ရှေးနည်းတူ ရှာကြံအပ်ကုန်၏၊ မြင့်မိုရ်တောင်မင်း၏အရံဖြစ်သော ယုဂန္ဓိုရ်တောင်ထိပ်၌၊ ကာရပိတ်ငှက်တခုသည်။ လေးကျွန်းလုံးကို လှည့်လည်ကျက်စားပျံသွား၏။ ထိုကာရပိတ်ငှက်မင်းသည်၊ လူတို့အားအက္ခရာလေးလုံးကိုသိစေခြင်းငှာ၊ မူလအက္ခရာတလုံး၊ဘူတအက္ခရာလေးလုံး။ ဤငါးလုံးသောအက္ခရာတို့ကို၊တလလျှင်၅ကြိမ်ပြ၏။ ထိုအက္ခရာ တို့ကိုမြင်၍၊ လူတို့သည်၊ နှလုံးမွေ့လျော်ခြင်းသို့ရောက်ကုန်၏။ဟူသည်ကား၊ လ, မင်းကို၊ ကာရပိတ်ငှက်မင်းဟုခေါ်၏၊ ထိုလမင်းသည်၊ လဆန်း၂ရက်၃ရက်တွင်(ဂ)ကိုပြ၏၊လပြည့်ခါနီးတွင်(ဗ)ကိုပြ၏၊ လပြည့်လျှင်(ဝ)ကိုပြ၏၊ လပြည့် ကျော်လျှင်(ဗ)ကိုပြ၏၊ လကုန်ခါနီး၊ ကွယ်ခါနီးလျှင်(ဂ)ကိုပြ၏၊ သို့ဖြစ်၍(ဂဗဝဗဂ)ဤအက္ခရာ ငါးလုံးကို တလလျှင်ငါးကြိမ်ပြ၏၊ ထိုအက္ခရာတို့ကို မြင်သဖြင့်၊ (ဝါ)လ၏အရေး၊လ၏အရောင်ကိုမြင်သဖြင့်၊ လူတို့သည်နှလုံးမွေ့လျော်ခြင်းသို့ရောက်၏ဟုဆိုလိုခြင်းဖြစ်သည်။

ကာရပိတ်ငှက်မင်း၌၊ အက္ခရာသုံးလုံးသည် ဖြစ်၏ဟူသည်ကား။ အထက် ပြဆိုပြီးသော အက္ခရာ ငါးလုံးအနက်သဘောအက္ခရာတို့ကိုပယ်လိုက်သော်၊{ဂဗဝ}ဟူသောအက္ခရာသုံးလုံးကိုသာရ၏။ ဤသုံးလုံးကိုရည်၍ ဆိုခြင်းဖြစ်သည်၊ ၊ဘူတအက္ခရာတလုံးသည်၊ ဘဒ္ဒကပ်ကမ္ဘာ၌၊ဇမ္ဗူဒီပါကျွန်းတွင် တကမ္ဘာပတ်လုံးကြီးမြတ်သောတန်ခိုးအာနုဘော်နှင့်ပြည့်စုံသော အက္ခရာငါးလုံး၌

ကုန်၏။ ဟူရာ၌ (ဂ)ငယ်ဟူသော ဘူတအက္ခရာကို ဆို ခြင်းဖြစ်၏၊ (ဂ)အက္ခရာကို အောက်က ဝိတ်လိုက်လျှင်။ (ဓ)အက္ခရာဖြစ်၏။ (ဓ)အက္ခရာကို ဟှန်လိုက်လျှင်။(ဗ) အက္ခရာဖြစ်လာ၏။ (ဂ)နှစ်လုံးစပ်လျှင်၊ (က)ကြီးဖြစ်၏။ (က)ကိုဟှန်လိုက်လျှင်(ယ)အက္ခရာဖြစ်လာ၏။(ဂ)အက္ခ ရာကိုဟှန်လိုက်သော်၊(ပ)အက္ခရာဖြစ်၏။ သို့ကြောင့်။(ဂ) အက္ခရာတလုံး၌၊ (ကပဓဗယ)ဟူသော အက္ခရာငါးလုံး ရှိ၏။

တနည်းကား။ (ဂ)ကိုဟှန်လျှင်(ပ)ရ၏။ (ဂ)နှစ်ခုကို စပ်လျှင်(က)ရ၏။ (ဂ)ကို အောက်ကဝိတ်လျှင် (ဓ)ရ၏။ ဂ–ကိုဟှန်၍အထက်ကဝိတ်လျှင်(ဗ)ရ၏။ (ဂ)ကိုဟှန်၍ ၂ခုစပ်လျှင်(ယ)ရ၏။ သို့ကြောင့်(ဂ)အက္ခရာတလုံးတွင် (ကပဓဗယ)ဟူသော၊ ပွားသောအက္ခရာငါးလုံးရှိ၏ဟု ဆိုခြင်းဖြစ်သည်၊

ထိုအက္ခရာငါးလုံးတို့တွင်လည်း အစအက္ခရာတလုံး အဆုံးအက္ခရာတလုံးတို့သည်။ ဘူတအက္ခရာတလုံးဖြစ် ၏ဟူသည်မှာ၊ အထက်၌ ပြခဲ့ပြီးသော အက္ခရာ ငါးလုံး တွင်၊ အစအက္ခရာ(က)နှင့်အဆုံးအက္ခရာ(ယ)တို့သည်၊ ဘူတအက္ခရာတလုံးသာဖြစ်၏။ အကြောင်းကား(က)ကို ဟှန်လျှင်(ယ)ဖြစ်၏၊ (ယ)ကိုမှောက်လျှင် (က)ဖြစ်၏၊ သို့ကြောင့်။(က)ကိုရင်း{ယ}ကိုရင်းတလုံးကိုသာယူရာ ၏။

ကခုပိုက် ဌက်မင်းမှခုအပ်သော အက္ခရာသုံးလုံးတို့ နှင့်ပေါင်းရုံး၍၊ အက္ခရာလေးလုံးသည် ဖြစ်ကုန်၏၊ ဟူရာ

၌၊ လာမင်းမှရပြီးသော။ အထက်၌ ဘော်ပြ ပြီးခဲ့သည့် (၈၅၀) အက္ခရာသုံးလုံးနှင့် ပေါင်းသော်၊ (ယဓဂဗဝ)ဟူ သောအက္ခရာလေးလုံးဖြစ်လာ၏။

တနည်းသော်ကား၊ မြေ၏ အတွင်း၌ နေသော အခြေ ရှစ်ချောင်းရှိသော၊ဦးခေါင်းမရှိသောတိရစ္ဆာန်ဖြစ်သော သဘ္ဘဝါ၏ ကျောက်ကုန်း၌ဖြစ်ပွားသော ဘူတအက္ခရာ ၆-လုံးရှိကုန်၏ဟူသည်ကား၊ လယ်ပုဇွန်လုံး၏ ကျော၌ (ဓ)အက္ခရာ တလုံးရှိ၏။ ၎င်းအက္ခရာကို လှန်သော်(ဗ) ဖြစ်၏။ ၎င်း(ဗ)အက္ခရာ၏ အထက်အပိတ်ကို ဖြတ်လျှင် (ပ)ဖြစ်၏။ (ပ) ကိုမှောက်လိုက်သော် (ဂ)ဖြစ်၏၊ (ဂ) နှစ်လုံးကိုစပ်လိုက်သော်(က)ဖြစ်၏။ (က)ကို လှန်လိုက် ပြန်သော်(ယ)ဖြစ်၏။ ဤသို့လျှင် (ဓဗပဂကယ)ဟူသော ဘူတအက္ခရာ ၆ လုံးကိုရ၏။

မူလအက္ခရာတလုံးသည်ကား၊ နေရာအရပ်၌ရှိ၏ဟု ဆိုခြင်းကား၊ လယ်ပုဇွန်လုံး၏နေရာအရပ်ဖြစ်သောတွင်း သည်၊ (ဝ)သဏ္ဍာန် ရှိသဖြင့်၊ မူလအက္ခရာ (ဝ) ကိုယူ ရာ၏။

ဤ၇နစ်လုံးသောအက္ခရာတို့ကို သတိပညာနှင့်ပြည့်စုံ ကုန်သော ကျိုးကြောင်း မြော်မြင်ပညာရှင်တို့သည်၊ထူး သောဉာဏ်ဖြင့်သိအပ်ကုန်၏၊ ထိုအက္ခရာ လေးလုံးတို့ သည်၊မှန်ကုန်သည် မသွတ်မယွင်းကုန်သည်။ အကယ်၍ ဖြစ်ကုန်မူကား၊ မူလအက္ခရာသည်တလုံးတည်း၊ အထူး ထူးသော ဘူတအက္ခရာတို့သည် သုံးလုံးဖြစ်ကုန်၏၊ ထို အက္ခရာတို့၏တန်ခိုးအာနုဘော်ကြောင့်၊အထူးထူးသော

ချုပ်အသွင်ဖြင့်ထင်မြင်နိုင်ကုန်၏။ သုံးလုံးသော အက္ခရာသည် ၆လုံးဖြစ်ကုန်၏၊ ၆လုံးသော အက္ခရာသည်၊ သုံးလုံးဖြစ်ကုန်၏၊ ထိုအက္ခရာတို့သည်၊ ကြီးမြတ်သောတန်ခိုးအာနုဘော်ရှိကုန်၏ဟု ဆိုခြင်းကား။

တောင်၌ရေး။ (ဒ)ကိုမြောက်၌ရေး။ (ဓ)ကိုအောက်၌ရေး (န)ကိုအထက်၌ရေး။ တစေအာဆကွရာ၁၀-လုံးကုန်၏။ ခါတ်သုံးပါးလည်း မူလအိမ်၌ခါတ်ပဋိသန္ဓေကို တည်ပြီး ဖြစ်ကြကုန်၏။ အာပေါခါတ်တပါးသာလျှင်ကျန်၏။ သို့ ကြောင့်အာပေါအက္ခရာဖြစ်သော၊ သဟ-သ-ဟ-ကို-မူ လအရပ်ဖြစ်သောအောက်၌ပင်။ ခါတ်ပဋိသန္ဓေတည်စေ ခြင်းဖြင့်၊ (သ)ကို အောက်၌ရေး။(ဟ)ကိုအထက်၌ရေး၊ (သ)ကိုတောင်၌ရေး၊ (ဟ)ကိုမြောက်၌ရေး၊ ဤသို့ခါတ် သွားလည်းညီ။ခါတ်အိမ်လည်းတည့်ခါတ်လှည့်ညီသွတ် မှ။က-ဘက်၌ရှစ်လုံး၊ န-ဘက်၌ ၆-လုံး၊ လက်ျာလက်ဝဲ ဟူသောတောင်နှင့်မြောက်၌- တဘက်ငါးလုံးစီ- အမှန်ရ ၏။အထက်ပါ ပုံစံတွင်။ကြက်ခြေဖြင့်ပြထားသောအက္ခရာ တို့သည်။ ခါတ်လေးပါးလုံးမူလအိမ်၌သာခါတ်ပဋိသန္ဓေ တည်ခြင်းကို-ပြသည်၊ ဤအတိုင်း ခါတ်ပဋိသန္ဓေတည် စေလျက် ဝိထိကောက်ဖြင့်လှည့်သွားလျှင်၊ မှားဘွယ်ရာ မရှိတော့ချေ။

၉-နံပါတ်ကား။ ။ပါပ။သုရဇ္ဇ။အမြိတ္တ။ကောဇ်ဟူ သောအမည်အစဉ်တို့သည်။ ခါတ်သွားအစဉ်မည်၏။ဤ အစဉ်အတိုင်းလေးပါးသောခါတ်တို့သည်။ အောက်မှအ ထက်-အထက်မှတောင် တောင်မှ-မြောက်၊ ဤသို့အား ဖြင့်၊ အကောက်ခရီး(ဝါ)ဝိထိကောက်ဖြင့် သွားကြကုန် သည်ဟုဆိုလိုသည်။(အထက်၌ပြပြီးခဲ့ပြီ)

၁၀-နှင့်၁၁-နံပါတ်ကား။ ။အင်္ဂါ၊ ဂင်္ဂါ၊ စရ၊ ဝံသော၊ဟူသောခါတ်နံအစုကို။အစဉ်အတိုင်းမိသဿအစရှိ

သော၊ ဗွါဒရာသီ ၁၂ ခွင်၌လက်ျာရစ်ချရမည်ဆိုလိုသည်။ ဤသို့ချပြီးနောက်။ အင်္ဂါကျေရာ ရာသီကို သူရဇ္ဈ တေဇောဓါတ်။ ဂဇ္ဈေကျေရာရာသီကို-ကောဇိပထဝီဓါတ်။ စနေကျေရာရာသီကို ပါပ ဝါယောဓါတ်။ ဝံသေကျေရာ။ ရာသီကို အမ္ဘိတ္တအာပေါဓါတ်ဟု မှတ်သားရမည်ဟုဆိုလိုသည်။ အောက်ပုံစံတွင်ကြည့်ပါ၊ (မိဿပြိဿကို လက်ဝဲရစ်ရေး။ အင်္ဂါဂဇ္ဈေကိုလက်ျာရစ်ချ)



ဓ၂-နံပါတ်ကား။ ။အထက်ပါအံတိုင်း။ ၁၂-လ။ ၁၂ ရာသီခွင်ချ-သိုက်သော်။ မိဿရာသီ။ သိဟ်ရာသီ။ ဓနုရာ

သီဟူသော။ ဘန်းရူးဝါခေါင် တိမ်တောင်ထွန်းပေါ် လနတ်တော်သည်တေဇောရာသီ။ တေဇောလဖြစ်ကြောင်းသိရမည်။

ပြိသဧသီ ကန်ရာသီ မကာရရာသီ ဟူသော။ကဆုန်ဟော်သလင်းဖြာသို။ ဤသုံးလသည်။ အာပေါရာသီအာပေါလဖြစ်ကြောင်းသိရမည်။

မေထုန်ရာသီ။ တူရာသီကုမ်ရာသီဟူ့သောနယုန်ဝါကျွတ်နှင်းစွတ်ဖိုခွဲဘပို့ တွဲ့ဤသုံးလသည်ဝါယောရာသီဝါယောလ ဖြစ်ကြောင်းသိရမည်။

ဗြိစ္ဆာရာသီဓနုရာသီ မိန်ရာသီဟူသော ဝါဆိုဘန့်ဆောင်မှုန်း ပူတုန်းချမ်းပြောင်း။ လတပေါင်း ဤသုံးလသည်။ပထဝီရာသီပထဝီလဖြစ်ကြောင်းသိရမည်။

ဤသို့လျှင်။ လေးဖြာသောဓါတ်အင်းကို့အလိုရှိသောသူသည် ကောင်းစွာ မှတ်သားရာသည်ဟု ဆိုခြင်းဖြစ်သည်။

၁၃-နံပါတ်ကား။ ။ပါပဓါတ်သက်သည် ၂၂ နှစ်။ သူရဿဓါတ်သက်သည်၁၂ အမြိတ္တဓါတ်သက်သည်၁၆။ ကောသိဓါတ်သက်သည်၃၀။ ဤသို့လည်းဓါတ်လေးပါး၏အသက်အစဉ်ကို ဓါတ်ဆရာပညာရှိသည် မှတ်သားထားရာ၏ဟု ဆိုလိုသည်။ ။ငင်းဓါတ်သက်တို့ ဖြစ်ပုံကို။အဘိဓာဲကျမ်း၌ပြသည်တို့ကား။

အပရဂေါရာဟုသော [illegible]နောက်ကျွန်း၏။အကျယ်ယူဇနာကား။သုညစဘုနဝပဥ္စ။ ၅၉၄၀ရှိ၏။ ကျွန်းဦး၌ပေါက်သော ပဒေါင်ပင်၏ အရိပ်ယူဇနာကား။သုညသတ္တစမ္မ။

၂၇၀ရှိ၏။ကျွန်းယူဇနာတည်၊ ပဒေသာပင်၏ယူဇနာနှင့်စား။ရလာဘ် ၂၂ သည်။ပါပစ္စဓါတ်သက်ဖြစ်၏။

(အနောက်ကျွန်း၌၊ ထိန်ပင်ကိုသာဆိုရိုးရှိ၏။င,ရနဲ့ဆရာ၏။အဘိတိကျမ်း၌ကား။ပဒေသာပင်ဟုဆို၏။)

ပြဗ္ဗဝိဒေဟဟူသောအရှေ့ကျွန်း၏ အကျယ်ယူဇနာသည် စတုဆစ္မ ၂၆၄၀-ကိုတည်၊ အရှေ့ကျွန်းဦးကာ့ကော်ပင်၏ အရိပ်ယူဇနာ သည် စမ္ဗဝိသ ၂၂၀နှင့်စား။ရလာဘ်၁၂သည်။သူရဇ္ဇဓါတ်သက်ဖြစ်၏။

(အရှေ့ကျွန်း၌ကုက္ကိုပင်သာဆိုရိုးရှိ၏။)

ဥတ္တရကုရုဟူသောမြောက်ကျွန်း၏အကျယ်ယူဇနာသည်ရသနဝစတု ၄၉၆၀ကိုတည်။ ကျွန်းဦးအုန်းပင်၏အရိပ်ယူဇနာသည်ဧကတြိံသဋ္ဌ ၃၁၀နှင့်စား။ ရလာဘ်၁၆သည်။အမြိဒ္ဓဓါတ်သက်ဖြစ်၏။

(မြောက်ကျွန်း၌ကပ္ပရုက္ခပဒေသာပင်သာဆိုရိုးရှိ၏။)

ဇမ္ဗူဒီပဟူသော တောင်ကျွန်း၏ ယူဇနာ။တြိသုည အဋ္ဌကော၁၀၀၀ကိုတည်။ ကျွန်းဦးသပြေပင်၏ အရိပ်ယူဇနာ သုညသုညဆဋ္ဌ၊ ၆၀၀နှင့်စား။ရလာဘ်၃၀သည်၊ကောဋိဓါတ်သက်ဖြင်၏။

၁၄ နံပါတ်နှင့်။ ၁၅ နံပါတ်တို့ကား။ ။ယခုအခါ။ လေးပါးသော အင်းတို့၏ သွင်းရာဖြစ်တော ကိန်းတွက်သောနည်းကိုလည်း ပြဆိုပေအံ့။၊ထိုနည်းကို။ ဝိဇ္ဇာမယ တော့ဇတန်ဒိုးနှင့်ယှဉ်ကုန်သောလေးပါးသောဓါတ်အကျွ ရာကိုစီရင်ခြင်းငှါအလိုရှိသူတို့သည်။နာလင့်ကုန်။ ။

ပါပဓါတ်အင်း၏နောက်ကိန်းသည်။ ရဝိ။(၄၂)ခုဖြစ်၏။ သူရဿ၏နောက်ကိန်းသည်။ ဗုဒ္ဓါ။ ၂၈ ဖြစ်၏။ အမြိတ္တ၏နောက်ကိန်းသည်။ဇီတာ။(၆၈)ဖြစ်၏။ ကောဋိ၏နောက်ကိန်းသည်။ နာမံ။ (၅၀)ဖြစ်၏ဟုဓါတ်အိမ်၄ပါးဆိုင်ရာနောက်ကိန်းတို့ကိုပြဆိုခြင်းဖြစ်သည်။

ဤနေရာ၌။ရဝိ။ဆိုသောစကား။ဗုဒ္ဓါ။ဆိုသောစကား ဇီတာဆိုသောစကား။ နာမ။ ဆိုသောစကားတို့သည်။ ပိဋကတ်သင်္ချာများဖြစ်၍။ ကျမ်းရင်းပါဌ်နံပါတ်(၄)အခွင့်တွင် ပါရှိပြီးဖြစ်သော ပိဋကတ်သင်္ချာကောက်နည်းဇယားအရကောက်ယူလိုက်သော်။ ရဝိ။၄၂။ဗုဒ္ဓါ။၂၈။ ဇီတာ။၆၈။နာမ။၅၀။ ဟူ၍ရရှိလိမ့်မည်။

အောက်ပုံစံတွင်ကြည့်ပါ။

	သူရဿ ၂၈	
ကောဋိ ၅၀		၆၈ အမြိတ္တ
	၄၂ ပါပ	

ထိုနောက်ကိန်းကိုပင်။ ဗေဒင်သင်္ချာဖြင့်နောက်ဆရာတို့သည်။ကုလား။ရန်ကုန်။ရှံသား။နဘက်။ ဟုလက်ာစပ်ဆိုကြလေသည်။

ထိုနောက်ကိန်းဂဏန်းတို့ကို အဘယ်သို့ရရှိသနည်းဟူမူကား။ ပါပတွင်၄၂ရရှိခြင်းမှာ။ ပါပသည် ဝါယောစရေဓါတ်ဖြစ်၏။(စ)အင်္ဂါမှာ။ဓါတ်မို။(ရေ)ရာဟုမှာဓါတ်မဖြစ်၏။အင်္ဂါဂြိုဟ်သက်။ ၈နှစ်နှင့်ရာဂြိုဟ်သက်၁၂နှစ်။ပေါင်းသော် ၂၀ရ၏။ ၎င်း၂၀တွင် ပါပဓါတ်သက်၂၂ရောသော်။၄၂ဖြစ်၏။

စ-အင်္ဂါ-ဂြိုဟ်သက်-၈-နှစ်။
ရေ-ရာဟု-ဂြိုဟ်သက်-၁၂-နှစ်။
ပါပ-ဓါတ်သက်-၂၂-နှစ်
ဓါတ်သက်နှင့်ဂြိုဟ်သက်ပေါင်း-၄၂ရ၏။

သူရဇ္ဇတွင်၂၈ဖြစ်ခြင်းမှာ။ သူရဇ္ဇသည်။ တေဇောအန္တောဓါတ်ဖြစ်၏။ (အန်)တနင်္ဂနွေမှာဓါတ်မို။ (တော)စနေမှာ။ဓါတ်မဖြစ်၏။တနင်္ဂနွေဂြိုဟ်သက်၆ နှစ်နှင့်စနေဂြိုဟ်သက်၁၀- နှစ်ပေါင်းသော်၁၆-ရ၏။ ၎င်း၁၆တွင် သူရဇ္ဇဓါတ်သက်၁၂ရောသော်၂၈ဖြစ်၏။

အန်-တနင်္ဂနွေ-ဂြိုဟ်သက်၆-နှစ်။
တော-စနေဂြိုဟ်သက်၁၀-နှစ်။
သူရဇ္ဇဓါတ်သက်၁၂-နှစ်။
ဓါတ်သက်နှင့်ဂြိုဟ်သက်ပေါင်းသော်၂၈ရ၏။

အမြိတ္တ နက္ခတ်နိုး ၆၈ ဖြစ်ခြင်းမှာ။ အမြိတ္တသည်အာပေါဝံသောဓါတ်ဖြစ်၏။ (ဝံ) ဗုဒ္ဓဟူးဓါတ်ဖိုဂြိုဟ်သက် ၁၇ နှစ်။ (သော) သောကြာဓါတ်မ။ ဂြိုဟ်သက် ၂၁- နှစ်။ ၂ ရပ်ပေါင်းသော် ၃၈- ရ၏။ ထို ၃၈ တွင်။ ပထဝီကောသိ၏။ ဓါတ်သက် ၃၀ ပေါင်းသော်။ ၆၈ ဖြစ်၏။

ဝံ-ဗုဒ္ဓဟူး-ဂြိုဟ်သက် ၁၇-နှစ်။
သော-သောကြာ-ဂြိုဟ်သက် ၂၁-နှစ်။
ကောသိ-ဓါတ်သက် ၃၀-နှစ်။
ဓါတ်သက်နှင့်ဂြိုဟ်သက်ပေါင်း ၆၈-ရ၏။

ပါပနက္ခတ်နိုး၌ကား။ ပါပဓါတ်သက်နှင့် ပါပ အိမ်ဂြိုဟ်သက်ပေါင်း၍။ ၄၂ ရ၏။ သုရဇ္ဇနက္ခတ်နိုး၌လည်း။ သုရဇ္ဇဓါတ်သက်နှင့်သုရဇ္ဇအိမ်ဂြိုဟ်သက်ပေါင်း၍။ ၂၈ ရ၏။ ယခုအမြိတ္တအိမ်၌။ အမြိတ္တဂြိုဟ်သက် ၃၈ တွင် အမြိတ္တဓါတ်သက်မပေါင်းဘဲအဘယ်ကြောင့်။ ပထဝီဓါတ်ဖြစ်သောကောသိဓါတ်သက် ၃၀ ပေါင်းရသနည်းဟုမေးဘွယ်ရှိ၏။

ကပ္ပါလင်္ကာရကျမ်းသည်။ (ကပ္ပ။ ကမ္ဘာ။ အလင်္ကာရ။ တန်ဆာ။) ဟူသည်အတိုင်း။ ကမ္ဘာ့တန်ဆာဖြစ်ကုန်သော နေ့လတို့မှ ရသောစမအကျွချက်များကို စီရင်သောကျမ်းဖြစ်၍။ မြေကြီးဓါတ်အိမ်ကိုမယူ။ ကောင်းကင်ဓါတ်အိမ်ကိုသာယူလေသည်။ ပါပ။ သုရဇ္ဇ။ အမြိတ္တ။ ကောသိမှာ။

အနောက်ကျွန်း။ အရှေ့ကျွန်း။ မြောက်ကျွန်းတောင်ကျွန်း။ ဟူသော ကျွန်းလေးကျွန်းမှထွက်သဖြင့်။ မြေကြီးဓါတ်အိမ်အရ။ အောက် ဘက် မြောက် တောင်ဟူသော ဓါတ်ခရီးဗိထိရှိကုန်၏(ဝါ)အနောက်။ အရှေ့။ မြောက်တောင်ဟု။ဗိထိဖြောင့်သွား၏။ ထိုဓါတ်၄ပါးအတိုင်း။ကျွန်းလေးကျွန်းမှဓါတ်ခိုးတို့သည်။ကောင်းကင်သို့ သမသတ်တက်ကြကုန်၏။ထိုကောင်းကင်ဓါတ်အိမ်ကိုမြေသို့ယူ၍အင်းစီရင်သောအခါ။ မှောက်ထားသောလက်ကိုလှန်လိုက်က။ လက်ကောက်ဝတ်နှင့် လက်ဖျား တို့သည်။ ပကတိအတိုင်းရှိသော်လည်း။လက်မနှင့်လက်သန်းမှာ။ ဘယ်ညာပြောင်း၍သွားလေ၏။ ထို့ကြောင့်။အမြီးတွသည်။ မြေကြီးဓါတ်အိမ်ကဲ့သို့လက်ဝဲဘက်။ မြောက်ဘက်၌တည်ဘဲ။ ကောင်းကင် ဓါတ်အိမ်၌ လကျာ်ဘက် တောင်ဘက်သို့ရောက်လာ၏။ကောလီမှာလည်း။ မြေကြီးဓါတ်အိမ်တွင်။ လကျာ်ဘက်။တောင်ဘက်၌တည်သော်လည်း။ ကောင်းကင်ဓါတ်အိမ်ကိုယူသဖြင့် လက်ဝဲဘက်။ မြောက်ဘက်သို့ရောက်သွားရလေသည်။ တနည်းအားဖြင့် ဆိုသော်။ ကောင်းကင်းဓါတ်အိမ်ကိုယူရာ၌။ ကောလီအိမ်တွင် အမြီးတွကျရောက်၍အမြီးတွအိမ်တွင်ကောလီကျရောက်လေသည်။သို့ကြောင့်ဓါတ်သွားကို။ဗိထိဖြောင့်အားဖြင့်အသိတိကျမ်းတွင်ပြသော မြေကြီးဓါတ်အိမ်အတိုင်း အောက်ထက်မြောက်တောင်ဟုမသွားဘဲ။ အောက်ထက်တောင်မြောက်ဗိထိကောက်ဖြင့် သွားရမည်ဟု ကျမ်းကဆိုခြင်းဖြစ်လေသည်။အချို့သောဆရာတို့ကား။ ဤနှောက်ခိန်းကို

စစ်ဆေးရာ၌။ကောင်းကင်ဓါတ်အိမ်မှန်းမသိသဖြင့်။ ပါပနှင့် သူရ နှောက်နှိုက်နိုးကဲ့သို့ ဓါတ်သက် ဂြိုဟ်သက်ကို။ ပေါင်းကြလျက်အမြိတ္တနှောက်နိုး၅၄။ ကောလိနှောက်နိုး ၆၄ဟုခွဲယူပြီးလျှင်။ ကျမ်းရင်းစကားကိုပင်။ အကူးအ ချွတ်များလေဟန်ဖြင့်ဆိုကြကုန်သေး၏။ ရှေးဆရာတို့ကို မပြစ်မှားသင့်။ သတိပြုကြပါကုန်။

ကောလိနှောက်နိုး၅၀ဖြစ်ဟန်ကား။ ကောလိသည်ပ ထဝီဂဗ္ဘဓါတ်ဖြစ်၍။ (ဂဏ်)တနင်းလာ။ ဓါတ်ဒိုဂြိုဟ် သက်၁၅နှစ်။ (ဘော)ကြာသပတေးဓါတ်မ။ ဂြိုဟ်သက် ၁၉နှစ်။ ၂ရပ်ပေါင်းသော်၃၄ရ၏။ ထို၃၄တွင်။ကောလိ ဓါတ်သက်မပေါင်းဘဲ။အထက်ကပြဆိုပြီးသည့်အတိုင်း မြေကြီးဓါတ်အိမ်မှာ အမြိတ္တအိမ်ဖြစ်သောကြောင့် အ မြိတ္တဓါတ်သက်။၁၆ကိုပေါင်းသော်၅၀။ရ၏။

(ဤအမြိတ္တနှင့် ကောလိနှောက်နိုးတွင် ကောင်းကင် ဓါတ်နှင့်မြေကြီးဓါတ်ရောယှက်၍။ဝိထိကောက်သွားရပုံ ကိုကြပ်ကြပ်စဉ်းစားကြလေ။)

၁၆ နံပါတ်ကား။ ။ပါပ ဓါတ်အင်း၏ စားရာဖြစ် သောကိန်းသည်။ သည်း။ (၇)ဖြစ်၏။ သူရဗ္ဗ၏စားကိန်း သည်။ ဧယာ။(၁၈)ဖြစ်၏။ အမြိတ္တ၏စားကိန်းသည်။ မုနိ။ ၅)ဖြစ်၏။ကောလိ၏စားကိန်းသည်။ နယေ။(၁၈) ဖြစ်၏။

အောက်ပုံစံတွင်ကြည့်ပါ။

	သူရဿ ၁၈	
ကောသီ ၁၀		၅ အမြိတ္တ
	၇ ပါပ	

ဤ၌လည်း- သညာ။ဇေယာ။ရုနိ-နယော၊ဆိုသောစကားတို့သည်။ဗိဇ္ဇုကတ်သင်္ချာပင်ဖြစ်လေသည်။

ဤစားကိန်းတို့ကို။အဘယ်သို့ရသနည်းဟူမူကား။

ပါပ-၌။စားကိန်း(၇)ဖြစ်ပုံမှာ။ စရေခါတ်အိမ် ဖြစ်သောကြောင့်။

(စ) အင်္ဂါနံ။ စ-ဆ-ဇ-ဈ ည-
ဟူသောအက္ခရာ ၅-လုံး။ } ပေါင်း ၇-ဖြစ်၏။
(ရ) ရာဟုနံ။ရ-ဠ။အက္ခရာ ၂-လုံး။

• သူရဿ၌။စားကိန်း (၁၈) ဖြစ်ပုံမှာ၊အနန္တာခါတ်အိမ် ဖြစ်သောကြောင့်။

(အနှ်) တနင်္ဂနွေနံ၊ အ-အာ-ဣ-ဤ
ဥ-ဦ-ဧ-ဩ။ မူလသရ-၈-လုံး။
(တော) စနေနံ၊ ဋ-ဌ-ဍ-ဎ-ဏ
တ-ထ-ဒ-ဓ-န-အက္ခရာ ၁၀-လုံး
} ပေါင်း ၁၈-ဖြစ်၏။

အမြိဿဥ္ဆ။ စားကိန်း(၅)ဖြစ်ပုံမှာ။ ဝံ့သဝါတ်အိမ်ဖြစ် သောကြောင့်။

(ဝံ) ဗုဒ္ဓဟူးနံ၊ ယ-လ-ဝ-
အက္ခရာ ၃-လုံး။
(သေ) သောကြာနံ၊ သ-ဟ-
အက္ခရာ ၂ လုံး။
} ပေါင်း ၅-ဖြစ်၏။

ကောသဉ္ဇ စားကိန်း(၁၀)ဖြစ်ပုံကား။ ဂဇ္ဇဝါတ်အိမ် ဖြစ်သောကြောင့်။

(ဂစ်)တနင်္လာနံ၊ က-ခ-ဂ-ဃ-င
အက္ခရာ ၅-လုံး။
(ဘော)ကြာသပတေးနံ၊ ပ ဖ-ဗ-
ဘ-မ-အက္ခရာ ၅-လုံး။
} ပေါင်း ၁၀-ဖြစ်၏။

{မှတ်ချက်၊ အချို့သောဆရာတို့ကား။ ကဝိကဏ္ဌပါသ ဆန်းကျမ်းအရ။(ယ-ရ) ၂-လုံးကို၊ ရာဟုနံ ဟုယူ၍။ (လ-ဝ-ဠ) ဤသုံးလုံးကို။ ဗုဒ္ဓဟူးနံဟု ယူကြကုန်သေး၏။ အကျဉ်းပိတ်ရှိသော အာစရိယဝါဒအစဉ်အဆက်၌ကား။ ဠ-ကြီးအက္ခရာကို။ ရာဟုနံဟု ယူလေသည်။}

၁၇-နံပါတ်ကား။ ။မူလ အာဒိ မဇ္ဈုံ-အဝသံတည်း
ဟူသော။ ၄-ပါးသောအင်းပွဲနတ်ရှိ၌၊ မူလ၏တည်ကိန်း
သည်မရှိ။(မူလအတွက်၃-သ-ည က-မူလ စမ လေးလုံး
ရှိပြီးဖြစ်သည့်အတွက်။စမ-ကိုအထူးတွက်ရန်မလိုသော
ကြောင့်။တည်ကိန်း-နှောကိန်း-စားကိန်းတို့မရှိဟု ဆိုလို
သည်။) အာဒိအင်း၏တည်ကိန်းကား။အက္ခရာပါဒ ၄၁
ဖြစ်၏။မဇ္ဈုံအင်း၏တည်ကိန်းကား။ နေ၏အဝန်း ယူဇနာ
၁၅၀ ဖြစ်၏။ အဝသံအင်း၏တည်ကိန်းကား။ လ,၏အ
ဝန်းယူဇနာ ၁၄၇ ဖြစ်၏။ဟုဆိုလိုသည်။

ဗျည်း ၃၃-လုံး။ မူလသရ ၈-လုံး။ပေါင်း ၄၁-အာဒိ
တည်ကိန်း။

နေ၏အချင်းယူဇနာ ၅၀-ကို။ ၃-နှင့်မြှောက်၊အဝန်း
ယူနဇာ ၁၅၀-မဇ္ဈုံတည်ကိန်း။

လ၏အချင်းယူဇနာ ၄၉-ကို။ ၃-နှင့်မြှောက်။ အဝန်း
ယူဇနာ ၁၄၇-အဝသံတည်ကိန်း။

၁၈-နံပါတ်ကား။ ။အာဒိ တည်ကိန်းကို တည်ပြီး
နှော်။မိဿအစရှိသော ၁၂-ရာသီတွင်။ဓါတ်အင်းစီရင်
ရာ။ရာသီ၌တည်သော။အလိုရှိသောစတုရပါဒ်-စန်းယှဉ်
နက္ခတ်ကို နှောပြီးနောက်၊ ပါပ-သုရဇ္ဇ အမြို ဓာ-ကော
လိဟူသော။ လေးပြာသောဓါတ်အိမ်တွင်၊ နေအာဒိကျ
ရောက်ရာ ဓါတ်အိမ်၏နှောကိန်းကိုနှောပြန်လျက်။ ထို
ဓါတ်အိမ်၏စားကိန်းဖြင့်စားရာ၏၊ စားကြွင်းသင်္ချာဖြင့်။
ပဌမ(က)ကာစ၍-နု-အထိ။ ငင်းပြင် (သ-ဟ)အက္ခရာတို့
ကို။ဓါတ်လေးပါးဖြင့်ဝေပုံချထားသော။ စ,မ-အက္ခရာအ

စဉ်တို့၌၊ အာဒိကျရောဘက်ရှိ။ နဂါးနံ့အကွက်ရာတို့တွင် ဖရေ တွက်၍ ကျရောက်သောအကွက်ရာကို ယူရမည်ဟုဆိုလို သည်။

ဝိဇ္ဇာမယိဒ္ဓိအင်းကို စီရင်သောပုဂ္ဂိုလ်တို့သည်၊ ဤ ၁၈ နံပါတ်ဂါထာ၏အနက်အဓိပ္ပါယ်ကို အထူးသတိပြု အပ်၏။ စ,မ-နဂါးသတ်နည်းဖြစ်၍၊ ဤဂါထာပိဒ်၏အညွှန်း ကို၊ မှန်ကန်စွာကောက်ယူနိုင်မှ၊ စ,မ-အမှန်ကိုရရှိပေ မည်။

ဥပမာဖြင့်၊ ဝါယောအင်းကိုစီရင်အံ့၊ အောက်ဘက် ဖြစ်သော ပါပ-အိမ်တွင်မူလထားရမည်ဖြစ်သဖြင့်၊ အ ထက်သူရဇ္ဇအိမ်တွင်၊ အာဒိကျရောက်ရပေမည်၊ သို့ ကြောင့်အာဒိစမများကိုတွက်ရာ၌၊ အာဒိကိန်း ၄၁-ကို တည်၊ စန်းယှဉ်နက္ခတ်နှော။ ထိုနောက်အာဒိကျရာ၊ သူ ရဇ္ဇအိမ်၏နှောကိန်း ၂၈-ကိုနှော၊ ဤသို့ဂဏန်းသုံးရပ်ကို နှောပြီးနောက်၊ (၀ါ)ပေါင်းပြီးနောက်၊ အာဒိကျရာ၊ သူရဇ္ဇ အိမ်၏စားကိန်း ၁၈-နှင့်စားရမည်၊ အကြွင်းဂဏန်းဖြင့်၊ အာဒိအိမ်၌ရှိသော စ,ဆ,ဌ,တ,န,ဟ,ဟူသော၊ စမ,အ စဉ် ၆ လုံးအနက်၊ နဂါးနံ့(၀ါ)စဉ်နံ့ဖြစ်သော ဌ,တ,န,သုံး လုံးတွင်၊ အတွင်းဘက် ဌ,မှစ၍ အပြင်ဘက်သို့ရေတွက် ရမည်၊ အကြွင်းဂဏန်းမကုန်သေးလျှင်၊ အထဲသို့ဝင်ပြန် လျက်၊ ဌ,ကစ၍ အပြင်ဘက်သို့ရေတွက်ရမည်၊ ဤနည်း ဖြင့်သာ၊ အတွင်းမှအပြင်သို့ ထွက်ကာထွက်ကာ ရေ တွက်ရမည်။ အကယ်၍အကြွင်းသည် ၁၀-ဖြစ်အံ့၊ ဌ- တ-န-ဟူ၍ရေ၊ ၃-လုံးရ၏။ တဖန်အတွင်းသို့ ဝင်ပြန်

လျက်၊ ဌ-တ-န-ဟုရေပြန် ၆-လုံး၏၊ တခန်အတွင်းသို့
ဝင်ပြန်လျက်၊ ဌ-တ-န ဟုရေပြန် ၆-လုံးရေ၏။ အတွင်းသို့
ဝင်ပြန်လျက်။ ဌ-ဟုရေချင် ၁၀-ဂဏာန်းပြည့်သဖြင့်(ဌ)
တည်းဟူသောနဂါးသေသည်ဟုမှတ်ရမည်၊

ကျမ်းရင်းပါဠိ၌ (ဂဏောတွာ)ဟု သမည္ပါရှိ၏၊ အ
နက်ဖွင့်ရာ၌။ ထွက်ဝင်ရေတွက်၍ဟုအနက်ဖွင့်၏။ ဤ
စကားကိုအချို့ဆရာတို့ကား၊ အထွက်မှဝင်၍ရေတွက်ရ
မည်ဟုအဓိပ္ပါယ်ကောက်၏၊ အချို့ကလည်း ထွက်ဝင်
ရေတွက်ဆိုသည်မှာ။ ထွက်ချည်ဝင်ချည် ရေတွက်ခြင်း
ဖြစ်၍။ အနုလုံပဋိလုံ(ဌ,တ,န,တ,ဌ, တ,န, တ,ဌ,တ,န,)
စသည်ဖြင့်ရေတွက်ရမည်ဟုဆို၏၊ ထိုဝါဒနှစ်မျိုးလုံးကို
ကျွန်ုပ်တို့မနှစ်သက်ချေ။ (က)ကစ၍။ ဪသတွက်ကြုံး။ (န)
တွင်းဆုံးမှ။ ဟူသောလက်ာအရ။ စမများကို။ ဓါတ်အိမ်
များတွင်၊ ၎ပုံခွဲရေး၌။ စမ၏အစဉ်တို့မှာ။ အတွင်းဘက်မှ။
အပြင်သို့ထွက်ခါ။ ရေးသားချထား၏။ ဤသို့အတွင်းမှ။
အပြင်သို့စီစဉ်ထားသောစမများကို။ ရေတွက်ရာ၌။ အ
တွင်းဘက်မှအပြင်သို့။ တသမတ်ထည်း။ ရေတွက်မှ။ စမ
အစဉ်။ မှန်မည်ကို။ သတိမပြုမိကြသောကြောင့်သာလျှင်။
ဝါဒကွဲပြားလျက်ရှိကြချေသည်။ မူလစမများကို။ စီစဉ်၍
ရေးသွင်းထားပုံကို။ သတိပြုမိလျှင်။ အပြင်ဘက်မှအတွင်း
သို့ ရေတွက်ကောက်ယူခြင်း။ အနုလုံပဋိလုံကောက်ယူ
ခြင်းတို့ဖြင့်။ စမအစဉ်မှန်နိုင်မည်မဟုတ်ကြောင်း။ ကောင်း
စွာသိနိုင်၏။

၁၉-နံပါတ်ကား။ ။ထိုအာဒိ တွက် ကိန်းကဲ့သို့ပင်။ မဇ္ဈကိန်း၁၅၀-အဝသံကိန်း၁၄၇-တို့ကိုတည်၍။ မဇ္ဈကိန်းအဝသံကိန်းကျရောက်ရာ။ ခါတ်အိမ်မှ (နှောကိန်း) ကိုနှောပြီးနောက်။စန်းဟော့ဉ်နက္ခတ်လည်း။ နှောပြန်လျက်။ စားကိန်းအတိုင်းစား၍။အကြွင်းဖြင့်နဂါးနံအက္ခရာတို့ကို အတွင်းမှသည်။ပြင်သို့ရေတွက်ကောက်ယူရာ၏။

(မှတ်ရန်။ ။တေဇောဘည်းဟူသော။ စနေနံနဂါး အက္ခရာတို့ကို။ ကောက်ယူလိုက်လျှင်။ အာဒိအိမ်၌ရင်း။ မဇ္ဈအိမ်၌ရင်း။ အဝသံအိမ်၌ရင်း။ ကျန်သောအာပေါ ခါတ်။ဝါယောခါတ်။ ပထဝီခါတ်ဘည်းဟူသော။ ခါတ် သုံးပါးဆိုင်ရာ။ အက္ခရာတို့သည်။ ရှိပြီးဖြစ်လေတော့၏။ အာဒိအိမ်၌။ဟ-ဿ ခအမြဲရှိ၏။ မဇ္ဈအိမ်၌။ (သ-ဇ-ဂ)အမြဲရှိ၏။အဝသံအိမ်၌ (ဟ-ဈ-ဃ-)အမြဲရှိ၏။ သို့ကြောင့်။ ကောက်ယူရရှိသော။တေဇောစမနှင့်ပေါင်းသော်။အာဒိ စမလေးလုံး။မဇ္ဈစမလေးလုံး။အဝသံစမလေးလုံးတို့ကို ရလေတော့၏။) ဤသို့ကောက်ယူပြီးသော်။ ခက်မလေး ဖြာ။ လေးလုံးစာကို။ သွင်းရာ ဖြစ်သော အင်းတို့တွင်။ ထောင့်တန်းညီစွာ စတုရန်း ကြက်ခြေခတ်၍ ကောက်ရ အက္ခရာတို့ကို။ ခါတ်အိမ်အားဖြင့်။လေးဖြာမများ။ခါတ် သွားညီစွာ သွင်းဘားရမည်။ အလယ်အကွက် ၄ချက် သောအင်း၌နှုန်း၊ စမအက္ခရာတို့၏။ ကြိယာသက်ပေါင်း၄ ဖြာအာယု။စတုပညာသအင်းကိုသွင်းရေးရာ၏ဟု ဆိုလို ရင်းဖြစ်သည်။

စဉ်းစားဘွယ်။

ဤနံပါတ် ၁၉-ဂါထာ၌။ ကျမ်းပြုဆရာ။ ရှင်သဒ္ဓမ္မနန္ဒ မထေရ်သည်။ အလယ်ကွက် လေးချက်သော အင်းဌာန တွင်။ စတု ပညာသ အင်း ထည့်ရမည်ဟု ဆိုထား ၏။ ဤသို့ဆိုထားပြီးနောက်။ အင်းချနည်းကာ်နဲ့ခန်း။ အင်းပုံစံ တို့ကို။ နောက်၌ပြလတံ့သော ဂါထာ ၁၂ ပုဒ်ဖြင့်ပြဆို ပြန်၏။ ထိုဂါထာ ၁၂ ပုဒ်အနက်။ နံပါတ် ၆ ဂါထာတွင်။ ၁၀ ကွက်ရှိ နန်းချူး အင်းကြီး၏ အလယ်၌။ ခါတ်သက် အသီတိအင်းကိုသွင်းရမည်ဟုဆို၏။ ။နံပါတ်၇ ဂါထာ တွင်။အလယ်အကွက်၄ချက်သောအင်းဌာန၌။သောဠသ ကောက်ရ အက္ခရာ အင်း (ဝါ)အသီတိအက္ခရာအင်းကို သွင်းရမည်ဟု ဆိုထားပြန်၏။ ဤသို့လျှင်။ ရှင်သဒ္ဓမ္မနန္ဒ၏ စကား၂ရပ်သည်ပင်။ အဆိုမညီဘဲ ကွဲလွဲလျက်ရှိပေ၏။ တနေရာ၌။ စတုပညာသ အင်းထည့်ရမည်ဟု ဆိုပြီးမှ။ နောက်တနေရာ၌။သောဠသအင်းထည့်ရမည်ဟုဆိုထား ခဲ့လေသည်။ ဤအချက်ကို။အထူးဉာဏ်စေစား၍။ စဉ်း စားအပ်ကြပေသည်။ရှင်သဒ္ဓမ္မနန္ဒ၏ကပ္ပါလင်္ကာရကျမ်း ရင်းတွင်ပါရှိသော။ဝိဇ္ဇာမယိဒ္ဓိအင်းပုံစံနမူနာ၌ကား။ အသီတိအင်းနှင့်။ သောဠသအင်းသာလျှင်ထည့်သွင်းထား သည်ကို တွေ့ရှိရပေသည်။စတုပညာသအင်းမပါချေ။ ။ အကျွန်ုပ်တို့ ကျေးဇူးရှင် ဆရာ တော်ကား။ အဌါရသ အင်းတွင်။ စတုပညာသ အင်းကိုထည့်သွင်း၍။ ဝိဇ္ဇာ မယိဒ္ဓိ အင်းတွင်။ သောဠသအင်း ထည့်သွင်း လေသည်။

ကျွန်ုပ်တို့လည်း။ ထိုအာစရိယဝါဒကိုသာ နှစ်သက်ပေသည်။

စတုသိက္ခနယကလ္လာ။

သိက္ခလေးပါးပြီးမြောက်ရာဓါတ်အင်းစီခြင်းနည်းကို
ဖွဲ့ဆိုရာအခန်း။

ကျမ်းရင်းပါဠိနံပါတ် ၁၃။

(၁) ဗုဒ္ဓါဒိစတုဓါတူနံ။
ပိရစိဿိဘောနဇေဝံ၊
တေသုသိယံ၊ ဗုဿာဝါယံ၊
ဉာဏာဂ္ဂိတွာ ပိရစိတံ။
ဥဿုကာရဘောဒကိတ္တိံ။
တေဇောဓါတုပိရစိတံ။

(၂) သန္တသိတ သမ္ဗပိယံ။
အာပေါဓါတု ပိရစိတံ။
မဟာန္တာဝေဝရာစလနံ။
ပထဝီဓါတု ပိရစိတံ။

(၃) သူရိယေဥဂ္ဂတာကောသ။
ပဟာရေပထဝီကာသံ၊
ဒွိပဟာရေ အာပေါကာလံ၊
တိပဟာရေ တေဇောကာလံ။
အတ္ထင်္ဂတံ ဝါယောကာလံ။
ဗုဒ္ဓံကာလံ ပိဓာနေယျံ။

(၅) ဒါနိ ဓါတုပဒ နယ်၊
ပကာသယိဿာမျာဟံတံ၊
ဒသ မရိယာဒ ပဒံ။
ဒီဃာရဿော လိင်္ဂတွာစ၊
(၆) အဋ္ဌဝိဓံ ကာရေယျ၊
ကတေန္တာဒသ လောပေယျ၊
မဇ္ဈေ စတုဝါသိ တိဋ္ဌ၊
ပဝေသောတိဏ္ဏံ နမာမိ၊
ဏံကာ နိဂ္ဂဟိရဿဂတံ၊
ဒက္ခိဏံကတွာ လိခေယျ၊
(၇) မဇ္ဈေဋ္ဌာနေ ဓါတုသဟ
သောဠသ ဂဟဏာကွံ၊
ဗတိတိဏ္ဏံ ကာရာဂါထံ၊
ပရိဝါရေတွာ ဌပေသုံ၊
(၈) ပုန အဋ္ဌာရသ ပဒံ၊
ဒီဃရဿော လိင်္ဂတွာစ၊
နဝခတ္တုံ မဇ္ဈေဋ္ဌာနေ၊
ကုဏ္ဍုပါဒံ စတုက္ကံ၊
(၉) ပဝေသနေ နဝဂါထံ၊
အဿဂတံ ပက္ခိပေယျ၊
ဗဟိတိဏ္ဏံ ယမိကဂါထံ၊
ပရိဝါရံ ဌပေယျစ၊
(၁၀) စတုက္ကရေ နိဗ္ဗုဇ္ဈဝ၊
ကာယဗ္ဗရေ ဝိခုစိတံ၊

No, 20,

သဗ္ဗညုဇိတံ ဝုပ္ပါဒိဟိ၊
စတုဂုဟံ ဇုဋ္ဌဗိမ္ဗံ၊
(၁၁) သန္တိကဋ္ဌလ် ပဂ္ဂယှ၊
သဂါရဝံ ပူဇေတွာစ၊
လိင်္ဂပဒံ ပကာသေတွာ၊
တိသရဏ ပဥ္စသီလံ။
(၁၂) သမ္မာဒယိဿာမျာဟန္တိ၊
အဓိဋ္ဌာန သစ္စံကတွာ၊
ဈုန္တိတံ ပတ္တိတံ ဝရံ။
ယာစိတွာဂါထံ တံကာလေ၊
ဘာသိတွာ အက္ခရပဒံ၊
အဂ္ဂိဒုမ္မံ ဘာသွံ ဘုဇ္ဇေ။ ။

အနက်ကား။

(၁) ဆုဒါနိ။ ယခုအခါ၌။ စတုဝေါတုနံ။ လေးပါးသောဓါတ်အင်းကို။ ပိရစိန္တိတော။ စီရင်ခြင်းငှါအလိုရှိသောသူသည်။ဝေံ။ဤသို့။ ပိရစိတံ။စီရင်အပ်၏။ ဘေသု။ ထိုပထဝီအာပေါဝါယောတေဇောဟုဆိုအပ်သောငပါးသောဓါတ်အင်းတို့တွင်။ သိပ်ယံ။လျှင်မြန်ခြင်းကို။ ဆုန္တာ ဆုန္တိတေန။အလိုရှိသောသူသည်။ ဝါယံ။ဝါယောပဒံ။ဝါသောဓါတ်အင်းကို။ဥာဏာက္ခိတ္တွာ။ ဥာဏ်နှင့်ယူငင်။ဆင်ခြင် စဉ်းစား၍။ ပိရစိတံ။ စီရင်အပ်၏။ ဥဒ္ဒေသကရဘေဒ

ကိစ္စံ။ပူသည်တချက်။ ပျက်သည်တခြား။ ကျော်ကြားခြင်းကို။ ဇာနန္တာ ဇာနန္တိတေန။ အလိုရှိသောသူသည်။ တေဇောဓါတ်အင်းကို။ ဉာဏကျွတွာ။ဉာဏ်နှင့်စဉ်းစား၍ (ဝါ) ဆင်ခြင်စဉ်းစား၍။ ပိရစိဘံ။ စီရင်အပ်၏။

(၂) သန္တသိတသမ္ဗိယံ။ ငြိမ်းမှုငြိမ်းရာ ချောင်ကြောင်း။ အပေါင်းလူသူကြည်ဖြူချစ်ခင်။ ကြင်နာသနားခြင်းကို။ ဇာနန္တာ ဇာနန္တိတေန။ အလိုရှိသော သူသည်။ ဉာဏကျွတွာ။ ဉာဏ်နှင့်နှိုင်းသွဉ်ယူငင်ပိုင်းခြား၍။ အာပေါဓါတ္။အာပေါဓါတ်အင်းကို။ပိရစိတံ။စီရင်အပ်၏။ ။

မဟာနန္ဒာဝေရာစလန်း။ ကြီးမှုတတန်။ ခိုက်ရန်မပွား။ဒုတ်ထားလက်နက်။သန်လျက်သစ်ချွန်၊လေးလှံမီးပေါက်။ အမြောက်မခြား။လှုပ်ရှားမရှိ။ပကတိကြံ့ခိုင်ခြင်းကို။ ဇာနန္တာ ဇာနန္တိတေန။ အလိုရှိသောသူသည်။ဉာဏကျွတွာ။ ဉာဏ်ဖြင့်ဝေဘန်။ဟုတ်မှန်စဉ်းစားပိုင်းခြားပြီး၍။ပထဝီဓါတ္။ ပထဝီဓါတ်အင်းကို။ပိရစိတံ။စီရင်အပ်၏။

(၃) သူရိယော။ နေသည်။ ဥဂ္ဂတာ။ ထွက်သည်မှ။ ဧကပဟာရံ။ တဗဟိုရ်တိုင်တိုင်။ ပထဝီကာလံ။ ပထဝီဓါတ်အခါမည်၏။ဒွိပဟာရံ။ တပဟိုရ်မှသည်။ ၂-ပဟိုရ်တိုင်။အာပေါကာလံ။အာပေါအခါမည်၏။ တိပဟာရံ။ ၂-ပဟိုရ်မှသည် ၃-ပဟိုရ်တိုင်။ တေဇောကာလံ။တေဇောအခါမည်၏။အတ္ထင်္ဂတံ။ ၃-ပဟိုရ်မှ။ နေဝင်ပဟိုရ်အတွင်းသည်။ ဝါယောကာလံ။ ဝါယောအခါမည်၏။ဆူမံကာသံ။ ဤလေးပါးသောဓါတ်အခါကို။ပိဇာနေယျ။သိရာ၏။

(၄) ပထဝီ။ကရကင်္-ဇိုဿ္သ-မိန်ဟူသော။ပထဝီ ရာသီအခါ၌။ဥတ္တရာဓွာနာ။ မြောက်အရပ်မှ။မူလံ။မူလကို အာဒိကတွာ။ အစပြု၍။ဌပေယျ။ ချထားရာ၏။ အာပေ။ ပြိဿ-ကန်-မကာရဟူသော။ အာပေါရာသီအခါ၌။ ဒက္ခိ ဏာဌာနာ။တောင်အရပ်မှ။မူလံ။မူလကို။အာဒိကတွာ။အ စပြု၍။ ဌပေယျ။ချထားရာ၏။ တေဇောကာလေ။ မိဿ- သိဟ်-ဓနုဟူသော။တေဇောရာသီအခါ၌။ ပုဗ္ဗဌာနာ။အ ရှေ့အရပ်မှ။မူလံ။မူလကို။ အာဒိကတွာ။ အစပြု၍။ဌပေ ယျ။ ချထားရာ၏။ ဝါယောကာလေ။ တူ-ကုံ-မေထုန်ဟူ သောဝါယောရာသီအခါ၌။ပဿ္သာဓွာနာ။ အနောက်အရပ် မှ။မူလံ။မူလကို။အာဒိကတွာ။အစပြု၍။ ဌပေယျ။ချထား ရာ၏။ဆူမဥ္ဇဌာနံ။၌၁၂-ရာသီဝါတ်အခါ၌။ချအပ်သောအ ရပ်။ မူလဌာနကိုလည်း။ဇာနေယျ။သိရာ၏။

(၅) ဒါနိ-ဆူဒါနိ။ ယာခုအခါ၌။ဓါတုပဒနယံ။ဓာတ် လေးပါးအင်း အကျော်။မှော်စာနည်းကို။အဟံ။ ငါသည်။ ပကာသယိဿာမိ။ ပြပေအံ့။ တံပနံ။ ထိုဓာတ်မှော် အင်း ကို။ ဒိဗ္ဗောရသော။ အလျားအနံ့အားဖြင့်။ ဒသမရိယာ ဒံ။ ဆယ်ကွက်။ ဝါ။အကွက်တဆယ်။ လိက္ခိတွာစ။ရေး ၍လည်း။ ဝါ။ရေး၍သော်၊

(၆) အမ္ဗုပိဒိသံ။ ရှစ်ထောင့်။ ဝါ။ရှစ်ကွေ့။ ကာရေ ယျ။ ပြုရာ၏။ ကတော။ ပြုပြီးသည်ရှိသော်။ ဒွါဒသ။ ရှစ် ထောင့် ဆဲ့နှစ်ကွက်။ လောပေယျ၊ ခြေဖျက်ရာ၏။ မဇ္ဈေ။ အလယ်ကွက်၌။(ဝါ)။ အလယ်ကွက်ကို။ စတုဆုံ။လေး ဝက်စိတ်၍။ အသီတိစ။ ဓာတ်သက် အသီတိ အင်းကို

လည်း၊ ပဋိသေ။သွင်းရာ၏။ ဘိတ္တိ၊အတွင်း နံရံ၌။ နမော
ဒိုင်းကာ၁နှံ့။ နမောအစ၊ ကံကားအဆုံးရှိသော။ အက္ခရံ။
၆၄-လုံးသောအက္ခရာကို။ အသဂတံ။မြင်းသွား။ ဒက္ခိ
ထံ။လက်ျာရစ်။ ကတွာ။ပြု၍။ လိခေယျ။ရေးရာ၏။

(၇) မဇ္ဈေဒွါနေ။ အလယ်လေးဒွါန။လေးလီအင်း
ကွက်၌။ဓါတုဓါတုယာ၊ ဓါတ်အက္ခရာဓါတ်အင်းနှင့်။သ
ဟ။တကွ။သောဠသဂဟာဏက္ခရံ။ သောဠသကောက်ရ
အက္ခရာကို။ လိက္ခေယျ။ သွင်းရေးပြန်ရာ၏။ ဗာဟိဘိတ္တိ။
မြင်နံရံ၌။ ကရာဂါထံ။ ကရာကရောဟူသောပဏာမ-ပဌ
မကျမ်းဦးဂါထာကို။ ပရိဝါရေတွာ။ရံ၍။ ဌပေယျ။ထား
ဦးရာ၏။

(၈) ဝုန။တပန်။ဒွိဃောရသော။အလျားအနံအား
ဖြင့်။အဋ္ဌာရသပဒံ။(၁၈)ကွက်ရှိသော။နဝခဏ္ဍ။ထောင့်
ချိုးခိုနန်း။၉ခန်းအင်းကို။လိက္ခိတွာ။ရေး၍။ မဇ္ဈေဒွါနေ။
အလယ်၄ဒွါန၌။ ကုဏ္ဍပါဒံ။ ကြက်ခြေကန့်ထုတ်လျက်။
စတုက္ခရံ။ ၄-လုံးအက္ခရာ။စာ၄-ဖြာကို။ ပခေသေယျ။
သွင်းထားရာ၏။

(၉) ပဝေသနေ။သွင်းပြီးသော်။ ဘိတ္တိ။အတွင်းနံ
ရံအင်းကွက်၌။ နဝဂါထံ။ ၉-ပါးသောမှော်ဂါထာကို။အ
သဂတံ။ မြင်းသွား။ ပက္ခိပေယျ။ထည့်သွတ်ရာ၏။ ဗဟိ
ဘိတ္တိ။မြင်နံရံ၌။ ယမိဂါထံ။ ယမိတဗ္ဗံယမောဟူသော
ပဏာမဒုတိယဂါထာကို။ပရိဝါရဠ။ရံ၍လည်း။ ဌပေယျ။
ထားရာ၏။

(၁၀) စတုက္ကရေ၊ ၄-လုံးအက္ခရာ၊ ခါတ်၄-ဖြာတို့ကို။ကာယန္တရေ၊ကိုယ်ကွင်း၌။ ဝါ။ကိုယ်တွင်းသို့။ နိက္ခိပ်ကပ်စွဲ၍စိမ့်သောငှါ။ ဇေဝံဇ္ဈမိနာနယေန။ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ယော။အကြင်ပုဂ္ဂိုလ်သည်။ပိရစိတ်။ဆီးရင်အပ်၏။သော။ ထိုပုဂ္ဂိုလ်သည်။သန္နိဗ္ဗိတ်၊ ကောင်းစွာပူဇော်အပ်သော။ပုပ္ဖါဒိဟိ၊သင်ပုတ်ဆွမ်းပန်းကြိုင်မွှမ်းသြဇာ၊ ပန်းနံ့ သာအစရှိသည်တို့ဖြင့်။ စတုဂူဟံ။ ဂူဟာသသ။ ဂူလေးဝရှိသော။ ဇုဋ္ဌဇိမ္ဗ- ဇိမ္ဗသသ။ဘုရားကိုယ်စား၊ ရုပ်ပွားဆင်းထုတော်မြတ်၏။

(၁၁) သန္နိကေ။ အထံ၌။ ဝါ။ အထံတော်ဝယ်။ အဉ္ဇလိ။ လက်အုပ်ကို။ ပဂ္ဂယှ။ချီမြှောက်၍။ ပူဇေသျ။ပူဇော်ရာ၏။ ပူဇေတွာစ။ ပူဇော်ပြီး၍လည်း။ဝါ။ပူဇော်ပြီးသည်ရှိသော်။ လိက္ခပန်။ ရေးထားအပ်သော အင်းခုံကို။ ပကာသေတွာ။ ပြလျက်။ဝါ။ထင်စွာပြု၍။ တိသရဏပဉ္စသီလံ။သရဏဂုဏ်သုံးပါးနှင့်တကွ။ငါးပါးသီလကို။

(၁၂) အဟံ။ငါသည်။ သမာဒိယာမိ သသာမိ။ကောင်းစွာစောင့်ရှောက်ပါအံ့။ဇာတိဇာဒိဝစနံ။ ဤသို့သောစကားကို။အဓိဋ္ဌာနသတ္တကတွာ။အဓိဋ္ဌာန်သစ္စာပြု၍။ဝါ။အဓိဋ္ဌာန်သစ္စာပြုပြီးသည်ရှိသော်။ဇာနိတ်။အလိုရှိအပ်သော။ပဏ္ဍိတံ။တောင့်တအပ်သော။ဝရံ။လောကီလောကုတ်မြတ်သောဆုကို။ ယာစေယျ၊ တောင်းရာ၏။ ယာစိတွာ။ တောင်းပြီး၍။ ဝါ၊ တောင်းပြီးသော်။ထံ-တဿ ကာလေ။

ထိုအခါ၌၊ဂါထာ။ ၉-ပါးသော။ အင်းဆံမွှေ်ဂါထာကို။ ဘာသိတွာ၊အာဂုံမပြတ်၊ရွတ်ဘတ်သရဇ္ဈာယ်လျက်။ဝါ အာဂုံမပြတ်။ ရွတ်ဘတ်သရဇ္ဈာယ်၍။ ဝါ။ အာဂုံမပြတ်။ ရွတ်ဘတ်သဇ္ဈာယ်ပြီးသော်။အကွဲရပနံ။ ၄-လုံးအကွဲရာ။ ၂-ဖြာစုံအင်းကို။ အဂ္ဂိဒုဆုံ၊ မီးဖြင့်တိုက်၍။ဝါ။မီးပူဇော်၍။ ဘသ္မံ ။အင်းကျွမ်းပြာကို၊ဘုဥ္ဇေ။ လျက်မျိုရာ၏။ ။ဇာနံ- ဝုတ္တာဝစနံ၊ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ဝိရစိတော၊စီရင် နိုင်သောသူသည်၊စတုသိဒ္ဓိံ ၊ ကာယ-မန-သုခ-ပီယ-ဟူ သော၊သိဒ္ဓိ၄-ပါးသို့၊ဂတော၊ရောက်၏။

ကျမ်းရင်းပါဌ်နံပါတ် ၁၃-အဖွင့်။

(၁) နံပါတ်နှင့်(၂) နံပါတ်ဂါထာ၏လိုရင်းအဓိပ္ပါယ် ကား။ ။၄-ပါးသောခါတ်အင်းကိုစီရင်ခြင်း၌။ အလိုရှိ သောသူတို့သည်၊ခါတ်အင်းကိုစီရင်ရာ၌။လျှင်မြန်ခြင်းကို အလိုရှိမူ၊ ဝါယော စမ,များကို ထွက်ချက်ရှာဖွေ၍၊ ဝါ ယောအင်းကိုစီရင်ရာ၏၊ပူခြင်းပျက်ခြင်းကျောင်ကြားခြင်း ကိုအလိုရှိမူကား။ တေဇောစမ,များကိုရှာ၍၊ တေဇော ခါတ်အင်းကိုစီရင်ရာ၏၊ငြိမ်းခြင်း၊လူသူတို့အပေါင်းတို့ ချစ်ခင်ကြင်နာခြင်းကို အလိုရှိမူကား။ အာပေါအင်းကိုစီ ရင်ရာသည်၊ ကြီးပွါးခြင်း၊ရန်ပျောက်ခြင်း၊ကြံ့ခိုင်ခြင်း၊ ကာယသိဒ္ဓိပြီးစီးခြင်းကိုအလိုရှိသောသူသည်၊ပထဝီအင်း ကိုစီရင်ရာ၏ဟုဆိုလိုသည်။

၃-နံပါတ်ကား။ ။နံနက်နေထွက်မှ- တပဟိုရ်တိုင် ဟုဆိုအပ်သော။ နံနက်စက် ၆-နာရီမှ-၉-နာရီအထိကို ပထဝီအခါဟူ၍ရင်း။ တပဟိုရ်မှ နှစ်ပဟိုရ်ဟုဆိုအပ် သော၊နံနက် ၉-နာရီမှမွန်းတိ ၁၂-နာရီအထိကို အာပေါ အခါဟူ၍ရင်း။ နှစ်ပဟိုရ်မှ-သုံးပဟိုရ်ဟု ဆိုအပ်သော မွန်းတိချိန်မှ-မွန်းလွဲစက် ၃-နာရီအထိကို၊ တေဇောအခါ ဟူ၍ရင်း။ သုံးပဟိုရ်မှ နေဝင်ချိန်ဟုဆိုအပ်သော၊ စက် မွန်းလွဲ ၃ နာရီမှ ညနေ ၆-နာရီအထိကို၊ ဝါယောအခါ ဟူ၍ရင်း။မှတ်သားရာ၏ဟုဆိုလိုသည်။

၄ နံပါတ်ကား။ ။ကခုကန် ဗြိစ္ဆာ-မိန်-ရာသီဟူ သော၊ဝါဆို-တန်ဆောင်မုန်း-တပေါင်း။ဤရာသီသုံးပါး၌ ပထဝီအင်း စီရင်သောအခါ (မူလ) ကိုမြောက်အရပ်၌ ထားရမည်၊ပြိဿ-ကန်-မကာရ ရာသီဟူသော။ ကဆုန် တော်သလင်း-ပြာသို၊ ဤရာသီသုံးပါး၌။ အာပေါအင်းစီ ရင်သောအခါ(မူလ)ကို တောင်အရပ်၌ထားရမည်။မိဿ သိဟ်-ဓနု-ရာသီဟူသော၊ တန်ခူး-ဝါခေါင်-နတ်တော်- ဤရာသီသုံးပါး၌ တေဇောအင်းစီရင်သောအခါ(မူလ)ကို အရှေ့အရပ်၌ ထားရမည်၊ တူ-ကုန်-မေထုန်-ရာသီဟူ သော၊နယုန်-ဝါဆို-တပို့တွဲ ဤရာသီသုံးပါး၌၊ ဝါယော အင်းစီရင်သောအခါ။ (မူလ)ကိုအနောက်အရပ်၌ထားရ မည်၊ ဤသို့ ၁၂-ရာသီ ၁၂-လကို၊ ဓါတ်လေးပါးဖြင့်၊ ပိုင်းခြား၍။ ရာသီနှင့်တကွ(မူလ)ထားရာအရပ်ကို သိရ မည်ဟုဆိုလိုသည်။

၅-၆-၇-နံပါတ်တို့ကား။ ။ယခုအခါ။ခါတ်လေးပါး ဆိုင်ရာ။ နှမ့်စာအင်းစီရင်နည်းကိုပြတော့အံ့။ အလျား အနံအားဖြင့်။စတုရန်းပတ်လည် ၁၀ ကွက်ရှိသောအင်း ကို ရေးပြီးနောက်။ ဒေါင့်လေးဒေါင့်မှ တကွက်စီနှုတ်။ လေးဘက်အလယ်မှ နှစ်ကွက်စီနှုတ်။ ဤနည်းအားဖြင့်။ ပေါင်း ၁၂ ကွက်ကို ချေဖျက်ပစ်ရမည်။ ၎င်းအင်းပုံအ လယ်လေးကွက်ကို။ ၁၆ ကွက် ဖြစ်အောင်။ လေးဝက် စိတ်ပြီးနောက်။ အောက်ပါ ဓါတ်သက် အသီတိအင်းကို သွင်းရမည်။

၇	၈	၇	၂
၃	၇	၈	၂
၇	၁	၂	၇
၇	၅	၃	၄

လေးပေါ်အင်းကွက်။ လေးဘက်။ဌာနတို့၌။ ကောက်ရ အက္ခရာတို့သွင်းရန်။ကြက်ခြေကန့်ဖွတ်ပြီးနောက်။ မူလ

စမလေးလုံး။အာဒိစမလေးလုံး။ မဇ္ဈုံစမလေးလုံး။ အဝသံစမလေးလုံး။ထိုစမပေါင်း၁၆-လုံးကို။ ထည့်သွင်းရာ၏။ ထိုစမတို့အလယ်ရှိအကွက်တကွက်ကို။ ၁၆-ကွက်အင်းပြုပြန်၍။ အောက်ပါသောဠသ ကောက်ရေအက္ခရာအင်းကိုသွင်းရာ၏။

နံ	ဋ္ဌ	ဍ	ဂ
ဇ	ဍ္ဎ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	ယ

(၎င်းအင်းနှင့်အထက်ဘော်ပြရာပါအသိတိအင်းမှာအဘူတူပင်ဖြစ်သည်အက္ခရာအစားနံသင့်ဂဏန်းများသွင်းထားခြင်းမျှသာထူးသည်။ သောဠသအင်းဟုမခေါ်ဘဲအသိတိအင်းဟုခေါ် ခြင်းမှာ။ အင်း၌သွင်းထားသော နံသင့်ဂဏန်းများကိုပေါင်းလိုက်သော်(၈၀)ဖြစ်၍။သို့ကြောင့်ခေါ်ခြင်းဖြစ်လေသည်။)

အင်းကြီးနံရံတွင်းကျန်ရှိသော ကွက်လပ် များတွင်။ (နမောဗုဒ္ဓါ- ယ- သိဒ္ဓံ- အ- အာ- ဣ- ဤ-ဥ-ဦ-ဧ- ဿဲ-ဩ ဪ-အံ-အား။ က။ခ။ဂ။ဃ။င။စ။ဆ။ဇ။ဈ။ည။ဋ။ဌ။ဍ။ ဎ။ဏ။တ။ထ။ဒ။ဓ။န။ပ။ဖ။ဗ။ဘ။မ။ယ။ရ။လ။ဝ။သ။ဟ။ ဠ။အ။ က။ကာ။ကိ။ကီ။ကု။ကူ။ကေ။ကဲ။ကော။ကော်။ကံ။ ကား။) ဟူသော၆၄-လုံးသောအက္ခရာများကိုမြင်သွား သွင်းရေးရာသည်။၎င်းသို့အင်းချပြီးသော်။အင်း၏ပြင်ဘက်

မှ-(ကံရောကာရောတမံမောယဝံ။ ပမောဒေသိဇာနမ္ဘုဇံ။ ဓပေ ဘဠ္ဌာဓမ္မာနံသီပတိ။ ဝရံသောဒေတုမေဖသံ)ဟူသောဂါထာ ကိုရွ၍ရေးချာ၏။

• ဂ-၉-နံပါတ်ကား။ ။တဖန်အလျားအနံအားဖြင့်။ ၁၈- ကွက်ရှိသော။ ရိုးနှန်းချိုးဒေါင့်ဖြတ် ၉ အင်းတွဲကိုရေးသား ချာ၏။ (၎င်း ၉ အင်းတွဲ ဆိုသည်မှာ။ ၆ ကွက် ပတ်လည် အင်းကို။ ဒေါင့်ကွက်များ ဖြုတ်လိုက်က။ ရိုနှန်း ချိုး ၃၂ ကွက်အင်းဖြစ်၏။ ၎င်း ၃၂ ကွက် အင်းပေါင်း။ ၉ အင်းကို တွဲထားသောအင်းပင်ဖြစ်၏။) ၉ အင်းတို့ ဆက်စပ်ရာအ လယ်လေးမှာနကို ကြက်ခြေ ခတ်လိုက်လျှင်။ လေးကွက် ကြက်ခြေအင်းလေးအင်းရ၏။ ထို၄အင်းအနက်။ တအင်း တွင်။ မူလစမလေးလုံး။ တအင်းတွင်။ အာဒိစမသေးလုံး။ တအင်းတွင်။ မဇ္ဈိုစမလေးလုံး။ တအင်းတွင်၊ အဝသံစမ သေးသုံး။ ဤသို့ကောက်ရ စမများကို ထည့်သွင်းချာ၏။ ထို့နောက်။ အတွင်းနံရံ ၉ အင်းတို့၌။ မှော်ဆရာတောင်းဂါ ထာ ၉ ပုဒ်ကို။ အင်းဆံပြု၍။ စဠ္ဌနဝမြင်းသွားသွတ်သွင်းချာ ၏။ အပြင်ဘက်၌။ ယမိတဇ္ဈယမောဒေနွေ့ာဟူသောဂါ ထာကိုရွချာ၏။

• စဠ္ဌနဝမြင်းသွားဟူသည်မှာ။ အောက်ပါအတိုင်းဖြစ်၏

၂	၉	၄
၇	၅	၃
၆	၁	၈

၁၀-၁၁-၁၂-နံပါတ်ကား။ ။ဤကဲ့သို့။ဓါတ်လေးပါး စမအင်းတခု။ ဆုတောင်းအင်းတခု ၂-ခုသော အင်းကိုစီ ရင်ပြီးသော်။၄လုံးအက္ခရာ၄ဖြာသောဓါတ်တို့ကိုယ်သို့ ကပ်စွဲမြဲစိမ့်သောဌာ။အသက်သတ်မပါသော။သင်ပုတ် ဆွမ်း၊ပန်းနံ့သာ။ဆီမီး။ညောင်ရေ။စသော။ပူဇော်ဘွယ် တို့ဖြင့်ဂူလေး၀ရှိသောဘုရား။ကိုယ်စားရုပ်ပွါးဆင်းတု တော်တွင်ဌိမိတို့ သိုရာဓါတ်နံ့အရပ်မှလက်အုပ်ချီပူဇော် ခြင်းအမှုကိုပြုပြီးနေ၍။အင်းပုံကိုပြ၍သရဏဂုံ ၃-ပါး နှင့်ငါးပါးသီလကို ခံယူဆောက်တည်၍။သစ္စာမိဌာန်ပြုပြီး သော်အလိုရှိအပ်သောလောကီလောကုတ်မယုတ်သော ဆုကိုတောင်းဆိုရာ၏။ ဤသို့ဆုတောင်းပြီးနောက်။ မှော် ဆုတောင်းဇယ်ကို။ မပြတ်ရွတ်ဘတ်သရဇ္ဈာယ်လျက် ၂- ဖြာစုံအင်းကို မီးတိုက်၍ပြာကိုလျက်မြိုရာ၏။ ဤသို့စီရင် နိုင်သူသည်။ ကာယ-ဓန-သုခ-ဗိယတည်းဟူသောသိဒ္ဓိ ၄ပါးသို့ရောက်၏ဟုဆိုလိုရင်းဖြစ်လေသည်။

(ဝိဇ္ဇာမယသိဒ္ဓိအင်း။ အဋ္ဌရသအင်းနှင့်တကွ။ဆုတောင်း အင်းတို့၏။နမူနာ ပုံစံများကို။ တွက်ပုံနှင့်တကွ။ မြန်မာ လက်ာရများကို။ ဖွင့်ဆိုရာအခဏ်း၌ ဘော်ပြပါရှိပါလိမ့် မည်။)

ဘျင်သဒ္ဒမ္မန္တ၏ကျမ်းပြီးနိဂုံး။

ထုမ်းသစ်ဇာတိဓယေဂါမေ။ ဇာတေနသ ဋ္ဌိ ယာရယော။ ဝသာ နွဲ့မဏ္ဍနဂရေ။ လောကီရွှေနစတုက္ခရံ။

ကပ္ပံဗန္ဓိတွာလိခိတ္တံ။ပဥ္စတိံ သာမိကံသတံ။နဝပါဠ္ သာဓိပွါယံ၊ ပကၡိဝိတွာဌပေမိကံ။

ဇိနစက္ကဿ သမ္ဗုဒ္ဓေ။ သက္ကရာဇေဿဆပ္ပါကာ၊ ဇေဋ္ဌကာလသ္မိံ ပုဏ္ဏမျာ။ ရဝိနိဒ္ဓ စမလ္လာရေ။
စတုက္ခရာ ဘာဝါမျာဟံ။ ဝိန္တဂါပောန စေတသာ။
သိဒ္ဓိဂတောဝသိဒ္ဓန္တာ၊ ။ဇာနန္တုတဏ္ဍ ဝိပါကာနေ့သာ။

နိဂုံးဂါထာအနက်။

ထုမ်းသစ်ဇုတိဝံယေ။ပေါ်သွ ကြေရာ။လောင်းရာဇာ သည်။ စကြာ ရွှေဘောင်။ ဝင်းဝင်းပြောင်နှင့်။ ပြောက် တောင်ပြုပွါ။ ပန္တိမာသို့။ မကြာလျှင်ဆော။ လည်သော အခါ။ ကောသာဆံရစ်။ ထုံးစသစ်ဟု။ သနင်မုကျ္ဍ။ အ မည်ရသော။ ဂါမေဂါဆရေ။ စေတီတုရား။ ရုပ်ပွားဆင်း တု။ သူမှုသူဒါန်း။ရဟန်းသင်္ဃာ။ ကျောင်းများဓွာနှင့်။နတ် ရွာနိဗ္ဗာန်။ ဖြောင့်မှန်ခရီး။ ရွာမြတ်ကြီး၌။ သန္တိယာ။မွေး ဖွါးဇာတိ။ ပဒိုသခွေအားဖြင့်။ ဇာတေန။ဖြစ်သော။လော ကနက္ခန၊ လောကခမ္မ။ နှစ်ဝနှစ်ပြင်ကို။ တတ်ချင်ရှာမှီး ခြင်း၌ါ အလိုရှိသော။ မယာ။ သဒ္ဓမ္မနန္ဒ။ နာမ သညာ။ သိက္ခာသက္ကရပြီးသောငါသည်၊ မဏ္ဍနဂရေ။ ပဝတ္တိအ ခါ၊ မြင်္ဂြာမြို့၌။ ငသန္တေ။သီတင်းသုံးနေစဉ်။ငါ။မဏ္ဍနဂ ရေ။ ကြည့်သေရာရော။လေးမျက်နှာ၌။လယ်ယာဥသျှာဉ် စည်ပင်သာယာ။ မြို့မတြောဝ်၌။ဝသန္တော။အရှေ့ပြုပွါ။သာ ယာလျှောက်ပတ်။ ကျောင်းမြတ် ဝိဟာရ။ အာဝါသအ တွင်၌။ ဘီတင်းသုံးနေစဉ်။ တနည်းကား။ ပါဒသတနဂ ရေ၌ လွှမ်းလေရှေးခါ။ မတ်တရာစီ။ အညီတောင်းခံ။ပါဒ သတာ်။ ဝေါဟာပညတ်။ သမုတ် အပ်သော ကြောင့် လည်း။ ကောင်းမြတ်သောသညာ။ မြို့မဏ္ဍရာ၌။တနည်း

-ကား။ အမရပ္ပသတနဂရေ။ ပြုမင်းရာဇာ။ ရေးအခါဝယ်။ တရားအမတ်တည်ထား။ စကားမှော်ကွန်း။ အာစဉ်ထွန်းသောကြောင့်လည်း။ ပထွန်းသညာ။ မဉ္ဇူာတွင်သောမြို့၌။ ဝသန္တေ။ သတင်းသုံးနေစဉ်။ စတုက္ကရုံ။ လေးတန်သိမ္မ။ ပြီးဘိမှန်စွာ။ ၄လုံးစာကို။ ရှာကြံရေ-ရှာကြံကြောင်းဖြစ်သော။ ကပ္ပ။ ကပ္ပလင်္ကာရကျမ်းကို။ ဗန္ဓိတွာ။ အမှကွရာ။ ဂါထာဗန္ဓန။ ပဒဘွဲ့၍။ လိင်္ဂတ္တံ။ သန္ဓိပုဒ်ပါ၍။ စပ်၍အကျဉ်းသန့်ရှင်းသေသပ်။ ရေးထားအပ်၏။ တံဗန္ဓံ။ ထိုအကျဉ်းဖြင့်။ သန့်ရှင်းကောန်။ အမှန်ဖွဲ့ထားအပ်သော။ ဂါထာပေါင်းသည်။ ဂဏနေနေ။ အရေအတွက်အားဖြင့်။ ပဉ္စတိံသာဓိကံသတံ။ သုံးဆဲ့ငါးဂါထာ။ အလွန်ရှိသော။ ဧပါးသောမှော်အင်းနှင့်တကွ။ တရာသော။ ဂါထာရှိသည်ဟောဘိ။ ဖြစ်၏။ သာဓိပ္ပါသံ။ အဓိပ္ပါယ်နှင့်တကွ။ အင်းချကိန်းခန်း။ ဆန်းရာသီ၉-လီမှော်စာ။ စကားလင်္ကာရကိုလည်း။ နဝပါဌ်။ အသစ်တဖန်။ ပါဌ်ဖွင့်ပြန်၍။ (ဝါ) ပါဌ်သစ်။ ပကာသိတွာ။ ဂါထာသုံးဆဲ့တစ်။ အသစ်ထည့်သွင်း၍။ မွဲပေမိဋ္ဌမိတဗ္ဗံ။ ပါဋ္ဌိပုဒ်ပါဌ်။ အစပ်မပျက်။ အနက်ပေး၍။ ရေးထားအပ်၏။

တံကပ္ပံ။ ထိုငါရေးအပ်သော။ ကပ္ပါလင်္ကာရ။ စမကျမ်းသည်။ ဇိနစက္ကသာ။ သုံးလူထွန်းထား။ ဘုရားမြတ်စွာ။ သာသနာဘော်၏။ (ဝါ) သာသနာတော်သည်။ စမလ္လာရေ။ နှစ်ထောင့်သုံးရာ။ ငါးဆယ်ခြောက်နှစ်ပြီ၊ သမ္ဘတ္တေ။ ကောင်းစွာရောက်လတ်သော်။ ဃဿပါကော။ တံထောင့်တရာ။ ခုနှစ်ဆယ်လေးခုဖြစ်သော။ သက္ကရာဇ်၊

ဂေါဇာ သဏ္ဌာရောဇ်၌၊ ဇေဋ္ဌကာလသသ၊ ဝဏ္ဏမျှရဝီ၊ နယုန်လပြည့်၊ တနင်္ဂနွေနေ့၌၊ နိဋ္ဌံ၊ ပြီး၏၊ ဝါ၊ ပြီးပြီ၊ ဝါ၊ နိဋ္ဌံဂတံ၊ အပြီးသို့ရောက်၏။

အဟံ၊ ငါသည်၊ စတုက္ခရာ၊ စတုက္ခရေနိ၊ လေးလုံးအက္ခရာတို့ကို၊ စေတသာ၊ စိတ်ဖြင့်၊ (ဝါ) စိတ်စေတနာဝါသနာစေ့ဆော်၍၊ စိန္တာဂါဟေန၊ သေချာမှန်ကန်၊ ကြံဖန်ကောက်ယူနိုင်သဖြင့်၊ သိဒ္ဓိဂတော၊ ကာယ-ဓန-သုခ-ပီယဟူသော၊ လေးပါးသောသိဒ္ဓိသို့ရောက်သည်၊ ဘဝါမိ၊ ဖြစ်ရပါလို၏၊ အဟံ၊ ငါသည်၊ သိဒ္ဓိဂတော ဝ၊ သိဒ္ဓိလေးဖြာ၊ ချမ်းသာစွာရောက်သကဲ့သို့၊ ပါဏိနော ပိ၊ လောကဓမ္မ၊ နှစ်ဝနှစ်ဖြာကို၊ ဘောင်းစွာရှာသော၊ သတ္တဝါ၊ လူသူအပေါင်းတို့သည်လည်း၊ ဣစ္ဆိတတ္ထံ၊ အလိုရှိအပ်၊ နှစ်သက်အပ်သော၊ ခပ်သိမ်းသော အကျိုးသိဒ္ဓိသို့၊ သိဒ္ဓန္တု၊ ဂစ္ဆန္တု၊ ရောက်ကြပါစေကုန်သတည်း။

ကပ္ပတိတိကပ္ပေါ၊ ကင့်တံဩဿာတံဝါကပ္ပေါ၊ ကပ္ပတိဧတေနဝါကပ္ပေါ၊ အသံကရောတိတိအလင်္ကာရော၊ ကပ္ပသအလင်္ကာရော၊ ကပ္ပလင်္ကာရော၊ (ဝိဂ္ဂဟ်)

ကပ္ပတိ၊ ကြံတတ်၊ ပိုင်းခြားတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ကပ္ပေါ၊ ကပ္ပမည်၏၊ ဩဿဂန္ထော၊ ဤကျမ်းဦး၊ ဝါ၊ ဧတေန၊ ဂန္ထေန၊ ဤကျမ်းဖြင့်၊ စတုက္ခရေ၊ လေးလုံးသောအက္ခရာတို့ကို၊ ကပ္ပတိ၊ ကြံတတ်၊ ပိုင်းခြားတတ်၏၊ ဧသော ဂန္ထော၊ ထိုကျမ်းသည်၊ ကပ္ပေါ၊ ကပ္ပမည်၏၊ ဣစ္ဆိတံ၊ အလိုရှိအပ်၊ နှစ်သက်အပ်သော၊ ခပ်သိမ်းသောအကျိုးသိဒ္ဓိကို၊ သိဒ္ဓန္တု၊ ပြီးစေကုန်သတည်း။

ယခုအခါ၌။ ရှင်ဥတ္တမသိရိမထေရ်နှင့်၊ ရှင်သဒ္ဓမ္မနန္ဒမထေရ်တို့၏။ မူလကပ္ပါလက်ာရကျမ်း၏အနက်အဘွင့်ကို၊ အနှံ့အပြားအဆုံးနိဂုံးအထိဘွင့်ပြဖြေဆိုပြီးပြီဖြစ်ရကား။ မြန်မာလက်ာ စကားရတို့၏ အဘွင့်အဖြေကို မရေးသားမိ။ (ဆေးကားသည်ပင်။အင်းလျှင်သည်မှာ၊ ရွတ်ခါသည်နှင့်တန်ခိုးတင့်လိမ့်)ဟူသောစကားအရ၊ မိမိတို့၏အသက်ကိုရှည်စွာ မွေးမြူနိုင်သောရသာယနစမတော်ကြီးစီရင်နည်း‌ကိုပြဆိုပေအံ့။

ရသာယနစမဆေးတော်ကြီးစီရင်နည်း။

အယမ္ပန။ဤဆိုလတံ့သည်ကား။ဘောသဇ္ဇပိဋိ၊ဆေးကိုစီရင်ရာသောနည်းတည်း။ ။မရရော။ ယင်ပျားငယ်ရည်သည်။ ဒသတုလော၊ အကျပ်၁၀ချိန်၍ထည့်ရာ၏၊ ဇေဝံတထာ။ထို့အတူ။တောလံ၊ နှမ်းဆီကိုငင်း၊ဂေါနသပ္ပိ၊နွားနို့ထောပတ်ငင်း။ တာလတောလံ။ ထန်းဖိုတင်လဲကိုငင်း။ယုတ္တော။နှိုင်းသျှဉ်အပ်၏၊ဇုမေ။ ဤဆေးအစုတို့ကို။ ပိဏ္ဍာမယိဋ္ဌယ အကျရဘေသဇ္ဇကမေန။ ပိဏ္ဍာမယိဋ္ဌယအကျရာဆေးအစဉ်နှင့်။သမ္ဘယုတ္တာ။ ယှဉ်ကုန်သည်။ဟုတ္တာ။ဖြစ်၍။ ရတနတ္တယသဿ။ရတနာသုံးပါး၏။ ပူရဘောဇေ့မှ၊(၁၀)ဇေ့၌၊ လောဟာပတ္တံ။ သိမ်ဝင်သပိတ်ကို၊ဌပိတာ။တည်၍။ အန္တရေ။အတွင်း၌။ ဟိင်္ဂုလကာံ။ဟင်းသပြဒါးကိုလည်းကောင်း။ သုဝဏ္ဏဟိရိတာလံ။ ဆေးဒါန်းရွှေဝါကိုငင်း။ မနောသိလာ။ မြင်းသိလာကိုလည်းကော်င်း။ ဇာတရူပေန။ရွှေစင်နှင့်။ယုတ္တံ ဝ။ ယှဉ်ကုန်လျက်၊ ပတုအကျရပိဋိ ။လေးသုံးသောအကျရာအင်အရှင်ကို။ လိက္ခိ

တွာ။ရေးပြီး၍။ဗုဒ္ဓသသ။ပြတ်စွာဘုရား၏။ဓေသိတံ။ဟော
တော်မူအပ်သော။ ဆဒ္ဒိသာပါလသုတ္တံ။ ဆဒ္ဒိသာပါလ
သုတ်တော်ကို။သဏ္ဍာနွ ။ရှိသောစွာ။ပမ္မာနံ။ချွတ်ဆိုကုန်၏။
ပရံ။နောက်၌။ သံဥဏ္ဏရပ္ပဆိန္နာနံ။အထက်၌ပြတန်မျက်နှာ
ကြက်မိုးခြင်းတို့ကိုရင်း၊ ပရိက္ခိပိတွာ။ ခာဇမတ်ကွက်
ကာရံ၍။ပစေယ။ချက်ရာ၏။သော၊ထိုချက်သေါသူသည်
သီလာပဟိ။သီလတို့ဖြင့်။ပရိပူရေတွာ။ ပြည့်စုံစေ၍။ဗုဒ္ဓါ
ဒိရတနတ္တယဂုဏံ။ ရတနာသုံးပါး၏ဂုဏ်ကို။ မနသီကာရ
တွာ။နှလုံးသွင်း၍။ပစတိ။ချက်ရာ၏။ပဆိတ္တာ။ချက်ပြီးသော
နောက်မှ။ ရတနတ္တယပူဇတော။ ရတနာသုံးပါးရှေ့မှ။
(ဝါ,ရှေ့၌။ငြိတာ။တည်၍။ဗုဒ္ဓါဒိနံ။ ဘုရားစသောရတနာ
သုံးပါးတို့ကို။ ဝိသုံဝိသုံ။အသီးအသီး၊ ပရိဆိန္ဒိတွာ။ပိုင်း
ခြား၍။ ဒဒေယျ။ ပေးလှူရာ၏။ တတော။ထိုသို့ပေးလှူပြီး
နောက်။ဇုတိပိသောဘာဂဝါအရပ်၊သဇ္ဈဒေဝါနံပိုင်မမ
ချဉ်း ဆရာချဉ်း ကပ်ဆရာကပ်။ ။ဇုမံဂါထံ။ ဤဂါ
ထာကို။ သဟဿံ၊ တထောင်။ပစ္စန္တံ။ ချွတ်ဆိုရကုန်၏။
တံဘောသဇ္ဇံ။ထိုဆေးကို။ သဇ္ဈနရော။ ခပ်သိမ်းသောလူ
သည်။ ရတ္တံ။ အိပ်ရာဝင်ညဉ့်အခါ၌၊ အမ္ဗိလကာနိပမာ
ဏံ။ဆီးဖြူသီးပမာဏရှိသောဆေးကို။ဗုဒ္ဓါဒိဂုဏံ။ဘုရား
စသော အပေါင်း၏ဂုဏ်ကို။ အာဝဇ္ဇေတွာ။ ဆင်ခြင်၍။
ဘုဉ္ဇေယျ၊စားရာ၏။ပါတော။နံနက်စောစောအခါ၌။ပယော၊
နွား...ကိုရင်း။တံ၊ ထုံ...နို့ကို။အလဘမာနေ။ မရသည်
...သော်။တိတော ဒကံ။ရေကိုရင်း၊ ငဝေ။သောက်ရာ၏။
ဒိဝါ။နေ့အခါ၌။ဥဒကံ၊ရေကို။နယေယျ။ချိုးရာ၏။ ဝေငကာ

၂ ရက်နာမ၊ ဤသို့ပြုရခြင်းသည်ကား။ ဝိဇ္ဇာမယိဒ္ဓိဘောသဇ္ဇဂန္ထေ။ ဝိဇ္ဇာမယိဒ္ဓိဘောသဇ္ဇဆေးကျမ်း၌။ အာဂတော။ လာသော။တဇ္ဇော။အကျိုးတည်း။

မှတ်ရန်။ ။အထက်ပါ အညွှန်းမှာ။ ရေးပုရပိုဒ်တစောင်အတွင်းတွေ့ရှိသောမူအတိုင်းမသုတ်သင်ဘဲထည့်သွင်းဘော်ပြခြင်းဖြစ်သည်။

အညွှန်းအတိုင်း။ ရသာယနဝိဇ္ဇာမယိဒ္ဓိစမဆေးတော်ကြီးချက်ရန်အင်အစဉ်တို့ကား။ သိမ်ဝင်သံသပိတ်တလုံးကိုယူ၍။ အင်္ဂါရချက်ညီ-နက္ခတ်ကြုံသောအခါ။ ကြုံသောငါတ်အတိုင်းသပိတ်အတွင်း၌။ စမတံဆိပ်များကို။ ဆေးဒါန်းရွှေဝါ။ ဟင်္သာပြဒါး-မြင်းသီလာ-တို့ကိုဖျော်၍။ ရွှေဆိုင်း၂၅ဆူချ၍ရသောရွှေမှုန့်ဖြင့် ရောပြီးနောက်။ ရေးသားရမည်။ရေးရန်အစဉ်မှာ။

ပဌမ။ ။သင်္တ်အလယ် တည့်တည့်၌။ ဗုဒ္ဓစတု ကြက်ခြေခတ်ရမည်။

ဒုတိယ။ ။ဗုဒ္ဓပါတ်၄-ပါးပုံကို ကြက်ခြေတွင်ဆင့်ရမည်။

တတိယ။ ။ပထဝီနက္ခတ် ကြုံမ်လျှင်။ ပထဝီစမ(က)ကို အပေါ်ဘက်ကထား၍။က-ဍ-သ-ည-ကို။ ထက်တောင်မြောက် အနောက်ဟူသော။ ဝိထိကောက်အတိုင်း ရေးရမည်။

စတုတ္ထ။ ။စမအက္ခရာ ၄-လုံးအကြားတွင်။ သမ္မာ ဗိန္ဒုတ်တံဆိပ်ပုံခတ်ရမည်။

ပဉ္စမ။ ။စမငဝဇ္ဇုတံဆိပ်ပုံတော်ဝန်းရံရမည်။

ဆဋ္ဌမ။ ။ဂြိုဟ်တံဆိပ်ဒုံရေးသားရမည်။

သတ္တမ။ ။သောမဂြိုဟ် ၄-လုံးကို။ သမာဓိနှင့်တံဆိပ်ပုံ ညှပ်ရမည်။

အဋ္ဌမ။ ။စကြာဝဠာပုံဝန်းရံရမည်။

အောက်ပါပုံစံမှာ။ပထဝီတံဆိပ်ခတ်ဒုံဖြစ်သည်။



တံဆိပ်ခတ်ပုံကိုအောက်၌ခွဲခြား၍ဘော်ပြလိုက်သည်။

 စကြာဝဠာပုံ။

 ဓာတ်ပါတ်၄-ပါးပုံ။

ဗုဒ္ဓစတုကြက်ခြေပုံ။

ရ
ည သ
က အက္ခရာတော်ပုံ။



ဗိန္ဒုတံဆိပ်ပုံ။

ကြုံဟ်တံဆိပ်ပုံ။



သမာဓိနတ်တံဆိပ်ပုံ။

ဤကဲ့သို့ သိမ်ဝင်သပိတ်ကို။ တံဆိပ်ခတ်ပြီးနောက်။ နှမ်းသီ-၁ဝိ။ ထောပတ်-၁ဝိ။သကာ-၁ဝိ။ ယင်ပျားရည် ၁ဝိ။ဤ၄ဝိ-သားကိုသပိတ်တွင်ထည့်၍ ဆေးချက်မည့်နေ ရာကိုမျက်နှာကြက်မိုး။ရေဇမတ်ကာ။ခြသေ့်-ဂဠုန်-နဂါး ဒိုခနောက်ပေါ်တွင်။ ဆီးသားထင်း။ ဆီးသားယောင်းမ နှင့်ချက်။ချက်သောသူသည်။ဝတ်ဖြူကိုဝတ်လျက်။ သီလ ကိုခံယူပြီးနောက်။ဘုရားဂုဏ်တော်ဆိုင်ရာ။အောက်ပါဂါ ထာတို့ကို ရွတ်ဆိုပြီးနောက်။ ဆံဒိသာပါလ သုတ်ကို။ ဆေးမကျက်မခြင်းရွတ်ဆိုရမည်။

ဆေးချက်ရာတွင်ရွတ်ရမည့်ဂါထာများ။

၁။ ပိသုဒ္ဓ ကရုဏာဥာဏံ။
ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။
ဓမ္မံ သဒ္ဓမ္မ သမ္ဘူတံ။
နတွာ သံဃံ နိရင်္ဂဏံ။ ။

၂။ နာညတြ ဗောဇ္ဈာ တပသာ။
နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗ နိဿဂ္ဂါ။
သောတ္ထိံ ပဿာမိ ပါဏိနံ။ ။

၃။ ကရောကရော တမ့် မောစာ။

ပဇော ဝေသိ ဇနမ္ဗုဇ်။
ဓပေဝတ္တာ ဓမ္မရံ သိပ်ဟိ။
ဝရံသော ဒေတုမေ ဇယံ။ ။
၄။ ယသ္မိ တမ္ဗ ယသော ဒေန္တော၊
ဂမိတဗ္ဗ ဂမာဒိကော။
ဗလံ မာရဿ ယောဇိနော။
ဝရံသော ဒေတုမေ ဇယံ။ ။
၅။ အတုလ အစ္စန္တ ဓမ္မဒေသက ဝရံ။
တိလောကေသု-သဗ္ဗဓမ္မ ဒေသကာနံ။
ကေနစိ လောကေ-အပဝတ္တိတံ။
ဓမ္မစက္ကံ ဝန္ဒေသော သမ္ပါလေတု
မုနိပုင်္ဂဝေါ ။
၆။ စိန္တာမဏိ ရတနာနိ။
ဇုဋ္ဌံ ဇုဋ္ဌရတနာနံ။
ကရံကရတိ သရဏံ၊
ဒိပ္ပမေဝ သမိဇ္ဈတု။ ။
၇။ စိန္တာမဏိ ရတနာနိ။
ဓမ္မံ ဓမ္မရတနာနံ။
ကရံကရတိ သရဏံ။
ဒိပ္ပမေဝ သမိဇ္ဈတု၊ ။
၈။ စိန္တာမဏိ ရတနာနိ။
သံဃံ သံဃရတနာနံ။
ကရံကရတိ သရဏံ။
ဒိပ္ပမေဝ သမိဇ္ဈတု။ ။

၉။ ဖုဿော လောကေ သမုပ္ပန္နော။
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ
တေ ဟောတု သဗ္ဗဒါ။ ။

၁၀။ ဓမ္မော လောကေ သမုပ္ပန္နော။
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ
တေ ဟောတု သဗ္ဗဒါ။ ။

၁၁။ သံဃော လောကေ သမုပ္ပန္နော။
ပုညခေတ္တံ အနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန။
သောတ္ထိတေ ဟောတု သဗ္ဗဒါ။

၁၂။ အဟောဗုဒ္ဓါ နမုပ္ပါဒေါ။
ယတော သဗ္ဗေပိ-အန္ဓကာ။
လောကေ ဒသ သဟာဿသ္မိံ။
ပိသုံရုပါနိ-ပဿရေ။ ။

၁၃။ အဟောဗုဒ္ဓါ နမုပ္ပါဒေါ။
ယံခဏေပိဋ္ဌ, သပ္ပယော။
လောကေဒသ သဟာဿသ္မိံ။
ဂန္ဓန္တိ ဝေဒိသော ဒိသံ။ ။

၁၄။ အဟောဗုဒ္ဓါ နမုပ္ပါဒေါ။
သဗ္ဗေ မူဂါပိယံ ခဏေ။
လောကေဒသ သဟာဿသ္မိံ။
ဝါစံ သက္ကောန္တိ ဘာသိတုံ။

၁၅။ ဥတ္တမော ပဝရော ဗုဒ္ဓေါ။
ဥတ္တမံ ဓမ္မံ ဒေသယိ၊
ဥတ္တမောစ သံပတ္တာနံ၊
ဥတ္တမဿစ မေ နမော။ ။

၁၆။ ဣဒ္ဓိခ-ဗုဒ္ဓိသမ္ပန္နော၊
ဗုဒ္ဓိတေဇော တတာဂတော၊
ဣဒ္ဓိယာ သောဘာဂဏော ဗုဒ္ဓေါ။
ဗုဒ္ဓိမန္တဿ မေ နမော၊

၁၇။ တိလောကဂ္ဂံ တိပူဇေယျံ။
တိဗုဒ္ဓံဟံ တိဓါနမေ။
တိပိဓေန တိခဂ္ဂေန။
တိဝါနဂ္ဂံ တိပါပုဏံ။ ။

၁၈။ နမောတဿ ဘဂဝတော
အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁၉။ ဗုဒ္ဓါနံ နုသက္ကာ၊
ကောနုပိ အန္တရာယော ကာတုံ၊
တထာ မေ ပေါတု။ ။

၂၀။ ဝိပဿိဿစ နမတ္ထု၊
စက္ခုမန္တဿ သိရီမတော။ ။

၂၁။ နရာ နရဟိတာ ကရံ၊
နရ ဓေဝေဟိ ပူဇိတံ၊
နသိတ္တံ ကာမပင်္ဂေဟိ၊
နမာမိ သုဂတံ ဂတံ။ ။

၂၂။ ယံသဿ ဘောဂါစ ပညာစ။

ယသ္မိံ သမ္ပဇ္ဇ ဗုဒ္ဓါနံ။
ယဇိတွာ ဓမ္မံ သံဃဉ္စ။
ယသ္မိံ အမတံ ပဒံ။

၂၃။ ယာနီဓ ဘူတာနိ သမာဂတာနိ။
.... အပ္ပမတ္တာ။ ။

၂၄။ နမော တဿ ဘဂဝတော
အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၂၅။ ဣတိပိ သော ဘဂဝါ အရဟံ။
သမ္မာ သမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော။
သုဂတော လောကဝိဒူ။
အနုတ္တရော ပုရိသ ဓမ္မသာရထိ။
သတ္ထာ ဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

၂၆။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ။
ဗုဒ္ဓဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ။
ဝိပါကော-ဟောတိ အစိန္တိယော။

၂၇။ ဧဝံ အစိန္တိယာ ဓမ္မာ။
ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ။
ဝိပါကော-ဟောတိ အစိန္တိယော။

၂၈။ ဧဝံ အစိန္တိယာ သံဃာ။
သံဃဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ။
ဝိပါကော-ဟောတိ အစိန္တိယော။

၂၉၊ ဗုဒ္ဓေါ ပစ္စေကာတိ-ဗုဒ္ဓဖြံ၊
ဗုဒ္ဓနာမံ လဘန္တိ သော၊
ဗုဒ္ဓတိ-ခဗ္ဗမူလာနံ၊
ဗုဒ္ဓါနိဒ္ဒံ-နမာမဟံ။

၃၀။ ဓမ္မန္တေ ကော-သာသပေ ဂန္တွေ၊
စက်မတိ ဓမ္မတောစိတော၊
ဓမ္မန္တေ ကော စက္ကဝါဠမ္ဘိ။
အတ္တဘာဝေန ဆာဒယော၊

၃၁။ ယသသ ဘောဂါစ ပညာစ၊
ယသန္တိ သဗ္ဗဗုဒ္ဓါနံ၊
ယဇိတွာ ဓမ္မ သံဃာဋ္ဌ၊
ယသန္တိ အမတံ ပဒံ၊

၃၂၊ သဗ္ဗေ ဗုဒ္ဓါ ဓမ္မိပစ္စာ၊
ပစ္စေကာနဥ္စ ယာဓမ္မိ၊
အရဟန္တာနဥ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

အမှာ၊ ။အထက်ဂါထာမှာ၊ အရပ်ရှစ်မျက်နှာကို ဇွေးဆောင်စည်းချပါးလ၊

၃၃။ နမော တဿ ဘဂဝတော။
အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၃၄၊ သံသာရ စက္က ဝိဒ္ဓံသံ၊
သံသုဒ္ဓ မဿ ဩဝရသံ၊
သံဆိန္နကံ ဘဝ အာသံ၊
သံယံ အာဝိ သုမာနသံ၊

၃၅။ စက်ပရိတ်တော်ဘိုရွတ်ဘတ်ပါ။
၃၆။ ဇယန္တော-ဗောဓိယာမူလေ။
သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလံ၊
အပရာဇိတ ပလ္လင်္ကေ၊
သီသေပုထု ပိုက္ခလေ၊
အဘိသေ ကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။ ။
၃၇။ သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ၊
ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ၊
ပဏိဓီတေ ပဒက္ခိဏာ။
ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။ ။
၃၈။ အနန္တော ဗုဒ္ဓဂုဏ္ဏံ။
အနန္တော ဓမ္မဂုဏ္ဏံ၊
အနန္တော သံဃဂုဏ္ဏံ၊
အနန္တော မာတာပိတုဂုဏ္ဏံ၊
၃၉။ သိဒ္ဓိကိစ္စံ-သိဒ္ဓိကမ္မံ၊

သိဒ္ဓိကာယင်-တထာဂတံ၊
သိဒ္ဓိကဉ္စဝ သဉ္စာဒံ၊
သိဒ္ဓိပတ္တသ မေနမော။

၄၀။ ဆဒ္ဒိသာပါလသုတ်ကိုရွတ်ပါ။

ဆေးကျက်သောအခါ၊ ဆေးအနည်းငယ်ကို သုံးလုံးလုံး၍၊ ဘုရားတလုံး၊ တရားတလုံး၊ သံဃာတလုံး ရှေးဦးစွာပေးလှူရာ၏။

ဤသို့ ပေးလှူပြီးနောက်၊ ရဿသန ဝိဇ္ဇာမယိဒ္ဓိစမ ဆေးတော်ကြီးကိုမြိုချလိုသူသည်၊ မြတ်စွာဘုရား၏အထံ၌၊ အောက်ပါအတိုင်းသစ္စာမှု၍ဆုတောင်းရာ၏။

သစ္စာမှုစာတမ်း။

ဩဝြင်းနမောဗုဒ္ဓသ၊ ဩဝြာင်းနမောဓမ္မသ၊ ဩဝြာင်းနမောသံဃသ၊ ဤသည်၊ မှန်ကန်သော၊ မြတ်သောသစ္စာစကားကိုဆိုပါသည်၊ အလုံးစုံသော၊ လူနတ်ဗြဟ္မာသတ္တဝါ ဝေနေယျတို့သည်၊ ကြားသိစေသတည်း။ ။လောကသုံးပါး၌ ဘုရားမြတ်စွာ၊ ရတနာသည်၊ မြတ်ကုန်၏၊ လောကသုံးပါး၌၊ တရားတော်မြတ်ရတနာသည်၊ မြတ်၏၊ လောကသုံးပါး၌၊ သံဃာတော်မြတ်ရတနာသည်၊ မြတ်၏၊ ထိုသို့မှန်ကန်သောသစ္စာစကားကို၊ ပြောဆိုသဖြင့်၊ ဤဆဒ္ဒကသုတ္တာ၌၊ ပွင့်တော်မူကုန်သော၊ ကောဏ္ဍညသံကုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ ၄-ဆူသောဘုရားတို့ရှင် ကိုရည်သန်တောင့်တ၍၊ ၄-လုံးသောစမအေကန္တာ ရာတို့ကို ဝိုင်းခြားပြီးလျှင်ဘုရားမြတ်စွာဟောကြားတော်မူသော၊ ဆဒ္ဒိသာပါလသုတ်တော်၌ လာကုန်သော၊ မြောက်ရပ်

ခြောက်ဌာနတို့၌ တည်ကုန်သော။ နှင်ကျိုပ်လေးပါးကုန်
သော။သမာဓေဝနတ်မြတ်အပေါင်းတို့နှင့်တကွ။တနင်္ဂနွေ
ဂြိုဟ်၊တနင်းလာဂြိုဟ်။အင်္ဂါဂြိုဟ်။ဗုဒ္ဓဟူးဂြိုဟ်။စနေဂြိုဟ်
ကြာသပတေးဂြိုဟ်။ ရာဟုဂြိုဟ်။ သောကြာဂြိုဟ်၊ ဟုဆို
အပ်ကုန်သော။ရှစ်လုံးသောဂြိုဟ်တို့ပါ။ ရေးသားတံခင်ပ်
ခပ်၍။ မြတ်သောရသာယန ဝိဇ္ဇာမယဆေးတော်အစီအ
ရင်ကို။ ဦးရင်ချက်ပြုတ်ပါသည်။ ဤမြတ်သော။ဝိဇ္ဇာမယ
ဆေးတော်ကို။ သမာဒေဝ နတ်မြတ်အပေါင်း တို့သည်။
အမြဲ စောင့်ရှောက် အပ်ကုန် သည်ဖြစ်၍။ အတိုင်း မသိ
သော။ အကျိုးကို ပေးစေ သတည်း။ အားလုံးသော
ယောကျ်ား မိန်းမတို့မြင်လျှင်။ လွန်စွာ ချစ်စေသတည်း။
ဤဝိဇ္ဇာမယဆေးတော်ကို။ စားသောက်ရသော ရဟန်း
ရှင်လူတို့သည်။ အသက် ၁၀၀၀ ရှည်စေသတည်း။သူ
တပါးတို့၏ အကြံအစည်ကို၊ သိစွမ်းနိုင် စေသတည်း။
စေးသောအရပ်ပင်ဖြစ်ညားသော်လည်း။အနီးသို့ရောက်
အောင်။ လျင်မြန်စွာသွားလာနိုင်စေသတည်း၊ ကျည်ကျ
ဘဏ္ဍာအိပ်ရာတို့ကို။ဘန်ဆင်းနိုင်စေသတည်း။ ကောင်း
သောအိပ်မက်ကို မြင်မက်စေသတည်း။ မကောင်းသော
အိပ်မက်ကို။မမြင်မက်စေသတည်း။ကောင်းသောတိတ်နိ
မိတ်ကိုမြင်စေသတည်း။မကောင်းသောတိတ်နိမိတ်ကို။မ
မြင်ရစေသတည်း။မရသေးသော။စည်းစိမ်ဥစ္စာ။ ရတနာ
ရွှေငွေအပေါင်းတို့ကိုရစေသတည်း။ရပြီးသောစည်းစိမ်း
ဥစ္စာရတနာရွှေငွေအပေါင်းတို့သည်ကြီးကျယ်ပြန့်ပွါးများ
ပြားစေသတည်း။ ရေမီးမင်းခိုးသူ။ မချစ်မနှစ်သက်သော-

သူ့ပဟုဆိုအပ်သော။ ရန်သူအန္တရာယ်အပေါင်းကိုလည်း။ ပယ်ရှား၍တားမြစ်နိုင်စေသတည်း။ ရောဂန္တရကပ်။ သတ္တန္တရကပ်။ ဒုဗ္ဘိက္ခန္တရကပ်ဟုဆိုအပ်သောကပ်သုံးပါးတို့မထိမရောက်နိုင်စေသတည်း။ဦးခေါင်း၌ဖြစ်သောအနာသည်၎င်း။နှာခေါင်း၌ဖြစ်သောအနာသည်၎င်း။လျှာ၌ဖြစ်သောအနာသည်၎င်း။ ခံတွင်း၌ဖြစ်သောအနာသည်၎င်း။သွား၌ဖြစ်သောအနာသည်၎င်း။ နှုတ်ခမ်း၌ဖြစ်သောအနာသည်၎င်း။ မေး၌ဖြစ်သောအနာသည်၎င်း။ လည်၌ဖြစ်သောအနာသည်၎င်း။ လက်၌ဖြစ်သော အနာသည်၎င်း။ချေ၌ဖြစ်သောအနာသည်၎င်း။ဝမ်း၌ဖြစ်သောအနာသည်၎င်း။ ကျောက်ကုန်း၌ဖြစ်သောအနာသည်၎င်း။ အရိုး၌ဖြစ်သောအနာသည်၎င်း။ အသား၌ဖြစ်သော အနာသည်၎င်း။ အရေ၌ဖြစ်သော အနာသည်၎င်း။ အလုံးစုံသောကိုယ်၌ဖြစ်သောအနာသည်၎င်း။ ၂၅ပါးသောဘေးတို့သည်၎င်း။ ၃၂ပါးသောကံကြမ္မာတို့သည်၎င်း။ ၉၆ပါးသော ရောဂါတို့သည်၎င်း။ ၁၆-ပါးသော ဥပဒ္ဒဝေါတို့သည်၎င်း။ပျက်စီးစေကုန်သတည်း။ငြိမ်းစေကုန်သတည်း ပြောင်းနမောဗုဒ္ဓဿ။ ပြောင်းနမောဓမ္မဿ။ ပြောင်းနမောသံဃဿ။

ဤသို့သစ္စာမှုပြီးနောက်။ထိုဆေးဘော်ကြီးကိုညအိပ်ရာဝင်လျှင်။ ဖီးပြုသင်းခန့်နေ့တိုင်းစားမျိုရာ၏။ နံနက်စောစော၌နွားနို့ကိုသောက်ရာ၏။နွားနို့မရခဲ့သော်။ရေနွေးကိုသောက်ရာ၏။ နေ့လယ်ပွန်းတီးအချိန်ခန့်တွင် ရေချိုးရာ၏။ ဤအစီအရင်အတိုင်းဖြဲ့ဝမှု။ ဆံမဖြူခြင်း။ သွားမကျိုးခြင်း

ရောဂါအနာဟူသမျှကင်းခြင်း။ အဆင်းလှခြင်း။ ခွန်အားကြီးခြင်း။ အသက်ရှည်ခြင်း။ အကျိုးကိုခံစားရလိမ့်မည်ဟူသတည်း။

ပဋ္ဌမတွဲဤတွင်ပြီး၏။